


www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ပဋ္ဌ ဂုဏ် အဟံ ဝန္ဒာမိ

ရဲဝင်းအောင် — ဝရဇိန်ခြောက်သွယ်သိုင်းပစ်လယ်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် — ၆၀၃/၉၀(၁၂)

အတွင်းခွင့်ပြုချက်အမှတ် — ၆၂၉/၉၀(၁၂)

ပုံနှိပ်မှတ်တမ်း — ပထမအကြိမ်
၂၀၀၀၊ ဖေဖေါ်ဝါရီလ

အုပ်ရေ — ၅၀၀

တန်ဖိုး — ၂၂၀ ကျပ်

ထုတ်ဝေသူ — ဒေါ်ရွှေအိမ် (တိုင်းလင်းစာပေ)
အမှတ် (၈/၆၅)၊ အုပ်စု-၁၊
အောင်သိဒ္ဓိလမ်း၊
စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် — ဦးဇေကျော်စိန် (မြ-၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်
အမှတ် (၁၇၁၊ ၃၃ လမ်း)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖြန့်ချိရေး — မြိတ်စာပေ၊

စီစဉ်သူ — ကိုလှနိုင်

အထက်မြန်မာပြည်ဖြန့်ချိရေး — နဂါးစာပေ၊ မန္တလေး။

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

× × ×

စည်းကမ်းလိုက်နာ အေးကာချမ်းသာ
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

× × ×

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

www.burmeseclassic.com

ရဲဝင်းအောင်

# ဝရဇိန်ခြောက်သွယ် သိုင်းပင်လယ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

### 'တာလီပြည်မှ ရွှေနဂါးကျောင်း'

ကောင်းကင်ကြီးတစ်ခုလုံးအား အပြာရောင် သမ်းနေပေသည်။

တိမ်တိုက်ဖြူများက နဂါးကြီးတစ်ကောင် သွယ်တန်းထားသလိုပင်။

တိမ်စိုင်ခဲများနှင့် ထုဆစ်လျက် ကောင်းကင်ပြာကြီးပေါ်၌ ရွေ့လျားလျက်ရှိသည်။

အလွန်လှပသော ချီဘန်တောင်တန်းကြီးအား မှိုင်းညို့ညို့ နောက်ခံလျက် မြင်တွေ့နေရလေတော့သည်။

တာလီနယ်မှာ တိဗက်နှင့် တရုတ်ပြည်မြောက်ပိုင်း နယ်စပ်နယ်မြေဖြစ်သည်။

အလွန်ပင် စိမ်းစိုလှပသော နေရာကလေးတစ်ခုပင်။

ထိုသို့ နေရာကလေး၌ လာရောက်နေထိုင်သူများမှာ တရား ဓမ္မနှင့် မွေ့လျော်သူများဖြစ်ပြီး ဆိတ်ငြိမ် အေးချမ်းမှုအား လွန်စွာ မြတ်နိုးတတ်သူများပင် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



တာလီဘုရင်ကြီးလက်ထက်၌ ပုန်ကန်ထကြွမှုများ ရှိခဲ့ကြသည်။

ထို့ကြောင့် ပြည်သူလူထုမှာ ငြိမ်းချမ်းသော ရေကြည်ရာ မြက်နုရာကို ရှာဖွေခဲ့သည်။

မင်းမင်းဆက်လက်ထက်၌တိုင်းပြည်အေးချမ်းမှုရှိသွားသော အချိန်၌ ထိုနယ်စပ်နေရာလေးတွင် လူဦးရေ တော်တော် များများ ရောက်ရှိလာခဲ့ကြသည်။

များသောအားဖြင့် တရားဓမ္မကို အားထုတ်သော ဘုန်းတော်ကြီးများပင် ဖြစ်ကြသည်။

မိုးနဂါး ကျောင်းတော်ကြီးကား တာလီနယ်၌ ထင်ရှား ကျော်ကြားဆုံးပင် ဖြစ်လေသည်။

အဝေးကပင် ခန့်ညားထည်ဝါဆုံး ကျောင်းတော်ကြီးကို မြင်တွေ့နိုင်သည်။

ကျောင်းထိုင် ဆရာတော်ကြီး၏ အမည်မှာ 'မင်ဝမ်'ဖြစ်သည်။

ဆရာတော်ကြီး၌ လျှို့ဝှက်နက်နဲသော စရိုဇိန့်ခြောက်သွယ် သိုင်းကျမ်းရှိသည်။

ဆရာတော်ကြီး၏ စိတ်ဓာတ်မှာ ပြတ်သားပြီး တရားမျှတမှုဖြင့်သာ အရာရာကို သတ္တိရှိစွာ ရင်ဆိုင်တတ်သဖြင့် တစ်နယ်လုံးက ကြည်ညိုလေးစား၍ မဆုံးနိုင်လောက်အောင်ပင် ဖြစ်နေမိသည်။

ထိုနေ့တစ်နေ့ ဆရာတော်ကြီးမင်ဝမ်၏ သိက္ခာထပ်ပွဲကျင်းသည့် နေ့မြတ်မင်္ဂလာပင် မဟုတ်ပါလား။



နှစ်ကျောင်းဆိုင်ချုပ်ကြီး ထိန်ကျင်းနှင့်အတူ ဘုန်းတော်ကြီးများက ကျယ်ဝန်းသော ဘုရားဝတ်ပြုသည့် ခန်းမဆောင်ကြီး အတွင်း၌ စီတန်းဝိုင်းရံလျက် ဆရာတော်ကြီးအား ပူဇော်ဂါရဝပြုနေမိကြသည်။

တိတ်ဆိတ် ငြိမ်သက်မှုအား အာရုံပြုနေဆဲအချိန်၌ ခန်းမဆောင်အတွင်းသို့ ညီတော် ကျွမ်ကျင်းချည် ရောက်ရှိလာလေသည်။

ကျောင်းထိုင်ဆရာတော်ကြီး မင်ဝမ်မှာ မမျှော်လင့်ဘဲ ညီတော် ကျွမ်ကျင်းချည်ကို မြင်လိုက်ရသဖြင့် အံ့အားသင့်သော မျက်လုံးများဖြင့် အကဲခတ်ရင်း လှမ်းကြည့်လိုက်မိသည်။

'သိက္ခာထပ်ပွဲကို ညီတော်ကိုယ်တိုင် ရောက်ရှိလာတာတာ အင်မတန်မှ ဝမ်းမြောက် ဂုဏ်ယူစရာပါပဲ၊ ကိုင်း... ညီတော် အထဲကို ကြွ'

ကျောင်းထိုင်ဆရာတော်က ပြုံးရွှင်ကြည်သာစွာ ဖိတ်ခေါ်လိုက်လေသည်။

'နောင်တော်ကို သတိပေးစရာရှိလို့ ရောက်လာခဲ့တာ ပဲ၊ သိက္ခာထပ်ပွဲကို အလယ်သက်သက် လာတာမျိုးတော့ မဟုတ်ပါဘူး'

ဦးရီးတော်စကားကြောင့် ကျောင်းထိုင်ဘုန်းကြီးမင်ဝမ်မှာ စိတ်အနှောင့်အယှက် ဖြစ်သွားမိသည်။

'ဆိုပါဦး ညီတော်'

'တာလီပြည်မှာရှိတဲ့တိဗက်မိုးနဂါးကျောင်းဟာ မကြာခင် ပြိုတော့မယ်၊ တိုင်းပြည်လဲ ပျက်မယ်၊ ဧါကြောင့် အဲဒီအရေး

www.burmeseclassic.com

www.burmeseclassic.com



ကို အာကွယ်ပေးနိုင်ဖို့အတွက် သိုင်းတတ်ကျွမ်းသူ လူတစ်ဦး ရှာရလိမ့်မယ်'

အတိတ်နိမိတ်မကောင်းသောစကားကို ကြားလိုက်ရသဖြင့် အထူးပင် တုန်လှုပ်မိသွားသည်။

မိုးနဂါးကျောင်းမှာ ဘုရင်မင်းမြတ်ကိုယ်တိုင် လေးမြတ်စွာ ပူဇော်ရသည့် ကျောင်းဖြစ်ပြီး ကျောင်းထိုင်ဘုန်းတော်ကြီး မင်ဝမ်အား အထူးသြဇာအာဏာပြည့်ရှိသည် မဟုတ်ပါလား။

အခုတော့ ထိုစကားကို အဘယ်ကြောင့်လာရောက်ပြောဆိုရသည်ကို စဉ်းစားလို့ မနိုင်အောင်ပင် ဖြစ်မိရသည်။

'ဒီကိစ္စတွေအားလုံးကို အာကွယ်ဖို့အတွက် သိုင်းလောကသားတစ်ယောက်ကို ရှာဖွေရမယ်လို့ ဦးရီးတော် ဆိုလိုချင်တာ နော်'

'ဟုတ်တယ်၊ အဲဒီ သိုင်းလောကသားက မီးညွန့်စားသိုင်း၊ ရှန်စ်ဆယ့်နှစ်ကွက်ကို ထက်မြောက်ပြီး ကိုယ်ပိုင် တီထွင်နိုင်တဲ့ မြတ်ဟိုးဉာဏ်ရှိသူဖြစ်ရမယ်...

'သူတို့ယှဉ်ရမှာက ဝရဇိန်ခြောက်သွယ်သိုင်းပဲ၊ ဒါ့ကြောင့် အဆင့်မြင့်ဆုံး သိုင်းသမားတစ်ယောက်ဖြစ်နေဖို့ လိုအပ်တယ်'

အသက်အရွယ်အတွေ့အကြုံရှိသည့်အလျောက် အမြော်အမြင် တဲ့မှုနေသမျှကို တိတိကျကျ ပြောဆိုလိုက်လေသည်။

ကျောင်းထိုင်ဆရာတော်ကြီးမင်ဝမ်မှာ ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း ပြောဆိုသမျှကို လေးနက်စွာ စဉ်းစားမိသည်။



ပြောဆိုနေခြင်းမှာ မင်္ဂလာရှိသောစကားများ မဟုတ်ပေ။ အမင်္ဂလာ ဖြစ်စေတတ်သောတိစ္ဆာသာ ဖြစ်သည်။

တရားမမှန်နှင့် မှော်လျှော်နေသူများဖြစ်၍ ငြိမ်းချမ်းစွာပဲ နေလိုသည်။

သိုင်းလောကအကြောင်းကို ခေါင်းထဲ သိပ်မထည့်သွားချင်တော့ပေ။

သို့ပေမယ့် အခုတလော ဆိုးသွမ်းသောင်းကျန်းနေသည့် အနက်ရောင်သိုင်းသမားများက နဂါးသိုင်းကျမ်းကို အလိုရှိကြသည်။ ထိုသိုင်းကျမ်းနှင့် ပတ်သက်လာလျှင် မိုးနဂါးကျောင်း၏ အမွေအနှစ်လစ်ခြားမဖြစ် နှစ်ပေါင်းများစွာ ထိန်းသိမ်းလာခဲ့ရသောကြောင့် ထိုအဖြစ်မျိုးကြုံလာလျှင် ရင်ဆိုင်ရပေတော့မည်။

'မိုးနဂါးကျောင်းဟာ ဝရဇိန်ငါးသွယ် သိုင်းကွက်ကို သာ တတ်မြောက်ကြတယ်၊ ဒါကြောင့် အစွမ်းသတ် အဆင့်မြင့်ဆုံးဖြစ်တဲ့ နေလက်ညှိုးသိုင်းကွက်ကို တတ်အောင်လေ့ကျင့်ရမယ်'

'တောလီပြည်က ညီတော် ကွမ်ယီကိုခေါ် လေ့ကျင့်ခိုင်းပြီး အိမ်ရှေ့စံထီးနန်းအရာကို လွှဲပေးလိုက်လို့မဖြစ်ဘူးလား'

ကျောင်းထိုင်ဘုန်းတော်ကြီး မင်ဝမ်၏စကားကို ဦးရီးတော်က ပြုံး၍ ဖြည်းညှင်းစွာ ခေါင်းခါယမ်းလိုက်ရင်း...

'ညီတော်ကွမ်ယီဆိုတာ၊ သိုင်းကိုစိတ်ဝင်စားသူ မဟုတ်ပါဘူး၊ အပျော်အပါးကို ခုံမင်လိုက်စားသူ သက်သက်ပါ၊ ဆူ ဆူယိုးစားရင်း ပြည်ဖျက်သွားလိမ့်မယ်'

www.burmeseclassic.com



မကြာခင် ကျရောက်လာမည့် အန္တရာယ်တစ်ခုအတွက် နှစ်ယောက်သား ဆွေးနွေးကြရင်း သက်ပြင်းများချလိုက်သည်။

ရန်သူ့သိုင်းသမားများက သတိရှိနေသည့် ကြားကာပင် အချိန်မရွေး တိုက်ခိုက်ရန် ရောက်လာနိုင်သည် မဟုတ်ပါလော။

ထိုကိစ္စမှာ မိုးနဂါးအောင်းအတွက် ဆေးနက်စွာစဉ်းစားရမည့်အရေးပင် ဖြစ်လေတော့သည်။

★

## အခန်း ( ၂ )

### 'အပြေးအလွှား ရှေ့မင်းသား'

တောစပ်ဆီသို့ မောကြီးပန်းကြီးနှင့် မင်းသားတစ်ပါး ပြေးလာသည်။

အဘယ်ကြောင့် ပြေးလွှားနေရသနည်း မသိနိုင်သေး၊ သူ့မျက်နှာပေါ်၌ စိုးရိမ်ထိတ်လန့်မှု အပြည့်ရှိနေလေတော့သည်။

သစ်ပင်တစ်ခုနောက်၌ ပုန်းကွယ်ရင်းပင် အမောအပန်း ပြေးနေလိုက်မိ၏။

ရှေ့၌မြင်နေရသော တောအုပ်ကား 'အဆိပ်စိမ်းတောအုပ်' ဖြစ်သည်။

အဆိပ်ရှိသော သတ္တဝါပေါင်းများစွာ ထိုတောအုပ်ထဲ၌ ရှိတတ်ပြီး တောထဲသို့ဝင်လိုက်မိရုံနှင့် အသက်ရှင်လျက် ပြန်ထွက်နိုင်သူကား ရှားပါးလှ၏။

သူ့အနေနှင့် ထိုတောအုပ်အား မဖြတ်သန်း၍ ကွယ်ပြောက်နိုင်မည်မဟုတ်မှန်း သိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူ လက်တွင်း အသက်အပ်နှင်း အသေခံရသည်ထက် စာလျှင် ထိုတောအုပ်ထဲ သေရကြောင်း ပျောက်ဆုံးသည်က ပိုမြတ် သေးသည်ဟု ဆုံးဖြတ်ချက် ချလိုက်မိ၏။

'ဖျတ် ဖျတ်'

'ဖျတ် ဖျတ်'

'ရှပ် ရှပ်'

'ရှပ် ရှပ်'

ချုံများကိုတိုးဝှေ့ဝင်၊ တောနင်းလျှောက်လာသော လူ များ၏ အသံဗလံများကြောင့် အမောအပန်းပြေးရာမှ ချောက် ချောက်ချားချား နိုးသွားမိလေတော့သည်။

'ဟောင်း လိုက်လာကြပြီ'

မင်းသားမှာ စိတ်ဆုံးဖြတ်ချက်အတိုင်း တောအုပ်ထဲသို့ ဖြတ်သန်းရန် ရှေ့နေမိသည်။

'ဟိတ် မပြေးနဲ့'

ရန်သူတစ်ဦးက သူ့အားတွေ့သွားသဖြင့် တစ်ဟုန်ထိုးပြေး လာသည်။

လက်ခနဲမြင်လိုက်ရသော ဓားရောင်ကို လွတ်အောင် မနည်း ရှောင်နေရသည်။

သူကိုယ်တိုင်က သိုင်းမတတ်။

ရန်သူ့ဓားရိပ်အောက်မှ လွတ်မြောက်အောင် ရုန်းထွက် ရှောင်တိမ်းလိုက်ရင်း တောအုပ်ဆီသို့ အဆင်းဝင်ပြေးသွား လေသည်။



အသက်အန္တရာယ်ဘေး တစ်ခုမှ လွတ်မြောက်အောင်ပင် ရုန်းထွက်ရှောင်ပြေးနေသော မင်းသားနောက်သို့ လက်နက် ကိုင်ရန်သူများက မျက်ခြည်မပြတ် လိုက်နေကြသည်။

အသက် တစ်ချောင်းအတွက် အရေးကြီးဆုံးအချိန်ပင် မဟုတ်ပါလား။

'ခု ကြည့်၊ ယုန်ကိုသတ်ဖို့အတွက် မျောက်တစ်ကောင် ဖမ်းရတာထက် ခက်နေပါလား၊ ဒါတောင် ဒီမင်းသားက သိုင်းတတ်တာမဟုတ်ဘူး၊'

အဆိပ်စိမ်းတောအုပ်ထဲသို့ စတင်ဝင်ရောက်ရင်း ရန်သူ တစ်ယောက်က စကားချီ ပြောဆိုလိုက်၏။

'အဆိပ်စိမ်းတောအုပ်ထဲ ဝင်ပြေးတာ ဒီမင်းသားအတွက် သူ့ သင်္ချိုင်း သူရှာသလိုဖြစ်နေမှာပေါ့ကွာ၊ ဆက်လိုက်နေလို့လဲ အပိုပဲ၊ မကြာခင် ဝှေအောင်းနေတဲ့ အဆိပ်ဖားကြီးတွေထဲက သေ ကြောင့် သူသေရမှာပဲ၊ ဖားအဆိပ်ဆိုတာ ဒီတောအုပ် အတွက် အထူးဆန်းဆုံး အဆိပ်တစ်မျိုးပဲ'

ခေါင်းဆောင်လုပ်သူက အဆိပ်စိမ်းတောအုပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောပြလိုက်လေတော့သည်။

သူတို့ကိုယ်တိုင်လည်း တောအုပ်ထဲ ဖြတ်သန်းလာရသော် လည်း အဆိပ်ရှိသတ္တဝါပေါင်း ထောင်သောင်းမက ရှိတတ် ကြောင်း သိရှိထားသဖြင့် ကြောက်လန့်နေမိကြသည်။

'ဆက်မလိုက်လို့ မဖြစ်ဘူးနော်၊ ဒီမင်းသား မသေဘဲ အဆိပ် စိမ်းတောအုပ်ထဲက ထွက်ပြေးသွားရင် ကျုပ်တို့ အသေမိတွေ ပါ ကုန်လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုလဲ သတိနဲ့ ဆက်လိုက်ကြကွာ'

အားလုံးမှာ ကျိန်စာသင့် တောအုပ်ကြီးထဲ ရောက်ရှိနေရသလိုပင် ထင်မိကြသည်။

မင်းသားလေးနောက်သို့ မျက်ခြည်ပြတ်မခံဘဲ ဆက်လိုက်ရလေတော့သည်။

တဖြည်းဖြည်း တောနက်စပြုလာသည်။

မင်းသားလေးမှာ ပြေးလွှားလာရသဖြင့် အားအင်ကုန်ခန်းလေသည်။

အဆိုးရွားဆုံးကား ဆာလောင်မွတ်သိပ်မှုတစ်ခုပင်ဖြစ်လေတော့သည်။ ထိုပြဿနာကို မဖြေရှင်းနိုင်သေးသရွေ့ တောအုပ်ထဲက လွတ်မြောက်နိုင်မည် မဟုတ်ဟု သဘောပေါက်မိသည်။

မောမောပန်းပန်းနှင့် မြေပြင်ပေါ်လှဲ၍ အိပ်စက်လိုက်မိ၏။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသောကြောင့် မှေးခနဲ အိပ်စက်နေရာမှ သတိမေ့မြောသွား၏။

ထိုအခိုက် ကင်းနက်တစ်ကောင်နှင့် အနီရောင်သမ်းနေသည့် အဆိပ်ဖားတစ်ကောင်က သူ့ပါးစပ်ထဲမှ ဝမ်းထဲသို့ ဝင်သည်။

မကြာမီ မျက်ခွံများ လေးလံလာသည်။ ခန္ဓာကိုယ်ထဲ အင်အားပြည့်ဝဆုံး ဖြစ်လာသည်ဟု ထင်ရသော်လည်း ခရီး ဆက်၍ လုံးဝ မရနိုင်သေး။

ဘာဖြစ်မှန်းလည်း သူကိုယ်တိုင်မသိ။ ထိုအခြေအနေကို သ... သဖြင့် သစ်ခေါင်းရာနေရာ၌ လှဲအိပ်လိုက်မိသည်။ အိပ်စက်... လည်း လုံးဝမရနိုင်ပေ။



ကြောက်လန့် စိုးရိမ်စိတ်များကို ချက်ချင်း လျှော့ချပစ်လိုက်သောကြောင့် ခေါင်းချလိုက်မိရုံနှင့် အိပ်ပျော်သွားလေတော့သည်။

သူ့အနေနှင့် ရန်သူများနောက်မှလိုက်လာလိမ့်မည်ဆိုသော စိုးရိမ်စိတ်ပင် ခေါင်းထဲ၌ မရှိတော့ပေ။

မနက်လင်းသည့်အခါ....

နားထဲ ခြေသံလိုလိုကြား၍ ဖျတ်ခနဲလန့်နိုးမိသည်။

'အား... ပူလိုက်တာ၊ ဘာဖြစ်လို့ပါလိမ့်'

အဆိပ်ကင်းနှင့် အဆိပ်ဖားနှစ်ဝမ်းထဲသို့ ရောက်နေခြင်းကြောင့် ခန္ဓာကိုယ်၌ အပြင်းဆုံးအဆိပ်များက သွေးကြောထဲ ဝင်နေပြီး မီးကျီးခဲတစ်ခု ရင်ထဲထည့်ထားရသလိုပင် ပူလောင်စွာ ခံစားနေရသည်။ သူကိုယ်တိုင် ဘာဖြစ်မှန်းမသိသေး။

တောထဲသို့ ရန်သူများလိုက်လာကြောင်းကို သတိပြုမိ... ပူလောင်စွာ ခံစားနေရသော ဝေဒနာကား သတိမပြု... ခြေဦးတည့်ရာသို့ ဆက်ပြေးရလေတော့သည်။

ခန္ဓာကိုယ်ထဲ အင်အားပြည့်လာသောကြောင့် ပြေးလွှားရာမှာ ပုံမှန်အနေအထားအတိုင်းပင် ဖြစ်နေပြန်သည်။

...ကျွင်းရှေ့တည့်တည့်၌ ချောင်းလေးတစ်ခုကို နတ်ဒေဝါ ဖန်ဆင်းပေးလိုက်သလို တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာ...သည်။

ချောင်းထဲသို့ဆင်းလိုက်၍ ကိုယ်သက် ဆေးကြောသန့်စင်... ...မွတ်နေသောရေကို ဝအောင်သောက်ပစ်လိုက်၏။

www.burmeseclassic.com



တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးသွားသော်လည်း မူးသော
မှုကား မပျောက်နိုင်သေး။

'မူလိုက်တာ ဒုက္ခပါပဲ၊ ဘယ်လိုလုပ်မလဲ၊ ရေထဲမှာပဲ စိ
နေလိုက်ချင်တော့ပဲ'

တစ်ကိုယ်လုံး ရွှဲရွှဲစိုအောင် ရေများဖြင့်ဖျန်းပက်လိုက်မိ၏
မူးလောင်မှုမှာ ခေနှင့်ထိတွေ့လိုက်သောအခါ မီးခဲအားရေဖြ
မိတ်ဖျန်းလိုက်သလိုမင် အခဲခဲခက်လှသည်။ ဆိုတ်မိုက်ခံစားရ
မူးလောင်မှုပျောက်သွားအောင် ရေဖြင့်ဖျန်းပက်နေလိုက်မိ၏

'ဟင်...လိုက်လာကြပြန်ပြီ'

သူ၏နောက်ဆီ ရန်သူအုပ်စုမှာ သဲသဲမဲမဲလိုက်လာကြော
ကို သတိထားမိလိုက်သဖြင့် ဝါးရုံခတောအုပ်ဆီသို့ ကမ
ကတန်းပင် ပြေးပြမြန်သည်။

ရန်သူများက သူ့ကို မျက်ခြည်ပြတ်သွားလေတော့သည်
ဝါးရုံစိမ်းတောအုပ်ကြီးက ထူထပ်သိပ်သည်းစွာ ပေါက်
သည့်အတွက် သူ့အား အကာအကွယ် ပေးထားနိုင်လေသည်

တောတွင်းသို့ နက်ရှိုင်းစွာ ဝင်ရောက်လိုက်မိသည်မှ
အနောက်ဘက်၌ ထူးဆန်းသောလိုဏ်ဂူကြီးတစ်လုံးကို တွေ့
ရလေတော့သည်။

ထိုဂူကြီးတစ်လုံးအတွင်းသို့ သတိဖြင့် တစ်လှမ်းချင်း
ရောက်လာခဲ့သည်။ ထိုနေရာကား သူ့အတွက် လုံခြုံစွာ မ
အောင်းနိုင်မည့်နေရာဟု နားလည်မိသည်။



အထဲ၌ ရောက်သွားဖြင့် ထုလုပ်ထားသော နတ်သမီး
ရုပ်တုကြီးကို မထင်မှတ်ဘဲ တွေ့ရှိခဲ့ရသည့်၊ အားကိုးရာတစ်ခု
အဖြစ် နတ်သမီးရုပ်တုအား ပူဇော်ရင်း...

'အပည့်တော်အား ကယ်ပါ၊ ဒုက္ခအဆပေါင်းက လွတ်
မြောက်အောင် စောင့်ရှောက်ပါ၊ ရန်သူများ မျက်ခြည်ပြတ်သွား
အောင် ဖုံးကွယ်ပေးပါ၊ ယုတ်လျော့နေတဲ့ အင်အားတွေကို
ပေးပါ အရှင်နတ်သမီး'

နတ်သမီးရုပ်တုအား ပူဇော်တောင်းပန်နေမိသည်။ ထိုသော
တရားကို လေးမြတ်စွာ ကိုးကွယ် ယုံကြည်သူဖြစ်၍ ဒုက္ခ
အပေါင်းမှ လွတ်မြောက်ရန်အဘူတ် မှန်းကြပ်နေသောစိတ်ကို
သက်မပေါက်တော်ခုနေလိုက်မိသည် မဟုတ်ပါလား။

ထိုအခိုက် နတ်သမီးရုပ်တုကြီးမှ စာအုပ်တစ်အုပ်အား
မမျှော်လင့်ဘဲ တွေ့လိုက်ရလေတော့သည်။

စာအုပ်အားကပျာကယာ ကောက်ယူကြည့်လိုက်မိ၏။

'သိုင်းကျမ်းစာအုပ်ပါလား'

ရှေးနှစ်ပေါင်းများစွာက သိုင်းဆရာကြီးတစ်ဦး ထားခဲ့
သော 'လှိုင်ပြင်မခြေရာကျွန် သိုင်းကျမ်း' ပင် မဟုတ်ပါလား။
သူကိုယ်တိုင်က သိုင်းမွတ်တ်သော်လည်း ထိုသိုင်းကျမ်းမှာ သူနှင့်
ထိုက်၍ ရရှိခဲ့သည်ဟု မှတ်ယူမိသည်။

ထိုသိုင်းကျမ်းအား လေ့ကျင့်ရဦးမည်

✕ ✕ ✕

ရန်သူအုပ်စုမှာ မျက်ခြည်ပြတ်မခံ လိုက်နေဆဲ

www.burmeseclassic.com

www.burmeseclassic.com



သူတို့အတွက် ကျူပင်ရုံစက် ကျူရုံတံပင်မကျန်အောင် ရှင်းပ
နိုင်ဖို့ကိစ္စက အရေးကြီးဆုံး တာဝန်တစ်ရပ်ပင် မဟုတ်ပ
လား၊ မင်းသားလေး လွတ်မြောက်သွားလို့ လုံးဝမဖြစ်သေး

'ဒီတောအုပ်ထဲက ပြေးမလွတ်နိုင်ပါဘူး'

'အဲ ဒါတော့ မှန်တယ်၊ ဖားနီတွေမြို့ အဆိပ်သင့်ရင်
တစ်နေရာရာ လဲကျန်နေမှာပဲ'

ခေါင်းဆောင်လုပ်သူက တောက်ခံပြောဆိုလိုက်၏။

'ဒါပေမယ့် ဒီကောင်လေး အခုလို ဇွဲကောင်းကောင်း
ပြေးနေနိုင်တာကိုက ထူးဆန်းအယ်နော်၊ သူ့ကို လျော့တွက်
ထားလို့ မဖြစ်ဘူး'

အားလုံးအတွက် စဉ်းစားစရာပင် ဖြစ်နေမိသည်။

အများနှင့် တစ်ယောက် လိုက်လံဖမ်းဆီး သုတ်ဖြတ်နေ
ရသည့် ကိစ္စ၌ သူတို့ဘက်မှ ကိစ္စပြီးမြောက်အောင် ဆောင်ရွက်
မပေးနိုင်လျှင် အလွန်ညံ့ဖျင်းရာ ကျနေပေတော့မည်။

မင်းသားလေးကို လိုက်လံသတ်ဖြတ်ရန် ကိစ္စအတွက် ရန်သူ
များဘက်မှလည်း နောက်ဆုတ် လှည့်ပြန်သွားဖို့ လုံးဝမ
နိုင်သေး။

ကံကြမ္မာကား မည်သို့ဖန်လာလေဦးမည် မသိသေး။

× × ×

လွင်ပေါ် ခြေကွက်ချွန် သိုင်းကျမ်းကို လေ့ကျင့်နေမိသည်။

ထူးဆန်းသည်မှာ ဆုကိုယ်တိုင် သိုင်းမတတ်သော်လည်း
ထိုသိုင်းကျမ်းအား ဖတ်မှတ်လေ့လာ၍ လေ့ကျင့်သည့်အခါ
သိုင်းကွက်များက ခေါင်းထဲ၌ သူ့အလိုလို လင်းလက်လာပြီး



လှုပ်ရှားမှုမှာ သွက်လက်ပေါ့ပါးမှု ရှိနေကြောင်းကို အံ့သြ
ဖွယ် တွေ့မြင်ရသည်။

နတ်သမီး၏ ဖန်ဆင်းထားသော တန်ခိုးတော်ကြောင့်
လေလား မသိ။

လွင်ပေါ် ခြေကွက်ချွန် သိုင်းကွက်များက သူ့အပေါ်
ဝိဉာဉ်တစ်ခု ဝင်ပူးကပ်နေသလိုလိုပင် ဖြစ်နေမိသည်။

အနောက်မှ လိုက်လာသော ရန်သူအုပ်စု၏ ခြေသံများကို
ကြားလိုက်ရသဖြင့် သစ်ပင်ပေါ်သို့ လွှားခနဲခုန်တက်လိုက်၏။

သစ်ပင်ပေါ် ထိုင်၍ သိုင်းကျမ်းစာအုပ်အား လှန်လှော
ဖတ်ရှုနေမိသည်။

မင်းသားလေးရှိနေသော တောအုပ်အတွင်းသို့ ရန်သူများ
ရောက်ရှိလာကြလေပြီ။

'ဟော ဟို ဟိုမှာ'

'ဟာင်'

သစ်ပင်ပေါ်၌ထိုင်ရင်း သိုင်းကျမ်းဖတ်ရှုနေသော မင်းသား
လေးကို တွေ့ရှိလိုက်ရသဖြင့် အံ့အားသင့်သွားကြသည်။

'ယား'

သစ်ပင်ပေါ်မှ လွှားခနဲခုန်ချ၍ ထွက်ပြေးရန်ပြင်ဆင်
လိုက်၏။

ရန်သူများက လက်နက်ကိုယ်စီဖြင့် ထွက်ပေါက်မရှိအောင်
ဝိုင်းရံထားကြလေတော့သည်။

'ယား'

'ဝှစ် ဖွစ် ဝှစ်'

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသည်မှာ ပြင်းထန်စွာ တိုက်ခိုက်နေသမျှ ပွတ်ကာ သီကာလေး လွဲချော်နေသဖြင့် ရန်သူများမှာ ဒေါသထွက်နေမိသည်။

သို့သော်သည်း မင်းသားကလေးကို လုံးဝ လွတ်ထွက်မသွားစေရန် ပိတ်ဆို့တိုက်ခိုက်နေဆဲ၊ အများနှင့်တစ်ယောက် တိုက်ခိုက်နေခြင်းဖြစ်၍ တစက်အတွင်း၌ မင်းသားကလေးအား သတ်ဖြတ်မိသွားနိုင်သည်။

'ဝိုး'

'ဝှစ် ဝှစ် ဝှစ်'

တိုက်ပွဲအား တဖြည်းဖြည်း ပြင်းထန်မပြုလာသည်။ ဝိုင်း၍ တိုက်ခိုက်နေသော လက်နက်များအကြား မင်းသားလေးမှာ မျက်စိရှင်ရှင်သား၍ အကြောက်ခန်းလီလို ရှောင်တိမ်းနေရသေးတော့သည်။

'ယား'

'ဟင်'

ထိုအခိုက် မျှော်လင့်မထားသဲ တောအုပ်ထဲမှ လွှားခနဲ ခုန်ထွက်လာသူ သိုင်းသမားကြီးတစ်ဦးက မင်းသားလေး ဘက်မှ ဝင်ရောက်ကာကွယ် တိုက်ခိုက်လေတော့သည်။

ရန်သူများမှာ ရုတ်တရက်မို့ အငိုက်မိခံလိုက်ရလေသည်။ ထိုလူမှာ အဆင့်မြင့် သိုင်းပညာအား ကျွမ်းကျင်စွာတတ်မြောက်ထားသူတစ်ယောက်ဖြစ်ကြောင်း မြင်ရုံနှင့် သိသာသည်။

'ယား ...'

'ဝုန်း...'



ဓားဖြင့် တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်လာသည့် ရန်သူတစ်ယောက်အား ရုတ်တရက် ကပ်ရှောင်လိုက်ရင်း လက်ဝါးနှစ်ဖက်ကို စုန်ကုပ်ပုံသဏ္ဌာန်လုပ်ရင်း အတွင်းအားအပြည့်ဖြင့် ဝုန်းခနဲ တွန်းလိုက်သဖြင့် အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ထိုတိုက်ကွက်ကြောင့် ရန်သူများအား အထူးပင် တုန်လှုပ်ချောက်ချားသွားကြသည်။ ထိုသိုင်းသမား၏ တိုက်ခိုက်မှုမှာ အလွန် လျင်မြန်တိကျမှု ရှိသည်။

မင်းသားလေးအနေနှင့် သိုင်းမတတ်သောကြောင့် ဝင်၍ တိုက်ခိုက်ပေးရန်မဖြစ်နိုင်သော်လည်း ကယ်တင်ရှင်သိုင်းသမားအပေါ် လေးစားကြည်ညိုမိသည်။

ရန်သူများက ထိုသိုင်းသမားကြီးအား အနိုင်တိုက်ခိုက်၍ ရနိုင်မည်မဟုတ်ကြောင်း သဘောပေါက်နားလည်လာမိသည်။

ရန်သူက လျှော့တွက်၍မရနိုင်မှန်း သဘောပေါက်နားလည်သွားကြသည်။

သိုင်းသမားကြီးနှင့် မင်းသားလေးအား စက်ဝိုင်းသဏ္ဌာန် ဝိုင်းရံထားလိုက်သည်။

အားလုံးက တစ်ပြိုင်နက်တိုက်ခိုက်မည့်သဘော ရှိနေသည်။

ထို့ကြောင့်...

ရန်သူ၏ လှုပ်ရှားဟန်ကို လုံးဝမျက်ခြည်ပြတ်မခံဘဲ မျက်တောင်မခတ်မသုန် စောင့်ကြည့်နေမိသည်။

'ယား...'

'ထန်း... ထန်း...ထန်း'

www.burmeseclassic.com



တစ်ပြိုင်နက်တည်း ဝိုင်းခနဲတိုက်ခိုက်လိုက်သဖြင့် ဓားချင်းထိခတ်သံများ ဆူညံစွာ ပေါ်ထွက်လာလေသည်။

ကယ်တင်ရှင် သိုင်းသမားကြီးက မင်းသားကလေးကို စက်ဝိုင်းအပြင်ဘက်သို့ ရောက်ရှိသွားစေရန် အရှိန်ဖြင့် ဝုန်းခနဲ တွန်းလိုက်ရင်း ရန်သူအား ကြမ်းတမ်းစွာ ရင်ဆိုင်တိုက်ခိုက်လေတော့သည်။

'ယား...ဝုန်း'

တည့်တည့်ရောက်လာသော ဓားသမား နှစ်ယောက်အားမှတ်ကာသီကာ ရှောင်တိမ်းရင်း ရင်ဝသို့ အတွင်းအားဖြင့် တွန်းကန်လိုက်လေသည်။

ရင်ဘတ် မီးပွင့်ထွက်သွားမဘတ် အသံမြည်ဟည်း ပေါ်ထွက်လာရင်း အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ထိုးစစ်ဆင်ထားသော ကျန်သူများပင် ကြောက်လန့်တုန်လှုပ်မှုဖြင့် အလိုလိုနောက်ဆုတ်မိလျက်သား ဖြစ်သွားလေတော့၏။

ထိုသိုင်းကွက်တစ်ကွက်တည်းနှင့်ပင် ရန်သူ၏စိတ်ဓာတ်အား အကြီးမားဆုံး တုန်လှုပ်ချောက်ချားသွားရအောင် အနိုင်ယူလိုက်ပြီ မဟုတ်ပါလား။

ရန်သူအားလုံးမှာ အရှုံးအနိုင်အတွက် ချက်ခြင်းပင် အဖြေတစ်ခု ဆုံးဖြတ်၍ ရရှိသွားသဖြင့် အားလုံးမှာ ထိတ်လန့်တုန်လှုပ်စွာ ငေးကြည့်ရင်း နောက်ဆုတ်သွားလေတော့သည်။

ကယ်တင်ရှင် သိုင်းသမားကြီးနှင့် မင်းသားကလေးအား တုံ့ပြန်မကြည့်ရဲတော့ဘဲ တောအုပ်အတွင်းမှ လှစ်ခနဲ ထွက်ပြေးသွားကြလေတော့သည်။



သိုင်းသမားကြီးက ကျောက်ဆစ်ရုပ်တစ်ရုပ်လို ရပ်နေ၏။

အာာက်သခင် ကျေးဇူးရှင်ဖြစ်၍ မင်းသားလေးမှာ ရှေ့သို့ကပ်လာရင်း....

'ကျွန်တော့် အသက်ကို ကယ်တင်လိုက်တဲ့အတွက် အရမ်းကျေးဇူးတင်မိပါတယ်'

'မလိုပါဘူးကွာ၊ မတရားတာ မြင်ရင် ကယ်တင်ရမှာပဲ'

ကယ်တင်ရှင် သိုင်းသမားကြီးကိုယ်တိုင်က သူ့ကိုယ်သူမင်းလူစွမ်းကောင်းတစ်ယောက်အနေနှင့် ဂုဏ်ယူဝင့်ကြွားမှု မရှိလေဟန် ပြတ်ပြတ်သားသားပင် ပြောဆိုလိုက်သည်။

'မင်းနဲ့ သူတို့က ရန်ငြိုးရန်စ ရှိလို့လား'

မင်းသားကလေးအား လှမ်းကြည့်ရင်း မေးခွန်းထုတ်လိုက်မိသည်။

'မရှိပါဘူး'

မင်းသားလေးက ခေါင်းယမ်းပြရင်း ဖြေဆိုလိုက်မိသည်။ သူ့အဖြေအား ဘဝင်မကျဟန် မျက်မှောင်ကုတ်၍ လှမ်းကြည့်လိုက်ရင်း....

'ဒါဆို သူတို့က ဘာကြောင့် မင်းကို လိုက်လံသတ်ဖြတ်နေရတာလဲ'

ထိုအမေးကို ဖြေဆိုရန် ခက်နေသည်။

ကယ်တင်ရှင် သိုင်းသမားကြီးကိုယ်တိုင် သူ့အား ဘုရင့်သားတော်မင်းသားလေးတစ်ပါးဖြစ်ကြောင်း သိရှိနေပုံမရပေ။

'အဲဒါတော့ ကျွန်တော်လဲ မသိပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဓာယ်တင်ရှင် သိုင်းသမားကြီးက သူ့အပေါ် အလေး အနက်ထား၍ မေးမြန်းခြင်း မပြုတော့ဘဲ ထွက်ခွာသွားလေ တော့သည်။

ဘိုလူက မည်သူနည်း။

ဖြစ်ပျက်သမျှ အရာအားလုံး အိပ်မက်ဆိုးတစ်ခုထဲ တိုးဝင် ရောက်ရှိနေသလိုပင် စိတ်မှာထင်ရသည်။

ရှင်ထဲ၌ ပူလောင်စွာ ခံစားနေရသော ဝေဒနာကား လုံးဝ ပျောက်နိုင်သေး။

ခန္ဓာကိုယ်အတွင်း၌ အဆိပ်သွေးများဖြင့် လည်ပတ် နေသည် မဟုတ်ပါလော။

တစ်ကိုယ်လုံး နေမင်းရွှေမှောက် အချိန်ကြာမြင့်စွာရှိနေရသူ တစ်ယောက်လို ခြစ်ခြစ်တောက် ပူနေသည်။

သတိမှာ မရတစ်ချက် ရတစ်ချက်ပင် ဖြစ်နေမိသည်။

နောက်ဆုံး၌ အိပ်မက်ဆိုး သံသရာထဲမှ အတင်းရုန်းထွက် နိုင်ရန် ပြင်းပြင်းထန်ထန်ပင် ကြိုးစားလိုက်မိသည်။

'အား...ပူလိုက်တာ'

ပူလောင်မှုကို ညည်းညူလိုက်ရင်း မျက်စိနှစ်လုံးကို ဖွင့်၍ အကြည့် မြင်ကွင်းရှေ့၌ ဘုန်းတော်ကြီးနှစ်ပါးကို မြင်လိုက် ရသည်။

'ဒကာကြီး...သတိရလာပြီလား'

'မှန်ပါ၊ တပည့်တော် အခု ဘယ်ကိုရောက်နေတာလဲဘုရား'

အခန်းဆီသို့ လှည့်လည်ကြည့်ရှုရင်း နားမလည်နိုင်စွာဟန် မေးမြန်းလိုက်လေတော့သည်။



ဆရာတော်ကြီး တိမ်ကျင်းချက်က သူ့အား ကရုဏာသက် စွာ ငေးကြည့်ရင်း...

'ဘာမှ အားငယ်မနေနဲ့ သားအောင်ငယ်၊ မင်းအခုရောက်ရှိ နေတာ မိုးနဂါးကျောင်းပဲ'

'ဘယ်လို...မိုးနဂါးကျောင်း ဟုတ်လား'

လွန်စွာ အံ့ဩသွားမိသည်။

ဝေးလံသောအရပ်၌ နာမည်အလွန်ကြီးသော မိုးနဂါး ကျောင်း ရှိနေမှန်း သူကိုယ်တိုင်ပင် ယခင်ကတည်းက သိရှိ ထားပြီးဖြစ်သော်လည်း ထိုနေရာသို့ ရောက်ရှိလာလိမ့်မည်ဟု လုံးဝထင်မထားခဲ့။

'မင်းဟာ ဘုရင့်အမျိုးအနွယ် သားတော်တစ်ပါးပဲ၊ ဒီနေ ရာမှာ မင်းအတွက် လုံခြုံစိတ်ချမှုရှိလှတဲ့အကြောင်း အားလုံးက ကာယ်တင်ထားကြမှာပဲ၊ ဘာမှစိတ်မပူနဲ့'

ဟု ကျောင်းထိုင်ချုပ် တိမ်ကျင်းချက်က သူ့အား အားတက် နိုင်ဆုံး ပြုံ့ညှိမ့်ပြောဆိုလိုက်လေသည်။

'တပည့်တော် နားဆင်မိသလောက်ပါ ဘုရား'

'ဟေ...ဒါဆို ဒီအတိုင်းထားလို့ ဘယ်ဖြစ်မလဲ၊ ကိုယ်တော် တို့ မင်းသားလေး မိုးနဂါးကျောင်းကို အဆိပ်မိပြီး ရောက် လာတယ်ဆိုတာ ဘုရင်ဆီသွားအကြောင်းကြားပေးစမ်း'

ဘုန်းတော်ကြီး နှစ်ပါးအား ဘုရင့်ထံသို့ သွားရောက် အကြောင်းကြားခိုင်းလိုက်လေတော့သည်။

ကိုယ်တော်နှစ်ပါးက မကြာမီ အခန်းအောင်ဝေဘ်အတွင်းသို့

'ဘာဖြစ်သလဲကြ ...လဲ ကိုယ်တော်တို့'

www.burmeseclassic.com



ဟု ကျောင်းထိုင်ချုပ်ကြီးက ဘုန်းတော်ကြီး နှစ်ပါး၏ အမူအရာအားကြည့်ရှုရင်း မေးမြန်းလိုက်သည်။

'မိုးနဂါးကျောင်းကို ရန်သူတွေလာနေကြပါတယ်'

'ဟေ'

ကျောင်းထိုင်ချုပ်ကြီးမှာ အံ့သြတုန်လှုပ်သွားမိလေတော့သည်။

အတိတ်နိမိတ်ဆန်း ပြောဆိုခဲ့သည်ကို ပြေး၍သတိရမိလိုက်သည်။

ပျက်စီးခြင်း တစ်ခုနှင့် မလွဲမသွေ ကြုံရပေဦးတော့မည်။

'ဒုဒု'

မင်းသားလေးမှာ အချက်ပေးမောင်းသံကို နားထောင်နေရင်း သွေးပျက်ခြောက်လန့်စ ပြုနေသည်။

မည်သည့်ရန်သူများ ဖြစ်မည်နည်း။

'အားငယ် ဘာမှမကြောက်နဲ့၊ ဘုရားခန်းထဲမှာ ခဏဝင်ပုန်းနေလိုက်'

ကျောင်းထိုင်ချုပ် ဘုန်းတော်ကြီး တိမ်ကျွင်းချက်က ဘုရားခန်းထဲသို့ မင်းသားလေးအား ခေါ်ဆောင်လာလေသည်။

'ဘုရားစင်အောက်၊ ခဏဝင်ပုန်းနေစမ်း'

★

## အခန်း (၃)

### 'ပျက်စီးခြင်းနှင့် ကြုံရပြီလော'

မင်းသားလေးက ပြောဆိုသည့်အတိုင်း ဘုရားစင်အောက် ဝင်ပုန်းနေလိုက်၏။

'ရော့—သားငယ်၊ ဟောဒီသိုင်းကျမ်းစာအုပ်ဟာ မိုးနဂါးကျောင်းအတွက် အလွန်အရေးကြီးဆုံး မစ္ဆည်းလေးတစ်ခုပဲ—

'အဲဒီစာအုပ်ကို ယူထားလိုက်၊ အရေးကြုံလာရင် ဒီသိုင်းကျမ်းကို ရန်သူ့လက်ထဲ ဘယ်တော့မှအရောက်မခံနဲ့၊ မီးရှို့ပစ်လိုက် ကြားလား'

'ဟုတ်...ဟုတ်ကဲ့ပါ ဆရာတော်'

ဆရာတော်က အခြေအနေကိုသိသဖြင့် မင်းသားလေးအား သေသေချာချာ မှာကြားလိုက်လေသည်။

မင်းသားလေးက မိုးနဂါး သိုင်းကျမ်းစာအုပ်ကို ယူ၍ ဆက်လက်ပုန်းနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးနဂါးကျောင်းဝင်းအတွင်း ကမ္မကျင့်ရှိ ခေါင်းဆောင်သည့် ရန်သူများ ဝင်ရောက်လာလေသည်။

ညာလက်ရုံးခေါင်းတုံးနှင့် နေ့သွဲ့ဘုန်းကြီးကား ကျောင်းတိုက်ဝင်း၏ အခြေအနေကို အကဲခတ် လှည့်လည်ကြည့်ရှုနေကြသည်။

မိုးနဂါးကျောင်းနှင့် ဂိုဏ်းပြိုင်ဘက် ဘုန်းတော်ကြီးများဖြစ်နေ၍ နေ့သွဲ့ဟု သတ်မှတ်တိုက်ခိုက်၍ မရနိုင်သေး ဒုကျောင်းထိုင်ဆရာတော်မှာ အပြုံးမပျက် ထွက်ကြိုဆိုလိုက်လေသည်။

ကိုယ်တော်ကမ္မကျင့်ရှိက နောက်လိုက် အဖော်များအား အထဲသို့ဝင်မလာရန် လက်ကာပြလိုက်ရင်း ဆရာတော် ထိမ်ကျင်းချက်နှင့် တွေ့ဆုံလိုက်သည်။

'ဘယ်လိုလဲ ကိုယ်တော်ကမ္မကျင့်ရှိရဲ့၊ အကြောင်းမကြားဘဲ မင်ဝမ် ဆရာတော်ဘုရားကို လာဖူးတာထင်ပါရဲ့'

'ဟုတ်ပါတယ် ဘုန်းတော်၊ ဆံတော်၊ ဉာဏ်တော်အမြင့်ကြီးမြင့်ပြီး ဆပ္ပာယ်ကြည်ညိုဖို့ကောင်းတဲ့ မိုးနဂါးကျောင်းက ဘုရားကို ဖူးမမြော်ရအောင် အမြန်ဆုံးရောက်လာရတာပါပဲ ဘုရား'

မင်ဝမ်ဆရာတော်၏ မျက်နှာမှာ မယိမ်းမသာ ဟန်ဆောင်ထိန်းချုပ်ထားနေဆဲ အဘယ်ကြောင့် ရောက်လာကြောင်း သိရှိပြီးသားမင် ဖြစ်သည်။

'ဝရဇိန်ခြောက်သွယ်သိုင်းကို ပြုစုပြီးတာနဲ့ ကုလုံရှယ် မုယုံရှယ် သေဆုံးသွားတယ်လို့ ကြားမိတယ်'



ကမ္မကျင့်ရှိက လာရင်းကိစ္စအတွက် ပရိယာယ်မရှိဘဲ ပွင့်လင်းစွာ ပြောပြလိုက်သည်။

ထိုစကားက မည်သို့ဆက်လာဦးမည်ကို သိရှိထားပြီးဖြစ်သော်လည်း စကားတုံ့ပြန်ဖို့အတွက် လေးနက်စွာ စဉ်းစားနေစဉ်၊

ဆရာတော်နှစ်ပါး၏ အခြေအနေအား နှစ်ဖက်စလုံးက ငြိမ်သက်စွာ စောင့်ကြည့်နေမိကြသည်။

'ရှင်းရှင်းနဲ့လိုရင်းကို ပြောရရင် မိုးနဂါးကျောင်းနဲ့ သိုင်းပညာချင်းဖလှယ်ဖို့ ရောက်လာတာပါ'

'ကောင်းပြီလေ၊ ကိုယ်တော်က ဘယ်လိုသိုင်းပညာမျိုး ဖလှယ်ချင်တာလဲ'

'ကျုပ်တို့ ရှောင်လင်ကျောင်းတော်ရဲ့ ခုနစ်ဆယ့်နှစ်ကွက်သိုင်းနဲ့ မိုးနဂါးကျောင်းက ဝရဇိန်ခြောက်သွယ်သိုင်းကွက်ကို ပညာချင်းအလဲအလှယ်လုပ်ချင်တာပါ ဆရာတော်'

ဆရာတော်မင်ဝမ်နှင့် ဒုဂိုဏ်းချုပ် ဆရာတော်ကိုက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ရှောင်လင်ရှိလာသော ကိုယ်တော်ကမ္မကျင့်ရှိ၏ အမှုအရာက ရိုးသားပုံမပေါ်ဘဲ ကောက်ကျစ်စဉ်းလဲသော အတွင်းစိတ်ကို အာရုံခံကြည့်ရုံနှင့် သိရှိနိုင်ပါသည်။

ထို့ကြောင့် သိုင်းပညာချင်းဖလှယ်ရန် ကိစ္စအား လုံးဝစိတ်ချယုံကြည်ထားလို့ မဖြစ်သေး။

မင်ဝမ်ဆရာတော်က....

www.burmeseclassic.com



'ကောင်းပြီလေ၊ ကိုယ်တော်ပြောဆိုတာကိုလက်ခံပါတယ်၊ ဒါပေမယ့် ရှောင်လင်ကျောင်းက သိုင်းခုနစ်ဆယ့်နှစ်ကွက်ဆိုတာ အတုနဲ့အစစ် ဘယ်လိုခွဲခြားလို့ ရပါမလဲ၊ တကယ်လို့ ကိုယ်တော်ပေးတဲ့ သိုင်းကွက်က အတုဖြစ်နေရင် ဘယ်လိုလုပ်မလဲ...'

စကားကုန် ပြောဆိုလိုက်ခြင်းဖြစ်၍ မျက်နှာကွက်ခနဲ ပျက်သွားမိလေတော့သည်။

'အို— မုသားသုံးပြီး သီဆချိုးဖောက်မယ်ထင်ရင် ရှောင်လင်ကျောင်းက သိုင်းခုနစ်ဆယ့်နှစ်ကွက်ကို ရှပ်မဲ့စိတ် လှိုင်းသိုင်းခုနစ်စင်းနဲ့ ယှဉ်ပစ်လိုက်ပေါ့'

'ကောင်းပြီ၊ ဒါဆို ကျုပ်ကိုယ်တိုင် စစ်ဆေးမယ်'

ရှောင်လင်သိုင်းကွက် ခုနစ်ဆယ့်နှစ်ကွက်အား အတု နှင့် အစစ် သရုပ်ခွဲစစ်ဆေးရန် ပြင်ဆင်ရလေတော့သည်။

အားလုံးက ထူးဆန်းသော စစ်ဆေးနည်းအပေါ် ငြိမ်သက်စွာ စိတ်ဝင်စားစွာ အာရုံပြုထားလိုက်ကြသည်။

ကွမ်းကျင့်ရှိ ဆရာတော်က တောင့်တောင့်မတ်မတ် ရပ်၍ ခန္ဓာကိုယ်ထဲမှ အတွင်းအားကို လက်ညှိုးနှင့် လက်ခလယ် နှစ်ချောင်းအား ဆန့်ထုတ်၍ အပြည့်အဝ ပို့ထားလိုက်လေသည်။

လက်နှစ်ချောင်းဆီမှ အလင်းရောင် နေမီးတန်းရှည်နှစ်ခုက တန်းပြီး ထွက်ပေါ်လာ၊ ဝမ်မင် ဆရာတော်ကြီးဆီသို့ လှစ်ခနဲ ရောက်ရှိသွားလေသည်။



ထိုနေမီးတန်းအား တန်ပြန်သည့် အလင်းတန်းတစ်ခုနှင့် တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။

မီးရှူးတန်းနှစ်ခုကဲ့သို့ အလင်းတန်းနှစ်ခုထိမိပြီး ရုတ်တရက် တိုက်ခိုက်မိသွားကြသည်။

မီးပွားအလင်းများ ဖြာထွက်သွားလေသည်။

ဆရာတော် ကွမ်းကျင့်ရှိမှာ ဆံဖျပ်တုန်လှုပ်မိသွားလေ၏။

သူ့အနေနှင့် မင်ဝမ်ဆရာတော်၏ အတွင်းအား နေမီးတန်ခိုးကို အံ့ဖွယ်ကောင်းလောက်အောင်ပင် မြင်တွေ့လိုက်ရလေသည်။

အလင်းတန်းများ ထပ်မံ မစ်လွှတ်သော်လည်း တန်ပြန်ဖျက်ဆီးမည့် အလင်းမီးတန်းက လမ်းကြောင်းပေါ်၌ အသင့်ရှိနေဆဲ။

စမ်းသပ်ရာမှ တိုက်ပွဲတစ်ခုလို ဖြစ်ပွားနေမိသည်။

ဆရာတော်နှစ်ပါး၏ အခြေအနေကြောင့် မင်းသားကလေးမှာ ဝရဇိန်ခြောက်သွယ်သိုင်းကျမ်းစာအုပ်အား မီးရှို့ဖျက်ဆီးပစ်နေရသည်။

'ဝရဇိန်ခြောက်သွယ် ဘယ်မလဲ'

ကွမ်းကျင့်ရှိ ဆရာတော်က စည်းချိုးဖောက်ပြီး တိုက်ခိုက်နေရင်း စတင် မေးမြန်းလိုက်သည်။

မင်ဝမ်ဆရာတော်က လုံးဝမပြောဘဲ တိုက်ခိုက်ရန်ရောက်ရှိလာမည့် အာရုံတစ်ခုကို တုံ့ပြန်ရန်အတွက်သာ အသင့်ပြင်ဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးနှစ်ချောင်း မီးပွင့်အလင်းထွက်လာသည့်သိုင်းကွက်အား မင်းသားကလေးက ကြည့်ရှုရင်း လွန်စွာ ကြောက်လန့်တုန်လှုပ်နေမိသည်။

နှစ်ဦးသား အခြေအနေမှာ တင်းမာစပြုလာပြီ။

'ဒီအတိုင်းဆို ကိုယ်မတော်က မိုးနဂါးကျောင်းတော်ကို လာရောက်စော်ကားသလို ဖြစ်နေတယ်၊ ကျုပ်တို့ ဘယ်နည်းနဲ့မှ သည်းမခံနိုင်ဘူး'

ခေါင်းဆောင် ဘုန်းတော်ကြီး ကွမ်ကျင့်ရီအား မိုးနဂါးဂိုဏ်း၏ ဒုဂိုဏ်းချုပ် တိမ်ကျွင်းချင်က ပြုံးပြုံးယန်းယန်း ဝင်ရောက် ပြောဆိုလိုက်လေသည်။

'အဲဒီလိုဆိုရင် ပညာချင်း ယှဉ်ကြရုံပေါ့'

စကားဆုံးသည်နှင့် ကွမ်ကျင့်ရီက လက်နက်မဲ့သိုင်းပညာကို အသုံးပြု၍ စတင် တိုက်ခိုက်လိုက်လေသည်။

'ပိုင်း...'

မြန်ဆန်ပြင်းထန်လွန်းသည့် တိုက်ကွက်အား တိမ်ကျွင်းချင်က လေထဲ လွှားခနဲ ခုန်ပျံ၍ တစ်ပတ်ကျွမ်းနှင့် ရှောင်လိုက်လေသည်။

ရန်သူကိုယ်ဖော် ကွမ်ကျင့်ရီက အဆက်မပြတ် လိုက်လံတိုက်ခိုက်နေသည်။

အခြေအနေက ရှုပ်ထွေးကုန်ပြီ။

ရန်သူများက အခွင့်သာသည်နှင့် တိုက်ခိုက်ရန် အသင့်ပြင်ဆင်လာကြသဲ။



မိုးနဂါးဂိုဏ်းမှ ရှောင်လင်ဘုန်းတော်ကြီးများက ရန်သူများ အတွင်းသို့ ဝင်ရောက်မလာနိုင်ရန် ဟန့်တားဖို့ကို အသင့်ပြင်ဆင်ထားကြသည်။

တိုက်ခိုက်နေသူနှစ်ဦး၏ အခြေအနေအား စောင့်ကြည့်ရပေဦးမည်။

မင်းသားလေးမှာ အပြင်မှ တိုက်ခိုက်သံကြားကတည်းက ဆရာတော် မှာထားသည့်အတိုင်း မိုးနဂါးကျောင်း၏ လျှို့ဝှက်သိုင်းကျမ်းစာအုပ်အား စတင်မီးရှို့ လိုက်လေတော့သည်။

မြင်ကွင်း တိုက်ပွဲမှာ ပြင်းထန်ဆဲပင် ဖြစ်နေသည်။

မိုးနဂါးသိုင်းကျောင်းမှ ဒုဂိုဏ်းချုပ်ကြီးအား ထိရောက်စွာ တိုက်ခိုက်အနိုင်ယူလိုက်လေပြီ။

အပြင်းထန်ဆုံး အတွင်းအားဖြင့် တိုက်ခိုက်ခံလိုက်ရသောကြောင့် တိမ်ကျွင်းချက်မှာ မချိမဆန့် ခံစားနေရသည်။

ရန်သူများက တိုက်ပွဲသို့ ပေါက်ဖွက် အာရုံရောက်သွားစဉ် မိုးနဂါးကျောင်းထဲသို့ အခွင့်သာရတုန်း ဝင်နိုင်ရန် ရှောင်လင်ဘုန်းကြီးများအား အပြင်းထန်ဆုံး တိုက်ခိုက်လိုက်ကြလေတော့သည်။

'ယား...'

'ဝှစ်...ဝှစ်'

အဆူညံဆုံးအသံများနှင့်အတူမိုးနဂါးကျောင်းတော်ကြီး၌ တိုက်ပွဲဖြစ်ပွားခဲ့လေပြီ။

အတိတ်နိမိတ်အတိုင်း အမှန်တကယ်ပင် တိုက်ပွဲကြီးမှာဆုံးဖြစ်ခဲ့ရပြီး ရန်သူဘက်မှ ခေါင်းဆောင်လာသော ကတုံးနှင့်

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမား‌ကြီးက ကြမ်းကြမ်းတမ်းတမ်းပင် ဝင်ရောက် တိုက်ခိုက်လေတော့သည်။

ရှောင်လင်ဘုန်းတော်ကြီးများ မယှဉ်နိုင်ဘဲ ကျဆုံးနေ၏။

ကျန်ကိုယ်တော်များက တိုက်ပွဲအခြေအနေကို ကြည့်ရှုရင်း အထိတ်တလန့်ဖြစ်လျက် ရှုံးနိမ့်တော့မည်ကို သိသဖြင့် ဆုတ်ခွာထွက်ပြေးသွားကြသည်။

မိုးနဂါးကျောင်းတော်ကြီးအတွက် တိုက်ခိုက်သူဘုန်းတော်ကြီးများက ရှုံးနိမ့်ကျဆုံးနေမယ်လဲသည်။

မင်းသားငယ်မှာ သိုင်းကျမ်းကို မီးရှို့၍ ပြင်ဆင်မိ၏။ အပြင်းထန်ဆုံး တိုက်ပွဲဖြစ်ပွားနေသည့် အခြေအနေအား[illegible]မ်ကျင့်ရှိ သဘောပေါက် နားလည်မိသည်။

ထို့ကြောင့် တိုက်ခိုက်သည့်ကြားမှ ဝရဇိန်ခြောက်သွယ်သိုင်းကျမ်းအား ရှာဖွေနေမိလေတော့သည်။

မင်းသားလေး စာအုပ်မီးရှို့သည်ကို တွေ့မြင်သွားသဖြင့် ဆရာတော် ကွမ်ကျင့်ရှိကိုယ်တိုင်က လိုက်လံတိုက်ခိုက်နေသည်။

ဝရဇိန်ခြောက်သွယ်သိုင်းကျမ်းစာအုပ်ကပြာဖြစ်တော့မည်။

ဆရာတော်ကွမ်ကျင့်ရှိက မင်းသားကလေးအား ချောင်ပိတ် တိုက်ခိုက်ရန် ကြံလိုက်သည်။

စူးရှသော အလင်းတန်းက နှလုံးအိမ်ကို ဖောက်ထွက်သွားပေတော့မည်။ မင်းသားလေး ကြောက်လန့် တုန်လှုပ်မိသည်။

သူ့ထံ၌ နေမီးစွမ်းအင် အတွင်းအားမရှိ၊ သို့သော်လည်း ကြံရာမရဖြစ်ပြီး လင်းညိုးနှင့် လက်ခလယ်အား ဆန့်ထုတ်၍ နေမီးစွမ်းအင် အတွင်းအားရှိနေသလို ဟန်ပြလိုက်၏။



'ရှီး...အား'

အလွန်ထူးဆန်း အံ့ဖွယ်တစ်ခုကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရလေတော့သည်။

ကင်းနှင့် ဖား ပေါင်းထဲသို့ ရောက်သွားပြီး နေမီ စွမ်းအင် အတွင်းအားက မင်းသားလေး၌ ရရှိနေပြီ။

'ရှီး'ခနဲ ထိုးထွက်လာသော အလင်းတန်းကြောင့် ကွမ်ကျင့်ရှိဆရာတော်မှာ အပူမီးနှင့်ထိမိပြီး ဝုန်းခနဲ လန့်ဖျပ်လဲကျသွားတော့သည်။

အသက်အရွယ်အားဖြင့် ငယ်ရွယ်သော မင်းသားကလေးထံ၌ပင် နေမီးစွမ်းအင်အတွင်းအား ရရှိနေပြီ မဟုတ်ပါလား။

အခွင့်အလမ်း ကောက်ပေါက်တစ်ခုရခိုက် မင်းသားကလေးမှာ မိုးနဂါးကျောင်းမှ လွှားခနဲ ခုန်ဆင်း၍ ထွက်ပြေးသွားလေတော့သည်။

မိုးနဂါးကျောင်းအတွင်း တိုက်ပွဲဖြစ်ပွားသံများ ဆူညံစွာ ဆက်လက် ပေါ်ထွက်နေဆဲပင် ဖြစ်သည်။

မင်ဝမ်ဘုန်းတော်ကြီးနှင့် တပည့်များက မိုးနဂါးကျောင်းကို ထားရစ်ခဲ့ပြီး ထွက်ပြေးသွားရလေတော့သည်။ အဝေးမှ မီးခိုးများ တလိပ်လိပ်ထွက်လာသည်ကို မြင်ရ၏။ တောအုပ်ထဲ ရောက်ရှိနေသော မင်ဝမ်ဆရာတော်နှင့် တပည့်များက မိုးနဂါးကျောင်းကြီး မီးရှို့ခံလိုက်ရသည့်အဖြစ်ကို ကြေကွဲစွာ ကြည့်ရှုနေသည်။

မင်ဝမ်ဆရာတော်က....

www.burmeseclassic.com

www.burmeseclassic.com



'ငါတို့ တိဗက်ကိုပြန်လို့ မရတော့ဘူး၊ မိုးနဂါးကျောင်းကို ဂေါက်ကျစ်ဦးလဲတဲ့ ကွမ်ကျင့်ရဲ့ ကိုယ်တော်က မီးရှို့ဖျက်ဆီးလိုက်ပြီ၊ ငါ စိုးရိမ်တာက တွမ်ယီ မင်းသားလေးပဲ၊ သူ့ကို သွားကယ်ချင်တယ်၊ သူက သိုင်းလဲ မတတ်ဘူး၊ ဒါကြောင့် ရန်သူ့လက်က လွတ်နိုင်ပါ့မလား မသိဘူး'

အဝေးသို့ ငေးကြည့်ရင်း ဆွေးမြည့်စွာပင် ပြောဆိုလိုက်လေတော့သည်။

'သူ့ကို သွားကယ်လို့ မဖြစ်ဘူး ဆရာတော်၊ သူ့အတွက်ကြောင့် အသက်တွေအားလုံး စတေးရလိမ့်မယ်၊ ကွမ်ကျင့်ရဲ့ ကိုယ်တော်က အငြိုးကြီးတယ်၊ ရက်စက် ယုတ်မာတယ်၊ သူ့လက်ထဲရောက်သွားရင် မလွယ်ဘူး'

'မင်းသားလေးတွမ်ယီလဲ တိုက်ပွဲဖြစ်ပွားနေတုန်း လွတ်ရာလွတ်ကြောင်း ထွက်ပြေးမှာပါပဲ'

'အိမ်း…သူက ပါးနပ်လိမ္မာစွာနဲ့ လွတ်အောင် ပြေးနိုင်ရင်တော့ ဝမ်းမြောက်စရာပေါ့ကွာ၊ ဘာပဲဖြစ်ဖြစ် အကြံပက်စက်တဲ့ ကွမ်ကျင့်ရဲ့ကိုယ်တော် လက်ထဲကို ဝရစိန်ခြောက်သွယ်သိုင်းကျမ်း ပါမသွားဘဲ မီးရှို့ဖျက်ဆီးပစ်လိုက်လို့ တော်သေးတာပေါ့၊ ဝရစိန်ခြောက်သွယ်သိုင်းကျမ်းသာ သူတို့လက်ထဲ ပါသွားရင် သိုင်းလောကတစ်ခုလုံးတော့ လုံးဝပျက်စီးရတော့မှာ အမှန်ပဲ'

'ဒါပေမယ့် မင်းသားလေးတွမ်ယီကို ကြည့်ရတာ ဝရစိန်ခြောက်သွယ်သိုင်း တတ်နေသလိုပဲနော်'



'အဲဒီကိစ္စက ပြောရခက်တယ်၊ ဝရစိန်ခြောက်သွယ်သိုင်းဟာ တာလီပြည်ရဲ့လျှို့ဝှက်ရတနာတစ်ပါးပဲလေ၊ သိုင်းခြောက်ကွက်လုံးကို မင်းသားလေးတွမ်ယီသာ တတ်မြောက်ထားမယ်ဆိုရင် မီးရှို့ ဖျောက်ဖျက်မိုင်းလိုက်တာဟာ အလကားဖြစ်မသွားနိုင်ဘူး'

ဆရာတော်နှင့် ဘုန်းတော်ကြီးများက မိုးနဂါးကျောင်းကြီး မီးရှို့ ဖျက်ဆီးခံလိုက်ရသဖြင့် ပျောက်ဆုံးသွားရသော်လည်း ဝရစိန်ခြောက်သွယ်သိုင်းမှာ မင်းသားလေးတွမ်ယီထံ၌ ရှိနေပေဦးမည်ဟု ထင်မိလေသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

## 'သိုင်းဘုရင်ရှူး မုယုံဝါ'

နံနက်ခင်းသို့ ရောက်လာပြန်သည်။

ဘဝမှာ ပြေးလွှားခြင်းနှင့် အဆုံးမသတ်နိုင်သေး။

ခေတ္တ ကွန်းခိုဖူးသည့် မိုးနဂါးကျောင်းကြီးလည်း မရှိတော့။

သူ့အတွက် ပြေးစရာမြေပြင် ရှိနိုင်ပါမလားဟု စိုးရိမ်မိ၏။ မြို့ထဲသို့မဝင်မီ ခြံကျယ်ကြီးတစ်ခြံကို တွေ့လိုက်ရလေသည်။ ထိုခြံကြီးထဲသို့ ခဏခိုလှုံချင်စိတ် ပေါ်လာမိ၏။

ထို့ကြောင့် မင်းသားလေးတွမ်ယီက သုတ်လက်ပေါ့ပါးစွာဖြင့် ခြံကြီးအတွင်းသို့ ကျော်ဝင်[illegible]သည်။

တိတ်ဆိတ် ငြိမ်သက်သော ခြံကျယ်ကြီးအတွင်း၌ လူရိပ်လူယောင် လုံးဝမမြင်မိပေ။



အခန်းတစ်ခန်းရှေ့သို့အရောက် စကားပြောဆိုနေသည်ကို မြင်ရသည်။

ထိုလူများ မမြင်နိုင်အောင် ခေါင်မိုးပေါ်သို့ လွှားခနဲ ခုန်တက်၍ အသံမကြားအောင် ကိုယ်ဖော့ရင်း အနောက်ဘက်သို့ လျှောက်လာမိသည်။

ခေါင်မိုးပေါ်မှ ပုန်းခိုချင်စရာကောင်းလှသော တောအုပ်စိမ်းစိမ်းကလေးတစ်ခုကို ခြံအနောက်ဘက်၌ တွေ့မြင်လိုက်ရလေသည်။

လွှားခနဲ ခုန်ချလိုက်ရင်း တောအုပ်ကလေးဆီသို့ ပြေးသွားလိုက်သည်။

ထိုတစ်ညတော့ တောအုပ်ကလေးထဲ စိတ်ချလုံခြုံစွာ အိပ်ရပေဦးမည်။

× × ×

မုယုံဝါကိုယ်တိုင် သိုင်းပညာရှင် အကျော်အမော် ဖြစ်လိုလှသူတစ်ယောက်ပင် ဖြစ်သည်။

သိုင်းကျမ်းများနှင့် ပတ်သက်၍ ရူးသွပ်နေသူ ဖြစ်၏။

မိုးနဂါးကျောင်းမှ ဝရဇိန်ခြောက်သွယ်သိုင်းကျမ်းသတင်းကား သူ့ထံသို့ ချက်ချင်းပင် ရောက်ရှိလာခဲ့လေသည်။

တပည့်တစ်ယောက်က ဝရဇိန်ခြောက်သွယ်သိုင်းကျမ်းအား မီး၌ ဖျက်ဆီးပစ်[illegible]သည် ဆိုသော သတင်းနှင့် [illegible]သိုင်းခြောက်ကွက်အား မင်းသားလေးတွမ်ယီ သိရှိသွားကြောင်းကို မုယုံဝါအား ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ထိုကိစ္စအား လေးနက်စွာ စဉ်းစားလိုက်၏။

'ဒီအတိုင်းဆိုရင် ဝရဇိန်ခြောက်သွယ်သိုင်းဟာလုံးဝပျောက်ကွယ်တာ မဟုတ်ပါဘူး၊ မိုနဂါးကျောင်းက ထွက်လာတဲ့ သတင်းအရဆိုရင် တွမ်ယီမင်းသားကိုလိုက်ရှာပြီး သိုင်းခြောက်ကွက် ပြန်ရေးခိုင်းလို့ ရတာပေါ့'

စိတ်ထဲပေါ်လာသည့် အကြံအား ပြောပြလိုက်၏။

'တွမ်ယီမင်းသားက ဝရဇိန်ခြောက်သွယ်သိုင်းကွက်တွေကို ပြန်ရေးပေးပါ့မလား၊ ခေါင်းမာမာနဲ့ ငြင်းနေရင် ဘယ်လိုလုပ်မလဲ'

'တွမ်ယီမင်းသားက သိုင်းခြောက်ကွက်ကို ပြန်မရေးဘူးဆိုရင် သူ့အဖေ အုပ်ချုပ်ရာမှာ ကာလခင်ဘင် မီးရှို့ဖျက်လိုက်ရုံပေါ့'

မုယုံဝါ ကိုယ်တိုင်က အတ္တကို ရှေ့တန်းတင်လိုသော သိုင်းသမားတစ်ယောက်ပင် ဖြစ်သည်။

ညီမဖြစ်သူ ဝမ်မင်းသမီးကလေးနှင့် စရိုက်ချင်း လုံးဝ ဆန့်ကျင်နေသည်။

ဝမ်မင်းသမီးကလေးက လူတိုင်းအပေါ်၌အကြင်နာတရားရှိသည်၊ ဂရုဏာစိတ်ရှိသည်။

သိုင်းလောကအား လွှမ်းမိုးနိုင်ရန် ရူးသွပ် မိုက်မဲသောလောဘတကြီး လုပ်ကိုင် ဆောင်ရွက်နေသော အစ်ကိုဖြစ်သူအပေါ် အမျိုးမျိုး တားမြစ်ဖျောင်းဖျခဲ့သော်လည်း မရနိုင်ပေ။

မုယုံဝါ စိတ်ဓာတ်ကား အစွန်းရောက်ဖက်သို့ ရောက်နေသူပင် ဖြစ်သည်။



ယိန့်ယ်၌ ရှိသမျှ သိုင်းကျမ်းစောင်များစွာကို သူ့လက်ဝယ် ထားရှိပြီး ပြင်းပြင်းထန်ထန် လေ့ကျင့်လျက် သိုင်းလောကထဲသို့ အထွတ်အထိပ် ရောက်လာအောင် ကြက်လမ်းနည်းဖြင့် ကြိုးစားလိုသူတစ်ယောက်သာ ဖြစ်သည်။

'တန်ယန်ကျမ်းနဲ့ အကြောပြင် နဂါးနိုင်သိုင်းကွက် ဆယ့်လေးကွက်ကိုလဲ ငါ ထပ်လိုချင်သေးတယ်၊ အဲဒါကို မင်း ရှာပေးပါ'

တမည့် ကောင်မလေးမှာ အဘော်ကို စိတ်ပျက်နေမိသည်။

သည်လို များပြားလှသည့် သိုင်းကျမ်းများအား မုယုံဝါ စုဆောင်းလို့ မပြီးစီးနိုင်သေး။

တွမ်ယီမင်းသား အိပ်ဆာမှုနိုးလာပြီး သူ ရောက်ရှိနေသော ခြံ၏အခြေအနေကို အကဲခတ် စုံစမ်းရန် ထွက်လာခဲ့လေသည်။

ကောင်မလေးတစ်ယောက် အခန်းထဲသို့ ဝင်သွားသည်ကို မြင်လိုက်ရသဖြင့် အနောက်မှ အသာလေး လိုက်လံချောင်းမြောင်း ကြည့်ရှုလိုက်မိသည်။

ချောမော လှပသော မင်းသမီးလေးတစ်ပါး အခန်းထဲမှ ထွက်လာသည်။

'မမဝမ်... အစ်ကိုမုယုံဝါက သိုင်းကျမ်းမိတ္တူ ကူးခိုင်းသားတာ ပြီးပြီလားလို့ မေးခိုင်းလိုက်ပါတယ်'

'အေး...အေး၊ အခုပဲ ယူပြီး လာခဲ့မယ်လို့ ပြောလိုက်'

ထိုအချိန် တမည့်ဖြစ်သူ ကျွန်မှန်းက သူတို့ပြောဆိုနေသည်ကို ချောင်းကြည့်နေသော တွမ်ယီမင်းသားကလေးကို တွေ့မြင်သွားသဖြင့် ဓားနှင့် ထောက်၍ ခေါ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'လုံးဝ မလှုပ်နဲ့၊ မင်း ဘယ်ကလဲ'

မင်းသားလေးက အခြေအနေကိုအကဲခတ်ရင်း မတုန်မလှုပ် ပြန်ဖြေလိုက်သည်။

'ဒုက္ခရောက်လာတဲ့ လူဘစ်ယောက်ပါ'

'အို…မယုံဘူး၊ ခြံထဲကို ခိုးကြောင်ခိုးဝှက် ဝင်လာတာဟာ အကြံအစည် တစ်ခုခုတော့ ရှိရမယ်၊ ကိုင်း…အထဲကိုကြွ'

ဝမ်မင်းသမီးကလေးက ကျင်စန်း ဓားနှင့်ထောက်၍ ခေါ်လာသော မင်းသားလေးအား မြင်တွေ့လိုက်ရသဖြင့် မျက်လုံးအဝိုင်းသား ဖြစ်သွားမိလေသည်။

'ဘာဖြစ်လာတာလဲ ကျင်စန်း'

'ခြံထဲကို ခိုးဝင်လာပြီး မမဝမ်တို့ စကားပြောနေတာကို ချောင်းနားထောင်နေလို့ ဖမ်းလာတာလေ'

မင်းသားလေး၏ မျက်နှာလေးကို မြင်လိုက်ရသဖြင့် မင်းသမီးကလေးမှာ ဝန္တရာကရှိုးသက်သွားမိရှာလေသည်။

'နေစမ်းပါဦး၊ မင်းက ဘာကြောင့် ခြံထဲအထိ ခိုးဝင်လာရတာလဲ'

'ကျွန်တော် ဒုက္ခရောက်လာလို့ ခကခိုလှုံမိတာပါ'

ကျင်စန်းက အမူအရာကောင်းလှသည့် မင်းသားလေးအား မယုံသင်္ကာမျက်လုံးဖြင့် စိုက်ကြည့်လိုက်ရင်း…

'အို…သူပြောတိုင်း မယုံပါနဲ့ မမဝမ်ရယ်၊ မယ်တော်ကြီးရဲ့ အခိန္နဲ့ဘိုတို့ ခြံထဲကျူးကျော်လာတဲ့ ရန်သူကို သတ်ပစ်လိုက်ရဲ့ ပဲပေါ့'



'ဒီ…ဒီလိုတော့ မလုပ်ပါနဲ့ဗျာ၊ ကျွန်တော် လူဆိုး သူခိုး မဟုတ်ပါဘူး၊ လူကောင်းပါ'

မင်းသားကလေးကဟန်ဆောင်၍ ကျင်စန်းအားတောင်းပန် လိုက်၏။

ဝမ်မင်းသမီးလေးက….

'ဒီတစ်ခါတော့ လွှတ်ပေးလိုက်ပါ ကျင်စန်းရယ်၊ တော်ကြာ အစ်ကိုကြီးသိသွားရင် ပြဿနာတွေက ပိုရှုပ်ထွေးကုန်ဦးမယ်'

ဝမ်မင်းသမီးကလေးကိုယ်တိုင်က ဖျောင်းဖျ ပြောဆိုလိုက် သဖြင့် ကျင်စန်း မကျေမနပ်နှင့် လွှတ်ပေးလိုက်ရလေတော့၏။

မင်းသားလေးက ကျေးဇူးတင်ရှိသောအကြည့်ဖြင့် တုံ့ပြန် ကြည့်ရှုရင်း လှစ်ခနဲ ထွက်ပြေးသွားတော့သည်။

x x x

မုယုံဝါအခန်းတွင်းသို့ သိုင်းကျမ်း မိတ္တူစာအုပ်အား ယူ ဆောင်၍ ဝမ်မင်းသမီးလေး ရောက်လာခဲ့သည်။

သူကိုယ်တိုင်က အစ်ကိုဖြစ်သူဆန္ဒအား သဘောမကျသော် လည်း မလွန်ဆန်နိုင်သဖြင့် စိတ်ချမ်းသာအောင် ဆောင်ရွက် ပေးနေသည် မဟုတ်ပါလား။

မုယုံဝါက ညီမငယ်ပေးသော သိုင်းကျမ်းမိတ္တူအား စေ့စေ့ ဆေး ကြည့်ရှုနေမိသည်။

'သိုင်းကျမ်းတွေကို ဘာလို့ ဒေါသတကြီး ထပ်ကူးခိုင်း နေရတာလဲ အစ်ကိုရယ်၊ ဒီလောက် သိုင်းကျမ်းတွေ တတ်နေ တာတောင် ဘာလို့ ထပ်ပြီး လိုချင်နေရတာလဲ…

www.burmeseclassic.com

www.burmeseclassic.com



'သူတစ်ပါးကို သတ်ဖြတ်ချင်တဲ့စိတ်ဟာ ကိုယ့်အတွက်လဲ လုံခြုံမှု မရှိနိုင်ပါဘူး၊ အန္တရာယ်များပါတယ်'

ဝမ်မင်းသမီးကလေးက မုယုံဝါကိုကြည့်ရင်း ပြောဆိုလိုက်လေတော့သည်။

'ညီမလေး ဘာမှမသိဘဲ ပြောမနေစမ်းပါနဲ့ကွာ၊ အစ်ကိုတော့ တစ်နေ့ကျရင် ဘုရင်ကြီးတစ်ဆူ ဖြစ်ရမယ်၊ ဒါကြောင့် ရှိသမျှ သိုင်းကျမ်းတွေကို ရှာဖွေစုဆောင်းရမယ်၊ လေ့ကျင့်ရမယ်၊ ကိုယ်ပိုင်သိုင်းကွက်တွေကို တီထွင်နိုင်ဖို့ ကြိုးစားရလိမ့်မယ်...

'ဒါမှ အစ်ကို့ကို ဘယ်သူမှ မယှဉ်နိုင်မှာလေ၊ သိုင်းဘုရင်လုပ်မယ့်လူဆိုတာ ကိုယ့်ဘာသာက ပြည့်စုံစွာ ရှိထားမှ ဖြစ်မှာ ညီမလေးရဲ့...

'အခုဆိုရင် သိုင်းကျမ်းပေါင်း များစွာ စုဆောင်းလာတဲ့ အထဲမှာ နဂါးနိုင်သိုင်းကွက်ဆယ်ကွက်နဲ့ ဝရဇိန်ခြောက်သွယ်သိုင်းပဲ လိုတော့တယ်...

'ပညာတစ်ခုဆိုတာ ပင်လယ်ပြင်ကြီးလို အဆုံးအစ မရှိ ကျယ်ဝန်းတယ်၊ အဲဒီသိုင်းကျမ်းနှစ်ခုသာရရင် အစ်ကို သိုင်းဘုရင်ဖြစ်ပြီ၊ တပည့်တပန်းတွေနဲ့ ဂုဏ်သိက္ခာနဲ့ ညီမလေးပါ အေးအေးဆေးဆေး နေလို့ရပြီလေ'

မုယုံဝါက သူပြောဆိုနေကျစကားကို မင်းသမီးလေး ဝမ်အား ရှည်လျားစွာ ရှင်းပြ ပြောဆိုလိုက်မိသည်။

ဝမ်မင်းသမီးလေးကိုယ်တိုင်က အစ်ကိုဖြစ်သူအား ကြည့်ရင်း စိတ်ပျက်မိသည်။



အစ်ကို မုယုံဝါအား သူတိုင်းအပေါ် စိန်ခေါ်သတ်ဖြတ် တိုက်ခိုက်နေသည့် သိုင်းဘုရင်အဖြစ် သူမ မမြင်ချင်ပေ။

သို့သော်လည်း တစ်ဇွတ်ထိုးနိုင်လွန်းလှသည့်အစ်ကိုကြောင့် တားမြစ်ရခက်လှသည်။

'အစ်ကို မောနေပြီ၊ ရေအေး သောက်မလား၊ ရေနွေး သောက်မလား ပြော'

စကားကို ဖြတ်လိုသော သဘောဖြင့် ပြောလိုက်မိ၏။

'ရေနွေးပဲ ယူလာခဲ့လေ'

မုယုံဝါက ညီမကိုကြည့်ရင်း ရိုးစင်းစွာပင် ပြောလိုက်လေ၏။

ရေနွေးနန်းကန်ကိုယူရင်း ခွက်ထဲထည့်ပေးလိုက်သည်။

အစ်ကိုဖြစ်သူ မုယုံဝါက ရေနွေးခွက်ကို မော့၍ သောက်ချလိုက်၏။

'ဟင်...'

ထိုအခိုက်...

မင်းသားလေးအား ကျင်စန်းက ဓားနှင့်ထောက်၍ အခန်းထဲသို့ ခေါ်လာသည်ကို မြင်လိုက်ရသဖြင့် ထိတ်လန့် ဖြစ်သွားမိသည်။

'အခန်းထဲ စကားပြောဆိုနေတာကို ချောင်းနားထောင်နေလို့ ဖမ်းလာတာပါ'

ကျင်စန်းက ပြောဆိုလိုက်၏။

မင်းသားလေး တွမ်ယီ အဖမ်းခံခြင်းမှာ ဒုတိယအကြိမ် ဖြစ်နေကြောင်း ဝမ်မင်းသမီးလေး နားလည်လိုက်မိသည်။

မင်းသားလေးကား မတုန်မလှုပ်ပင်။

www.burmeseclassic.com

www.burmeseclassic.com



မုယုံဝါက စိမ်းစိမ်းကြည့်လျက်—

'မင်းနာမည် ဘယ်သူလဲ၊ ငါတို့စံအိမ်ကို ဘယ်လိုလျှို့ဝှက်ချက်နဲ့ ရောက်လာရတာလဲ၊ မှန်မှန်ပြောစမ်း'

အမိန့်အာဏာသံအပြည့်ဖြင့် ပြောဆိုမေးမြန်းလိုက်လေ၏။

'ကျွန်တော် နာမည် တွမ်ယီပါ၊ ဒုက္ခရောက်လို့ ခြံထဲ ခဏ ခိုလှုံမိတာပါ'

ကျောင်စန်းက ကြားဝင်၍—

'သူ့ကို ဖမ်းမိတာ နှစ်ခါရှိပြီ၊ မေးလိုက်တိုင်း ဒုက္ခရောက်လို့ ခိုလှုံနေတာလို့ပဲ ပြောနေတယ်၊ ပြီးတော့ သူက ခြံထဲမှာ ရှိနေတဲ့ကိစ္စကို လိုက်စပ်စုနေတာပဲ'

မုယုံဝါက သူ့ရှေ့မှောက်ရောက်လာသောကိစ္စအား ရှုပ်ရှုပ်ထွေးထွေး ခေါင်းရှုပ်ခံ စဉ်းစားတတ်သူတစ်ယောက်မဟုတ်ပေ။

သိုင်းကျမ်းများအကြောင်းကလွဲ၍ သူ့ခေါင်းထဲတွင် ဘာမှမရှိ။

ထို့ကြောင့်—

'ဒါဆို သူ့ကို သတ်ပစ်လိုက်'

ကျောင်စန်းအား ပြတ်သားစွာပင် အမိန့်ပေး ပြောဆိုလိုက်လေ၏။

ကျောင်စန်းက သတ်ပစ်ရန် ဓားမြှင့် ရွယ်လိုက်၏။

'ကျောင်စန်း ...မသတ်နဲ့၊ နေဦး'

ဝမ်မင်းသမီးလေးက မနေသာဘဲ ကြားဝင်၍ ဟန့်တားလိုက်မိသည်။



မုယုံဝါက နားမလည်နိုင်လေဟန် ကြည့်ရှုရင်း....

'ဘာလို့ မသတ်ခိုင်းတာလဲ ဝမ်၊ သူက အပြစ်ရှိတဲ့တရားခံပဲ'

'အပြစ်ရှိတဲ့ လူတိုင်းကိုသာ သတ်ရမယ်ဆိုရင် လောကမှာ အသက်ပေါင်း ရာထောင်သောင်းမက သေကုန်လိမ့်မယ်၊ အသက်တစ်ချောင်းကို ကယ်ဆယ်ဖို့ဆိုတာ အင်မတန် ရတောင့် ရခဲပါ....

'ဒါကြောင့် သူ့ကို ခွင့်လွှတ်လိုက်ပါ အစ်ကိုရယ်၊ မသတ်ပါနဲ့နော်'

ဝမ်မင်းသမီးလေးက တွမ်ယီဘက်မှ ကာကွယ် ပြောဆိုလိုက်သဖြင့် မုယုံဝါ ဆုံးဖြတ်ရခက်နေမိသည်။

တွမ်ယီက မင်းသမီးလေး ဝမ်၏ အကြင်နာစိတ်ရှိပုံအား စိတ်ထဲကျေနပ် ပီတိဖြစ်နေမိ၏။

ကျောင်စန်းကတော့ နှစ်ကြိမ်တိုင်တိုင် ဖမ်းမိသော တရားခံတစ်ယောက်အပေါ် သတ်ဖြတ် အပြစ်မပေးသဖြင့် မကျေနပ်နိုင်သော အမူအရာနှင့် စိုက်ကြည့်နေသည်။

မုယုံဝါ စဉ်းစားရင်း ခေါင်းရှုပ်လာမိသည်။

မမျှော်လင့်ဘဲ ရောက်လာသည့် ပြဿနာကြောင့် သူ့ခေါင်းထဲမှ သိုင်းကျမ်းများကို လုံးဝ အပျောက်မခံနိုင်ပေ။

'ကဲ...ကဲ...ဒါဆိုရင် ညီမလေးဝမ်လဲ ကျေနပ်သွားအောင် ကျောင်စန်းလဲ ကျေနပ်သွားအောင် သူ့ကို အပြစ်ဒဏ်တစ်ခုတော့ ပေးမယ်၊ ဟုတ်ပြီလား'

တွမ်ယီမင်းသားလေး မသိမသာ သက်ပြင်းချလိုက်မိသည်။

သူ့အား မည်သို့ အပြစ်ဒဏ်ခတ်ပေးမည်နည်း။

www.burmeseclassic.com



'မင်းကို ခြံထဲမှာ အလုပ်ကြမ်းခိုင်းမယ်၊ ငါတို့ခြံအတွက် အလုပ်သမား လိုနေတာနဲ့ အတော်ပဲ'

'ဟုတ်ကဲ့…ဟုတ်ကဲ့ ကြိုက်သလို ခိုင်းပါ၊ အသက်ချမ်းသာပေးရင် တော်ပါပြီ'

မင်းသားလေးက မုယိုဝါကိုကြည့်ရင်း ကြောက်ရွံ့ တုန်လှုပ်ဟန်ဆောင်သော အမူအရာဖြင့် ပြောဆိုလိုက်လေသည်။

'ဘယ်လိုသဘောရသလဲ ညီမလေး ဝမ်'

'အစ်ကို့သဘောအတိုင်းပါပဲ'

ဝမ်မင်းသမီးလေးမျက်နှာမှာ ချစ်ခင်းပေါ်ဝင်းပသွားလေသည်။

အနှောင်အဖွဲ့ကောင်းလှသည့် မင်းသားလေး၏ အသက်တစ်ချောင်းကို ကယ်ဆောင်လိုက်ရသည့်အတွက် အလွန်ပင် စိတ်ကျေနပ်မိသည်။

မင်းသားလေးအဖို့ နတ်မိမယ်ကလေးလို ချောမော လှပသော မင်းသမီးလေးဝမ်၏ ခြံထဲ၌ သူ့ဘဝကိုဇာတ်မြှုပ်နေရလိုက်ရင်း အလုပ်ကြမ်းသမားအဖြစ် အပြစ်ဒဏ်ခတ်ခံရသည်ကိုပင် အထူး ကျေးဇူးတင်မိလေသည်။

မင်းသားလေးအဖို့အတွက် လုံခြုံမှုရှိသွားသည်။

မုယိုဝါကိုယ်တိုင်က သူ့အား ဝရဇိန်ခြောက်သွယ်သိုင်းကျမ်း မှတ်မိနေသော မင်းသားတစ်ပါးဟု မထင်ခဲ့။

မင်းသားလေးကိုယ်တိုင် ထိုခြံ၌ အလုပ်ကြမ်းလုပ်နေရသည်ကို ကျေနပ်မိသည်။



ချောမောလှပသော နတ်မိမယ်ကလေး ဝမ်အား နေ့စဉ်မြင်တွေ့နေရပြီး အလုပ်လုပ်ကိုင်ရခြင်းမှာ သူ့အတွက် ထူးခြားသော ကုသိုလ်ကံတစ်ခုကြောင့်ပင် ထင်မိသည်။

မင်းသားလေးကိုယ်တိုင်က ချောမောလှပသည့် နတ်မိမယ်ကလေး ဝမ်အား စွဲလမ်းမိသည် မဟုတ်ပါလော။

ဝမ်မင်းသမီးကလေး ဟိုဟိုသည်သည် ကြည့်ရင်း ခြံထဲသို့ ဆင်းလာသည်။

ထွမ်ယီက အမြဲတမ်း ဝမ်မင်းသမီးကလေးအား သတိထားနေသူတစ်ယောက်ဖြစ်၍ စကားသွားပြောဆိုရန် အနီးသို့ အိုးကပ်လာမိသည်။

'မနတ်မယ်'

'ဟင်…'

သူ့အား နတ်မိမယ်ကလေးထင်ပါးလိုပင် ခင်စားခေါ်လိုက်သဖြင့် ဝမ်မင်းသမီးကလေးမှာ အရမ်းအံ့အားသင့်သွားခဲ့လေသည်။

'မင်းက မြှောက်ပြောတတ်သားပဲ'

ဝမ်မင်းသမီးကလေးက ပြုံးရင်း ပြောဆိုလိုက်လေသည်။

'မမက ကျွန်တော့် အသက်ကို ကယ်တင်ခဲ့ဖူးတဲ့ ကျေးဇူးရှင်ပါတယ်၊ ဒါကြောင့် မြှောက်ပင့် ပြောစရာ မလိုပါဘူး'

'ဒါဆို မနတ်မယ်လို့ မင်းက ဘာကြောင့် ခေါ်ရတာလဲ'

'တကယ့်ကို နတ်သမီးတစ်ပါးနဲ့ တူလို့ပါ၊ ကျွန်တော် ဘဝထဲကို ပြေးလွှားနေရင်း တောထဲက လိုဏ်ဂူကြီးတစ်လုံးထဲမှာ နတ်သမီးရုပ်တုကြီးတစ်ခုကို တွေ့ခဲ့တယ်၊ အဲဒီရုပ်တုရဲ့

www.burmeseclassic.com



ချောမောလှပတဲ့ အဆင်းသဏ္ဍာန်ဟာ မမနတ်မိမယ်နဲ့ အရမ်းကို တူတာပဲ...

'အဲဒါကြောင့် ကျွန်တော့်အစကို ဓားယ်တင်ခဲ့တဲ့ မမနတ်မယ်ကို အရမ်းကြည်ညိုလေးစား ခင်တွယ်ခဲ့တာပေါ့'

တွမ်ယီက ရိုးသား ပွင့်လင်းစွာဖြင့် ရင်ထဲရှိသည့်အတိုင်း ရှင်းရှင်းဝေအောင် ပြောပြနေသည်။

သူ့အမူအရာက အလုပ်ကြမ်းသမား အဖြစ်ဒဏ်ခတ်ခံရသူတစ်ယောက်နှင့် လုံးဝမဆွတဲ့ နှစ်လိုဖွယ်ကောင်းလှသည်။

ဝမ်မင်းသမီးကလေးက ငေးကြည့်နေရင်း...

'မင်းကို မမဝမ် မေးစရာတစ်ခုရှိတယ်၊ မှန်မှန်ပြောမလား'

'ဟုတ်ကဲ့၊ ပြောမါမယ် မေးလေ'

ဝမ်မင်းသမီးကလေးက သူ၏ မျက်နှာကို ငေးစိုက်ကြည့်ကာ...

'မင်းပုံစံဟာ မျိုးရိုးစဉ်ဆက်တစ်ခုက ဆင်းသက်ပေါက်ဖွားလာတာပဲ၊ ဘယ်မျိုးရိုးကလဲ'

ဝမ်မင်းသမီးကလေး၏ အမေးစကားကြောင့် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိသည်။

'ကျွန်တော်က တွမ်မျိုးရိုးကပါ'

'ဟင်...ဒါဆို မင်းဟာ တွမ်မင်းသားလေးတစ်ပါးပေါ့ ဟုတ်လား'

သူက အမှန်အတိုင်း ခေါင်းညိတ်ပြောဆိုလိုက်သည်။

ဝမ်မင်းသမီးကလေးကိုယ်တိုင် လန့်ဖျပ် တုန်လှုပ်မိသလို ဖြစ်သွားသည်။



'အို...အားနာစရာကောင်းလိုက်တာ၊ မင်းကိုတွမ်မင်းသားလေးမှန်းမသိလို့ အခုလို မရှိမသေ ဆက်ဆံမိတာကို ခွင့်လွှတ်နော်'

ဝမ်မင်းသမီးကလေး မျက်နှာမှာ ချက်ချင်းပင် အရောင်ပြောင်းလဲသွားလေသည်။

မျိုးရိုးဂုဏ်နှင့် ရိုသေလေးစားမှုအား တန်ဖိုးထားရမည့်ခေတ်ဖြစ်နေသောကြောင့် သူ့အား အလုပ်ကြမ်းဒဏ်ခတ်သည်မှာ မှားယွင်းမှုတစ်ခုသာ ဖြစ်သည်။

✕ ✕ ✕

ထိုအခိုက်...

မုယိုဝါက သူတို့နှစ်ဦး စကားပြောဆိုနေကြပုံကို အခန်းထဲမှ ကြည့်ရှုရင်း...

'ညီမလေး ဝမ်...ဒီကို ခဏလာစမ်း'

'ဟုတ်ကဲ့'

ဝမ်မင်းသမီးကလေးက သူ့အား နှုတ်ဆက်ရင်း မုယိုဝါ အခန်းဆီသို့ ပြေးထွက်လာခဲ့လေတော့သည်။

'ဘာခိုင်းမလို့လဲ အစ်ကို'

'ညီမလေးကို အရေးကြီးတဲ့ စကား ပြောဆိုတိုင်ပင်စရာ ကလေးရှိလို့'

ဝမ်မင်းသမီးကလေး တွေဝေသွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဖြစ်သူ မုယုံဝါ ပြောသည့် ဆွေးနွေးစရာကိစ္စအား စိတ်ဝင်စားစွာ နားစိုက်ထောင်လိုက်မိသည်။

'အရေးကြီးတယ်၊ သေသေချာချာ နားထောင်နော်၊ ကြားဖြတ် မမေးနဲ့'

'ဟုတ်ကဲ့'

မုယုံဝါ၏ စကားမပြောဆိုမီ စည်းကမ်းချက်များ ထုတ်ပြောလိုက်သဖြင့် ဝမ်မင်းသမီးလေး ပို၍ပင် စိတ်ဝင်စားလာမိသည်။

'တွမ်ယီဟာ အညတရ လူတစ်ယောက်မဟုတ်ဘူး၊ တွမ်မင်းသားလေးတစ်ပါးပဲ၊ သူ့အကြောင်းကို ဆရာတော် ကျွမ်ကျွန်ရှိပြောလို့ အစ်ကို အားလုံးသိပြီးပြီ၊ အနမ်းကို အံ့သြသွားမိတယ်၊ သူဟာ အစ်ကို့အတွက် တန်ဖိုးမဖြတ်နိုင်စရာ လူတစ်ယောက်ပဲ'

ဝမ်မင်းသမီးလေးက သည်အကြောင်းကို သိချင်ပြီးသား ဖြစ်နေ၍ အံ့သြသွားပုံမပြဘဲ မုယုံဝါ ပြောဆိုသမျှကိုသာ ဆက်လက်နားထောင်နေမိသည်။

'တွမ်ယီဆီမှာ ဝရဇိန်ခြောက်သွယ် သိုင်းကွက်တွေ ရှိနေတယ်၊ သူဟာ တာလီပြည်က မင်းသားတစ်ပါးပဲ၊ မမျှော်လင့်ဘဲ မိုနဂါးကျောင်းအနေ သိုင်းအမွေတွေ ရထားသူပဲ…'

'အဲဒါကြောင့် ညီမအနေနဲ့ သူ့ကို စည်းရုံးပြီး ဝရဇိန်ခြောက်သွယ် သိုင်းကွက်တွေကို ရေးခိုင်းပါ'

ဝမ်မင်းသမီးလေး တုန်လှုပ်သွားမိသည်။



မင်းသားလေးထံမှာ ရှိနေသော သိုင်းခြောက်ကွက်အတွက် အစ်ကိုမုယုံဝါက သူ့ကို ကောင်းကောင်းအသုံးချ၍ ခိုင်းစေနေသည် မဟုတ်ပါလား။

'ဒီသိုင်းကွက်ခြောက်ကွက်သာ ရရင် သူ့ကို မသတ်ဘဲ အသက်ချမ်းသာခွင့် လွှတ်ပေးလိုက်မယ်'

အစ်ကိုမုယုံဝါ၏ စိတ်ဓာတ်အား သိရှိနားလည်ပြီးသားပင် ဖြစ်သည်။

ငယ်စဉ်ကတည်းက ယူချင်တာကို ရအောင် ယူတတ်သော အတ္တစိတ်ရှိ၏။

အနည်းနည်းနှင့် အသုံးချခြင်းကို လက်မခံလျှင် အခြေအနေက ပိုမိုဆိုးရွားလာမည်ကို သိသည်။

မင်းသားလေး အတွက် အထူးပင် စိုးရိမ်တုန်လှုပ်သွားမိ၏။

ထို့ကြောင့်…

'အစ်ကို ဘက်က ကတိတည်မယ်ဆိုရင် ညီမလေး သူ့ကို တာဝန်ယူပါမယ်'

ဝမ်မင်းသမီးလေးက မင်းသားလေးဘက်မှ ကာကွယ်သော သဘောနှင့် ပြောဆိုလိုက်လေတော့သည်။

'အို…ဒီအတွက် စိတ်ချ၊ အစ်ကို ကတိတည်ပါတယ်'

မုယုံဝါက ညီမ ယုံကြည်လောက်အောင်ပင် ပြောဆိုလိုက်သည်။

ဝမ်မင်းသမီးက မြွေနေရာမှ ဝရဇိန်သိုင်းခြောက်သွယ်အား တွမ်ယီထံ မေးမြန်းရန်အတွက် အခန်းအပြင်ဘက်သို့ ထွက်လာခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးကလေးက အရေးကြီးသောစကား ပြောဆိုစရာရှိသည်ဟု ပြောပြီး မင်းသားလေးအား အခန်းထဲသို့ ခေါ်ဆောင်လာခဲ့သည်။

လုံခြုံစိတ်ချရသော အခန်းထဲသို့ အရောက်....

'မင်းသားလေးဟာ ဝရဇိန်ခြောက်သွယ်သိုင်းအမွေရထားတယ်ဆိုတာ ဟုတ်သလား'

မင်းသားလေး ရင်ခုန်သံ မြန်သွားမိသည်။

ထိုကိစ္စမှာ....

လူတစ်ယောက်၏ ဘဝအတွက် လျှို့ဝှက်ချက်တစ်ခုပင်ဖြစ်၏။

ထိုကိစ္စအား....

ဝမ် မင်းသမီးလေး မည်သို့ သိရှိသွားသဖြင့် လာရောက်မေးမြန်းနေရသနည်း၊

စဉ်းစား၍ မရနိုင်အောင်ပင် ဖြစ်နေမိသည်။

'မမကို ကျွန်တော် မညာချင်ပါဘူး၊ ဒီသိုင်းမျိုးဟာ မျိုးရိုးစဉ်ဆက် အမွေတစ်ခုအနေနဲ့ ထိန်းသိမ်းလာရတဲ့သိုင်းကျမ်းပါ၊ မျိုးရိုးအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ရခြင်းဟာ မျိုးဆက်သစ်ဖြစ်တဲ့ ကျွန်တော်တို့ရဲ့ တာဝန်တွေလားပါပဲ၊ ဝရဇိန်ခြောက်သွယ်သိုင်းအမွေကို ဆက်လက်ထိန်းသိမ်းနိုင်မှ အမျိုးဂုဏ်မပျက်မှာပါ'

လိမ္မာပါးနပ်စွာ လှည့်ပတ် ပြောဆိုနေလိုက်သည်။

မင်းသမီးလေးက ဆက်၍ နားထောင်နေသည်။



'ဒါကြောင့် ဝရဇိန်ခြောက်သွယ်သိုင်းအမွေနဲ့ ပတ်သက်လာရင် အဲဒီသိုင်းကွက်တွေကို အမျိုးဂုဏ် ကာကွယ်စောင့်ရှောက်တဲ့အနေနဲ့ ဘယ်သူ့ကိုမှ မပေးပါရစေနဲ့ မမဝမ်ရယ်'

ဝမ်မင်းသမီးကလေး တွေဝေမိသွားသည်။

အစ်ကိုမုယုံဝါ၏ ဆန္ဒအတိုင်း သိုင်းခြောက်ကွက် တောင်းမေးရန် ကြံရွယ်မိသော်လည်း မင်းသားလေး၏ ပြောဆိုတင်ပြချက်က သင့်မြတ်မှန်ကန်မှုရှိနေသဖြင့် ဘာမှမပြောနိုင်ဘဲ စိတ်ကို လျှော့ချပစ်လိုက်ရလေသည်။

မင်းသားလေး စိတ်ပြောင်းလဲလာမည့်အချိန်ကို စောင့်ရပေဦးမည်။

ယခုလောလောဆယ် ၎င်းနှစ်ယောက်စလုံးက ပြောစရာစကား မရှိကြလိုပင် အခန်းတွင်း ငြိမ်သက်သွားကြလေတော့သည်။

ဝမ်မင်းသမီးကလေးကိုယ်တိုင် တစ်မ်ယီး၏ စိတ်အငြိုအငြင်ခံကာ ဝရဇိန်ခြောက်သွယ်သိုင်းကွက်ကို လုံးဝ တောင်းယူလိမ့်မည်တော့ မဟုတ်ပေ။

အစ်ကိုဖြစ်သူ မုယုံဝါနှင့် ထိုကိစ္စအား အကျိုးအကြောင်းပြောဆို ရင်ဆိုင်ရလေတော့သည်။

'သူက ရေးမပေးနိုင်ဘူးလို့ စကားအပြတ်ပြောသလား'

မုယုံဝါ၏စိတ်ဓာတ်ကို သိထားပြီးဖြစ်၍....

'ဟုတ်ပါတယ်၊ မျိုးရိုးဂုဏ်အတွက် အမွေအနှစ်တစ်ခုအဖြစ် ထိန်းသိမ်းစောင့်ရှောက်သူအနေနဲ့ ရေးမပေးနိုင်ဘူးပါ'

www.burmeseclassic.com

www.burmeseclassic.com



ဝရဇိန်ခြောက်သွယ်သိုင်းကျမ်းကို မရသဖြင့် ဒေါသထွက်မိနေသော်လည်း ဝမ်မင်းသမီးလေး ရှေ့မှောက်၌ အတတ်နိုင်ဆုံး ထိန်းချုပ်ထားလိုက်ရလေသည်။

'ကောင်းပြီလေ၊ သူ့ဘက်က သက်သေပြချက် ခိုင်လုံစွာနှင့် မရေးပေးနိုင်ဘူးလို့ ငြင်းနေရင်လဲ ဇွတ်အတင်း မရေးခိုင်းပါနဲ့၊ အစ်ကိုနည်း၊ အစ်ကို ဟန်နဲ့ သူ့ကို ရေးခိုင်းလိုက်ရုံပေါ့'

ဒေါသတကြီးပြောဆို၍ တွမ်ယီထံသို့ ထွက်သွားလေတော့သည်။

ဝမ်မင်းသမီးလေး ရင်တထိတ်ထိတ်ဖြင့် စိုးရိမ်နေမိသေး၏။

မုယုံဝါသည် သူလိုချင်တာကို ရအောင်ယူတတ်သူတစ်ယောက် ဖြစ်၏။

သူ့အခန်းသို့ ရုတ်တရက် ရောက်ရှိလာသော မုယုံဝါအား ရုတ်တရက် တွေ့လိုက်ရသဖြင့် သန်းချုပ်တုန်လှုပ်သွားမိလေ၏။

ဝရဇိန်ခြောက်သွယ်သိုင်းကျမ်း ကိစ္စဖြင့် ရောက်လာသည် ဖြစ်ကြောင်း ချက်ခြင်း သိလိုက်မိသည်။

'ဝရဇိန်ခြောက်ကွက်ကို မင်းက ရေးမပေးနိုင်ဘူးလို့ ပြောတယ်ဆို'

အေးစက်သော အသံအပြည့်ဖြင့် ဟိန်းဟောက် မေးမြန်းလိုက်သည်။

'ဟုတ်ပါတယ်'

မင်းသားလေးက တည်ငြိမ် အေးဆေးစွာပင် တုံ့ပြန်ပြောဆိုလိုက်လေသည်။



'စကားရှည်မနေနဲ့ တွမ်ယီမင်းသား၊ မင်းဘက်က ငါ လိုချင်တဲ့ သိုင်းခြောက်ကွက်ကို မနက်လင်းတာနဲ့ မရဘူးဆိုရင် မရေးပေးနိုင်ဘူးဆိုတဲ့ မင်းရဲ့အသက်ကို ငါဖြတ်ပစ်မယ်'

ခြိမ်းခြောက်ပြောဆို ကြိမ်းမောင်းလိုက်၏။

'ဒီလောက်ထိ ပြင်းပြင်းထန်ထန် မပြောပါနဲ့ အစ်ကိုရယ်'

'ညီမလေး ဝမ်ဝင်မပြောစမ်းနဲ့၊ နင့်ပါးစပ်ကို ပိတ်ထားစမ်း'

မုယုံဝါက ညီမဖြစ်သူအား လှည့်၍ ဟိန်းဟောက်သည်။ မင်းသားလေးက ဒေါသတကြီး ပြောဆိုနေသော မုယုံဝါအား လုံးဝ တုံ့ပြန်ခြင်းမပြုဘဲ ငြိမ်သက်စွာ နေလိုက်လေတော့သည်။

'မနက်ဖြန်မနက်ဟာ မင်းအတွက် နောက်ဆုံးပဲ'

အစ်ကိုဖြစ်သူအား ဒေါသစိတ်ပြေသွားစေရန် ဝမ်မင်းသမီးလေးက ကြားဝင်ဖြေရှင်းရတော့သည်။

'အစ်ကို ဆန္ဒပြည့်ဝအောင် တွမ်မင်းသားကို မနက်ဖြန် မိုးသောက်လင်းအထိ စောင့်ပါ၊ ညီမကိုယ်တိုင် ရေးခိုင်းထားပါ့မယ်'

'ကောင်းပြီလေ၊ ကတိမတည်ရင်တော့ ငါ့အကြောင်း သိမယ်'

မုယုံဝါက ဝရဇိန်ခြောက်သွယ်သိုင်းကို ဘယ်နည်းနဲ့မှ လက်လွှတ်ဆုံးရှုံးခံမည် မဟုတ်ကြောင်းကို ဝမ်မင်းသမီး သိရှိထားပြီး ဖြစ်သည်။ တစ်ဖက်ကလည်း သိုင်းကွက်များ ရေးပေးရန် မတိုက်တွန်းချင်။

★

www.burmeseclassic.com

## အခန်း ( ၅ )

### 'ကာယ်ဆင်ရှင် နှတ်မိမယ်'

ညဉ့်သန်းကောင်ယံအချိန်...

လှုပ်ရှားမှုတစ်ခုက ခြံဝင်းအတွင်း ရှိနေလေသည်။

အစောင့်အကြပ်များ မသိအောင် မီးအိမ်နီတစ်လုံးကို ကိုင်ဆောင်၍ ပုန်းကွယ် ရောက်ရှိလာသူမှာ ဝမ်မင်းသမီးကလေးပင် ဖြစ်သည်။

ထိုည မင်းသားအား ကာယ်ဆင်ရန် ဖြစ်၏။ သူမကိုယ်တိုင် ဝရဇိန်ခြောက်သွယ် သိုင်းကွက်များကို ရေးပေးဖို့ မင်းသားအပေါ် လုံးဝ မတိုက်တွန်းခဲ့။

အစ်ကိုဖြစ်သူ မုယုဝ ါ၏ အန္တရာယ် စက်ကွင်းအတွင်းမှ လွတ်မြောက်ရန်အတွက် ပထမနည်းလမ်းတစ်ခု စဉ်းစားရတော့သည်။

အစ်ကိုမုယုံ့ဓ ါအာ သိုင်းဘုရင်ဖြစ်ရန် ရူးသွပ်နေသူပင်ဖြစ်၏။



အစ်ကိုဖြစ်သူလက်သို့ မမျှော်လင့်ဘဲ ရောက်ရှိနေသော တွမ်မင်းသားလေးအတွက် စိတ်ဆင်းရဲစရာကို မပေးအပ်လိုက်ချင်ပေ။

တွမ်မင်းသားကလေးရှိသော အခန်းဆီသို့ မီးအိမ်အလင်းရောင် ရောက်ရှိလာခဲ့သည်။

'ဟင်...မမနှတ်မယ်'

တွမ်မင်းသားလေးက မြင်လိုက်ရသဖြင့် အရမ်းအံ့အားသင့်သွားမိသည်။

'ဒီနေရာက ထွက်ပြေးဖို့ လမ်းပြပေးမလို့လာခဲ့တာ တွမ်မင်းသား'

စကားကို လိုရင်းပြောဆို၍ မီးအိမ်နှင့်လမ်းပြကာ အစောင့်များ မရှိနိုင်သော နောက်ဖေးပေါက်မှ နှစ်ယောက်သား ထွက်လာခဲ့ကြသည်။

တွမ်မင်းသားလေးအနေနှင့် မတတ်သာ၍ ထွက်ခွာသွားရမည်ဖြစ်သော်လည်း သူ့ဘက်က အမြဲရပ်တည်ပေးသော ဝမ်မင်းသမီးလေးအပေါ် နားလည်ခံစားရသည်။

အစ်ကိုဖြစ်သူနှင့် စရိုက်ချင်းလုံးဝမတူဘဲ နူးညံ့သော နှလုံးသားနှင့် အကြင်နာတရားတို့ကို ပိုင်ဆိုင်ထားသည့် ဝမ်မင်းသမီးကလေးအပေါ် သူ့ဘဝတစ်လျှောက်လုံး ဘယ်တော့မှ မေ့နိုင်တော့မည်မဟုတ်ပေ။

နှစ်ဦးစလုံးက နှုတ်ဆက်စကားပင် ပြောဆိုချိန်မရဘဲ အစနှောက်မပေါက်မှ ခမ်းရွက်အွက်ကဆေး လျှောက်လာသည့်တိုင်အောင် ရင်ခုန်သံက မြန်ဆန်နေတုန်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မြန်မြန်လေးလေ'

အပြင်သို့ထွက်နိုင်မည့် တံခါးပေါက်ရှေ့သို့ ရောက်ရှိလာခဲ့လေပြီ။

'တွမ်မင်းသားလေး၊ ဒီနေရာက မြန်မြန်ပြေးပေတော့၊ မမဝမ် မျက်စိရှေ့မှာ မင်းကိုသတ်ဖြတ်တာ မမြင်ရက်ဘူး၊ မကြည့်ရက်ဘူး'

'လွတ်အောင်သာပြေးပါကွယ်၊ လွတ်မြောက်သွားရင် မမဝမ်းမြောက်လှပြီ'

'ကျေးဇူးတင်ပါတယ်'

တွမ်မင်းသားလေးက ကျေးဇူးတင်စကားပြောဆိုနှုတ်ဆက်ရင်း အမှောင်ထဲသို့ လှစ်ခနဲပြေးဝင်သွားတော့သည်။

မီးအိမ်ကိုကိုင်ရင်း ဝမ်မင်းသမီးလေးက မျက်စိတစ်ဆုံးငေးကြည့်ကာ ကျောက်ဆစ်ရုပ်တစ်ရုပ်လိုဖြစ်နေမိလေတော့၏။

လရောင်အောက်၌ တွေ့မြင်ရသော လမ်းကလေးအတိုင်း ပြေးလွှားနေမိသည်။

တိတ်ဆိတ်ငြိမ်သက်သော ဝန်းကျင်သို့ ပြေးလွှားသံများက လွှမ်းခြုံထားလေသည်။

လရောင်ကို မခံစားနိုင်။

...မြဲခြင်းကို သိနားလည်သော်လည်း မင်းသားလေးမှာ လွတ်ရာ လွတ်မြောက်ရေးကိုသာ အသက်လု ပြေးလွှားနေရလေသည်။

'တော့ မင်းသား လွတ်သွားပြီ၊ လိုက်စမ်း'

'ဝိုင်းထား၊ မလွတ်စေနဲ့'



ချုံများကို တိုးဝှေ့၍ သူ့နောက် လိုက်လာသော အသံဗလံများကို အတိုင်းသားကြားနေရသည်။

ဝမ်မင်းသမီးကလေးအပေါ် အထူးပင် ကျေးဇူးတင်ရှိသော်လည်း နောက်ပိုင်း ပြဿနာအတွက် ငြိမ်းအေးမှုရှိမည်လားဟု စိုးရိမ်မိသည်။

သူ့အပေါ် ထွက်ပေါက်တစ်ခု ရှာဖွေပေးသူမှာ ဝမ်မင်းသမီးလေးဖြစ်ကြောင်း မှုယုံဝါဒသိလျှင် လွယ်မည် မဟုတ်ပေ။

မင်းသားလေးမှာ ခြေဦးတည့်ရာ ပြေးလွှားနေလျှင် သူ့အား မြန်လည်ဖမ်းဆီးမိသွားနိုင်ကြောင်း သဘောပေါက်နားလည်လိုက်မိသည်။

ထို့ကြောင့်—

နောက်မှလိုက်လာသော ရန်သူများ မျက်ခြည်ပြတ်သွားစေရန် ခြုံစပ်ခုထဲ တိုးဝင်လိုက်မိသည်။

လမ်းတစ်ဖက်၌ရှိသော ခြုံထဲတိုးဝင်၍ အသာလေး ချောင်းကြည့် နေလိုက်မိသည်။

နောက်မှလိုက်လာသော ရန်သူများက သူရှိသောနေရာကို ကျော်သွားကြသည်။

ထိုခြုံမှာ အထဲသို့ ဖောက်ထွင်း မမြင်နိုင်လောက်အောင် ထူထပ်နေသောကြောင့် လှုပ်လှုပ်ရှားရှား လုပ်လျှင် သူရှိနေကြောင်းကို အလွယ်တကူသိရှိရန် မဖြစ်နိုင်ပေ။

ရုတ်ချင်း အပြင်သို့ထွက်ရဲဘဲ ခြုံထဲ၌ပင် ခင်ကိုင်းကုပ်ကလေးထိုင်ရင်း အက်ပြင်းကိုချကာ စဉ်းစားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါကြောင့် မမဝမ်တော့ သူ့အစ်ကိုနဲ့ ပြဿနာအကြီးအကျယ် တက်နေတော့မှာပဲ၊ မမဝမ်ရဲ့ကျေးဇူးကို ငါ ဘယ်လိုဆပ်ရမလဲ'

'ငါ့အသက်ကို ကယ်တင်ခဲ့စာ အကြိမ်ကြိမ်ရှိခဲ့ပြီ'

ဝမ် မင်းသမီးကလေးအတွက် မဘထ်အာ၍ ထွက်ပြေးလာရသော်လည်း နေ့ခက်ဆံ ဘင်းလျက် ရှိသည်၊

သူ့အား မင်းသားလေးတစ်ပါးဟု မသိခင်ကတည်းက စာနာသနားသောစိတ် ရှိခဲ့သော ဝမ်မင်းသမီးကလေးအား ဘယ်တော့မှ မေ့နိုင်လိမ့်မည်မဟုတ်ပေ၊

'ရှပ်... ရှပ်—ရှပ်'

ထိုအခိုက်...

ခြေသံကြားရ၍ ထိတ်ခနဲ ဖြစ်သွားမိသည်၊

တွေးလက်စစိတ်ကူးအား သေထဲလွှင့်ပစ်လိုက်ရင်း သူ့ခြေ ရောက်လာနေသော ခြေသံရှင်နှစ်ဦးကို အသာလေး ချောင်းကြည့်လိုက်မိလေသည်၊

နှစ်ဦးစလုံးမှာ မှုယ့်ပါ ခြော်ဘည့်များ မဟုတ်ပေ၊

သူကိုယ်တိုင် မမြင်ဖူးသော မျက်နှာစိမ်းများ ဖြစ်နေ၏၊

ထိုနှစ်ယောက်ကား ပျံကျဂိုဏ်းမှ ဒုဂိုဏ်းချုပ် ယိုမျိုးနှင့် ဂိုဏ်းချုပ် ချောင်ဖုန်းပင် ဖြစ်လေသည်၊

ယိုမျိုးက မျက်ခုံးမှောင်ကြုတ်ကာ—

'ချီဘန့်ဂိုဏ်းကလူက ယမင်းအောင်ဂိုဏ်းကို ဘာသဘောနဲ့ ဝင်ရှုပ်ရတာလဲ၊ ဒီဂိုဏ်းနှစ်ခုဟာ ဘယ်သို့နည်းနဲ့မှ ပတ်သက်စရာ မရှိဘူး'



ဟု ပြောလိုက်လေသည်၊

ဂိုဏ်းချုပ် ချောင်ဖုန်းက...

'အဲဒါ ငါ့အလုပ်ပါ၊ မင်း ဘာမှဝေဖန်စရာမလိုဘူး၊ ငါက ယမင်းအောင်ဂိုဏ်းနဲ့ ဆိုင်တယ်၊ ပတ်သက်တယ်၊ ချီဘန့်ဂိုဏ်းနဲ့ မဆိုင်ဘူး'

'ဒါဆိုလဲ ပြီးတာပဲဗျာ'

နှစ်ယောက်စလုံးက မပြေမလည်ဖြစ်လာကြခြေဟန်ရှိသည် ဟု မင်းသားလေးက အကဲခတ်ကြည့်ရင်း နားလည်မိလေ၏၊

မည်သည့်အတွက် ထိုသို့ဖြစ်ရသနည်း၊

ပျံကျဂိုဏ်းသားများဖြစ်သော်လည်း ချောင်ဖုန်း၏ပြောဆိုပုံမှာ အဆင့်အတန်းရှိလှသည်၊

အထင်အမြင်သေးလို့ လုံးဝမဖြစ်နိုင်မှန်း မင်းသားလေး နားလည်မိသည်၊

မြို့ပေါ်၌ လူတန်းစားအလွှာအသီးသီး ရှိသည့်အနက် ပျံကျဂိုဏ်းသားများအပေါ် အောက်တန်းအလွှာဟု သတ်မှတ်ထားကြသည်၊

အမှန်စင်စစ်...

ထိုပျံကျဂိုဏ်းမှပင် သိုင်းသမားကောင်းများ ပေါ်ထွန်းလာနိုင်သလို သိုင်းလောကအား အကျိုးပြုနိုင်သူများသည်း ရှိကောင်းရှိလိမ့်မည်ဟု မင်းသားလေးက ယုံကြည်မိလေသည်၊

သူတို့နှစ်ဦး ပြောဆိုနေပုံ အရဆိုလျှင် ချီဘန့်ဂိုဏ်းနှင့် ယမင်းအောင်ဂိုဏ်းမှာ အချင်းချင်းမသင့်မတင့်ဖြစ်ထားသော လုပ်ငန်းတွေ အဖွဲ့ဝင်များပင် ဖြစ်ရမည်၊

www.burmeseclassic.com

www.burmeseclassic.com



ချောင်ပုန်းမှာ ဒေါသဖြင့်ပြောဆိုပြီး ရှေ့ခန်းလှည့်ထွက်သွားသဖြင့် ယိုမျိုးတစ်ယောက် ကြောင်အမ်းအမ်းနှင့် ငေးကျန်ရစ်ခဲ့သည်။

ဒုဂိုဏ်းချုပ် ယိုမျိုးက ထိုသို့ အနိုင်ပိုင်းပြောဆိုသွားသည်ကို မကျေနပ်ပေ။

★

အခန်း ( ၆ )

'တော်ကိုယ်တော် သိမထီသက်ဝါး ချောင်ပုန်း'

ချောင်ပုန်း လမ်းမပေါ် တစ်ယောက်တည်း လျှောက်လာမိလေသည်။

သူကိုယ်တိုင် ချောင်ပျံကျဂိုဏ်း၌ ဂိုဏ်းချုပ် လုပ်ကိုင်နေရသော်လည်း စိတ်ဓာတ်ချင်း မတိုက်ဆိုင်ဘဲ ဆန့်ကျင်မှုများ ရှိလာသဖြင့် စိတ်ညစ်ရသည်။

ဘဝအခြေအနေအရ သူတတ်မြောက်ထားသောသိုင်းပညာနှင့် ချောင်ပျံကျဂိုဏ်းကို တည်ထောင်ခဲ့မိသော်လည်း စရိုက်မတူညီသောသူများ လာပေါင်းစုနေပြီး အမှန်တရားအတွက် ထက်မြက်စွာ လုပ်ကိုင်ဆောင်ရွက်လိုသော သူ့အပေါ် [illegible] ကျက်တစ်ခုကိုစောင့်၍ ဂိုဏ်းချုပ်ရာထူးမှ ဆက်ညှိုးထိုး[illegible] ပစ်ရန် အမြဲကြံစည်နေကြသည်။

သူလုပ်သမျှ အရာရာတိုင်းအပေါ် အကြောင်းမပြဘဲ အပြစ်တင်ကဲ့ရဲ့မှုများ ရှိလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ လုပ်ကိုင်ဆောင်ရွက်နေရသော ဂိုဏ်းချုပ်ရာထူး အပေါ် မက်မောတွယ်တာလိုစိတ်မရှိဘဲ စိတ်ပေါ့တက်ကျလာ၏။

သိုင်းပညာ၌ သူ့ကို ယှဉ်ပြိုင်ကျော်လွှန်၍မရသည့်အတွက် ကြောင့်သာ ချောင်ပျံ့ဂိုဏ်း၌ မကြေလည်သူတချို့က ငြိမ်နေကြခြင်း ဖြစ်သည်။

ချောင်ဖုန်းက လူငယ်ပီပီ ထက်မြက်စွာ ဆုံးဖြတ်ရဲသည်။ မဟုတ်မခံစိတ်ရှိသည်။

ထို့ကြောင့်...

တော်ရုံတန်ရုံလူက အမှားကို ထောက်မပြရဲဘဲ ဖြစ်နေမိ၏။

ယခုကိစ္စ၌ ဒုဂိုဏ်းချုပ် ယိုမျိုးကောင် သူ့ဘက်က မပါတော့ပေ။

ထိုကိစ္စကို စဉ်းစားမိတိုင်း ဒေါသထွက်နေမိလေသည်။

ထိုဒေါသကို တခဏပျောက်သွားအောင် မည်သို့လုပ်ရမည် နည်း။

သူတို့ သောက်နေကျသော အပေါစား အရက်ဆိုင်ကလေး ဆီသို့ ဦးတည်လျှောက်လာခဲ့သည်။

စိတ်ညစ်ညူးနေသမျှ အရက်နှင့် ဆေးကြောပစ်လိုက်မည် ဟု စိတ်ကူးမိသည်။

အရက်ဆိုင်ကလေးမှာ လူအနည်းငယ် ရှင်းစပြုနေပေသည်။

ငွေကုန်ကြေးကျ အနည်းဆုံး ဆိုင်ကလေးဖြစ်၍ စားပွဲထိုး ပင် မရှိ။

ဆိုင်ရှင်အဘိုးကြီးက စားပွဲထိုးလုပ်ရင်း ချောင်ဖုန်းရှိရာသို့ လျှောက်လာခဲ့လေသည်။



'ဘာမှာကြမလဲ'...

'ခက်လိုက်တာဗျာ၊ မှာရက်ဆိုင်ပဲ၊ အရက်သောက်ဖို့ လာ တာပေါ့ဗျ'

ချောင်ဖုန်းက စိတ်ညစ်လာသဖြင့် ဆိုင်ရှင် အဘိုးကြီးကို အော်ငေါက်ပစ်လိုက်သည်။

ထိုအဘိုးကြီးက အငေါ့ထူခံနေပြီ။

ချောင်ဖုန်းလို အော်ငေါက်တတ်သူမျိုး တစ်နေ့လျှင် ဆယ် ယောက်ထက်မနည်း ဆက်ဆံနေရသဖြင့် အပြုံးပြုံး၍ ခွင့်လွှတ် တတ်သည်။

'အမြည်းကော ဘာစားမလဲ'

'အကြွေးရရင်တော့ ဝက်အူချောင်းတစ်ပွဲ ယူခဲ့ဗျာ'

ဆိုင်ရှင် အဘိုးကြီးမှာ စကားကြောမရှည်ရဲဘဲ တစ်ချိုး တည်း လစ်သွားလေတော့သည်။

အကြွေးသာ ပေးမည်ဆိုလျှင် ရှိစုမဲ့စုကလေး မကြာခင် အရင်းပြုတ်သွားမည်ကို ချောင်ဖုန်း သိပြီးသား ဖြစ်သည်။

ကြာမီ...

ဆိုင်ရှင်အဘိုးကြီးက အရက်တစ်လုံး ယူဆောင်လာခဲ့သည်။

'ဝက်အူချောင်း ကုန်ပြီကွ'

'အကြွေးဆိုတာနဲ့ ခင်ဗျား ပါးစပ်ထဲက ဒီလိုစကားမျိုး ထွက်လာမယ်ဆိုတာ သိပြီးသားပါဗျာ'

အဘိုးကြီးမှာ ချောင်ဖုန်းပြောဆိုသမျှကို အပြုံးနှင့်သာဆံ ရင်း အရက်တစ်လုံးကိုချထားကာ ပြန်လည်ထွက်ခွာသွားလေတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဖုန်းမှာ ခေါင်းထဲ နောက်ကျိသွားသမျှ အားလုံးကို အခေါက်ခါး အရက်တစ်ခွက်ဖြင့် ဆေးပစ်လိုက်ရပေတော့မည်။

အရက်ကိုငှဲ့ပြီး ရေသောက်သလို သောက်ချလိုက်လေသည်။

လည်ချောင်းထဲ ပူခနဲ စီးဆင်းသွားသည်။

ဒုတိယတစ်ခွက် သောက်ကာနီး ချောင်ဖုန်း သစ္စာဆိုဖို့ သတိရလိုက်မိသည်။

အရက်ခွက်ကို မြှောက်လိုက်ရင်း…

'ငါသည် ဂိုဏ်းချုပ်ဖြစ်သည့်အတိုင်း ချီဘန်ဂိုဏ်းအပေါ် သစ္စာရှိပါမည်…

ဤစကားသာ မှန်ကန်ပါလျှင် ငါ လှံတိုင်ဆောင်ရွက် နေရသော အလုပ်အတွက် တိုက်ပွဲတိုင်း၌ အောင်ပွဲရနိုင်ပါစေသား…

ဟူ၍ သစ္စာဆိုရင်း အရက်ကို ဆက်သောက်နေမိလေတော့သည်။

စိတ်ထဲ ပေါ့ပါးလန်းဆန်းသွားသလိုပင် ဖြစ်မိသည်။

ချီဘန်ဂိုဏ်းအပေါ်၌ မည်ရွေ့ မည်မျှ သစ္စာရှိကြောင်း သူ့ကိုယ်သူ အသိဆုံးပင် မဟုတ်ပါလား။ အားလုံးက ဝိုင်း၍ အပြစ်တင်သော်လည်း သူ့အနေနှင့် ဂရုစိုက်နိုင်ပေ။

မင်းသားလေး တွမ်ယီတစ်ယောက် အန္တရာယ် ကင်းရှင်းပြီဟု ယူဆသဖြင့် တစ်ယောက်တည်း လမ်းမပေါ် ခပ်သွက်သွက် လျှောက်လာမိသည်။

'ဟိတ်…'

'ဟိုင်း…'



'ဂွစ်…ဂွစ်'

'ဂွစ်…ဂွစ်'

မုယိုင်ဂါ၏ တပည့်များက လက်နက်ကိုယ်စီဖြင့် ဘွားခနဲ ထွက်လာပြီး တိုက်ခိုက်လိုက်သဖြင့် ကြောက်အားလန့်အားပင် ရှောင်တိမ်းလိုက်ရလေတော့သည်။

တိုက်ခိုက်နေသည့် သိုင်းသမားများအပေါ် အထင်အမြင် သေး၍ မဖြစ်နိုင်သေး။

သိုင်းမှာတော်သော်လည်း ပိတ်ဆို့ တိုက်ခိုက်နေသော ဓားကွက်များအား လေတိုးသံ ကြားကတည်းက ရှောင်တိမ်းမိလျက်သား ဖြစ်နေသည်။

သိုင်းသမားများက သာမန်အဆင့်သာရှိ၍ တော်သေး၏။

အဆင့်မြင့်သိုင်းသမား ပါလာပြီး အစွမ်းထက်သည့် ဓားကွက်များကိုသာ အသုံးပြုလာလျှင် ရှောင်တိမ်းဖို့ လွယ်ကူလှမည် မဟုတ်ပေ။

မင်းသားလေးမှာ သတိကြီးစွာ ထားနေရလေတော့သည်။

ဓားကွက်များက ပိုမိုသွက်လက်၍ ပြင်းထန်လာသည်။

မင်းသားလေးတွမ်ယီတစ်ယောက် တစ်ကိုယ်လုံး ချွေးများ ဆို့နစ်လာသည်။

သူ့အား အနိုင်မတိုက်နိုင်ကြသေးသည်ကိုပင် အံ့သြလို့ မဆုံးနိုင်။

နတ်ဖဝါးများက နှိုးဆော်နေသကဲ့သို့ပင် ရှောင်ကွက်များမှာ တိတိကျကျပင် ဖြစ်လေသည်။

သို့ပေမယ့်…

www.burmeseclassic.com

www.burmeseclassic.com



ဆက်လိုကောင်းအောင် လေ့ကျင့်ထားရသည် မဟုတ်သဖြင့် အနည်းငယ်တော့ မောဟိုက်ပင်ပန်းစပြုနေပြီ။

'ကိုင်းကွာ...'

'ဝုန်း...ဝုန်း...ဝုန်း'

ရန်သူက စိတ်မရှည်နိုင်တော့။ တစ်ချိန်လုံး တိုက်စစ်ဆင်၍ တုံ့ပြန်ခြင်းမရှိသူတစ်ယောက်အပေါ် အများနှင့်တစ်ယောက် နိုင်အောင် မတိုက်ခိုက်ရကောင်းလားဟု ဒေါသဖြစ်နေကြ၏။

တိုက်ခိုက်နည်းသစ် အမျိုးမျိုးကို ပြောင်းလဲ၍ တိုက်ခိုက်နေသော်လည်း ထူးခြားမလာနိုင်သေး။

'ယား....'

× × ×

ထိုအခိုက်....

အမှောင်ထဲမှ ပြင်းထန်စွာ တိုက်ခိုက်လိုက်သူ သိုင်းဆရာ တစ်ဦးကြောင့် ရန်သူမှာ ရှတ်တရက် လွင့်စဉ်သွားလေတော့ သည်။

ထိုလူကား ချောင်ဖုန်းပင် ဖြစ်လေသည်။

'ဟော့ကောင် ရှေ့ဝ်...မင်းနဲ့ မဆိုင်ရင် ဖယ်စမ်း'

ရန်သူခေါင်းဆောင်က လက်ညှိုးထိုး၍ ပြောသို အမိန့်ပေး လိုက်သည်။

ချောင်ဖုန်းက ဂရုမစိုက်လေဟန် မင်းသားလေးရှေ့တွင် ရပ်ရင်း...



'အများနဲ့တစ်ယောက်အမဲဖျက်နေတာတော့ကြည့်မကောင်း ပါဘူး'

'ကောင်းပြီလေ၊ ဒါဆိုလဲ မင်းကိုပါ သင်္ချိုင်းကုန်းကို အဆက်ခေါ်သွားရတာပေါ့'

ရန်သူများမှာ အချိန်ဆွဲမနေတော့ဘဲ ချောင်ဖုန်းကိုပါ တိုက်ခိုက်ရန် ပြင်ဆင်လိုက်လေတော့သည်။

အဆင့်မြင့်သိုင်းပညာကို တတ်မြောက်ထားသော ချောင် ဖုန်းအား လွယ်လွယ်တိုက်ခိုက်၍ မရခေ။

ချောင်တိမ်းကျွက်မှာ ပိရိသေသပ်လှန်းလှသည်။

ရန်သူ၏ ဓားချက်များမှာ လေထဲ၌ပင် ရှိနေတော့သည်။ သိုင်းကွက် ဆန်းကြယ်စွာ တိုက်ခိုက်ကြည့်သော်လည်း လုံးဝ ထူးခြားမလာခဲ့ပေ။

ချောင်ဖုန်းအနေနှင့် ခံစစ်ခနေရာမှ တစ်ချိန်လုံး ပြိမ်ခံနေ၍ ဖြစ်နိုင်မှန်း သိနားလည်မိ၏။

'ဟိုင်း...'

'ဖြောင်း....'

အရှိန်ဖြင့် ဝင်ရောက်လာသူ ဓားသမားကို ကပ်ရှောင်ရင်း ကြားသို့ ဝင်ကန်လိုက်၏။

ကန်ချက် ပြင်းထန်လွန်းလှသဖြင့် ကျန်နေသူများပင် တုန် ညပ် ချောက်ချားသွားမိသည်။

ချောင်ဖုန်းမှာကြောင်အမ်းအမ်းဖြစ်နေသူများထံလာ၍ နက် သိုင်းပညာဖြင့် တရကြမ်း တိုက်ခိုက်လေတော့သည်။

www.burmeseclassic.com



ရှိနေသူများ ဖြစ်ယောက်ပြီး တစ်ယောက် မချိမဆန့်ခံနေ
သည်။

ရေးသားကလေးက ချောင်ဖုန်း တိုက်ခိုက်ပုံကိုကြည့်ရှုရင်
ကျေနပ်အားရနေသည်။

လက်နက်မဲ့ သိုင်းသမား တစ်ယောက်အား ကွမ်ကျင့်
စာပည်းများက အနိုင်တိုက်ခိုက်နိုင်ခြင်း မရှိမှန်းသိ၍ ချော
ဖုန်း၏ အဆင့်မြင့်သိုင်းပညာကို အားလုံးကပင် ယှဉ်၍မရနိုင်
သောကြောင့် ဆုတ်ခွာထွက်ပြေးသွားကြလေတော့သည်။

ချောင်ဖုန်းမှာ စိတ်ညစ်၍ သောက်ထားသော အရက်များ
ပင် မည်သည့်နေရာသို့ ရောက်သွားပြီလဲ မသိအောင်ပင် ပြ
သွားမိသည်။

တိုက်ပွဲအပြီးတော့ စာဒဂ်အတွင်း၌ပင် နီဂိုးချုပ်မှစ်လိုက်
လေတော့သည်။

တမ်ယီမင်းသားလေးက ချောင်ဖုန်းအနီးသို့ လျှောက်လ
ခဲ့ရင်း....

'ကျေးဇူးတင်ပါတယ် အစ်ကို၊ အစ်ကိုသာ ဝင်မကယ်ရ
ကျွန်တော့်ကို ဒီကောင်တွေ ဘယ်လိုဆက်ပြီးဒုက္ခပေးနေဦးမလ
မသိဘူး'

တမ်ယီမင်းသားက ကျေးဇူးတင်ရှိကြောင်း ပြောဆိုလိုက်
သည်။



မင်းသားကလေး၏ရုပ်သွင်ကို ချောင်ဖုန်း အကဲခတ်ကြည့်
ရင်း....

'မင်းနာမည် ဘယ်လိုခေါ်သလဲ'

'တမ်ယီပါအစ်ကို၊ အစ်ကို့နာမည်ကရော'

'သိမကီလက်ဝါး ချောင်ဖုန်း'

နှစ်ယောက်သား ခင်မင်ရင်းနှီးစွာ စိတ်ဆက်မိသွားကြသား
ဖြစ်သွားကြသည်။

တမ်ယီအား မင်းသားလေးတစ်ပါးဟု ချောင်ဖုန်းမသိ။

သို့သော် ကြည့်ရင်လှသော နူးညံ့သိမ်မွေ့သည့် မျက်နှာ
ကလေးမှာ အပြစ်ကင်းစင်သော ကလေးတစ်ယောက်လို ချစ်
ခင်ဖွယ်ကောင်းမှန်း သိသည်။

'ကျွန်တော့်ကို အစ်ကို့ညီလေး အရင်း တစ်ယောက်လို
သတ်မှတ်ပါနော်'

ချောင်ဖုန်းက စကားဆက်များနေဦးမည်ကိုစိုး၍ မင်းသား
လေးကိုထားခဲ့ရင်း ထွက်ခွာသွားသည်။

သူ့အပေါ် နားမလည်နိုင်သောမျက်လုံးလေးနှင့် ငေးခမာ
ကြည့်ရင်း ကျန်ခဲ့လေသည်။

ချောင်ဖုန်းတစ်ယောက်တည်း စိတ်ကူးဖြင့် လျှောက်လာ
သည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်ပျံ့ကျူ ဂိုဏ်းထဲသို့ သူပြန်လျှင် ပြဿနာတစ်စုံတစ်ခု မည်ကို သိသည်။

လမ်း၌ မနေမျှော်လင့်ဘဲတွေ့ရသည့် ကွမ်ယီ အကြောင်း သူ့ ခေါင်းထဲမှာ မရှိတော့ပေ။

မတရားမှုကို မြင်တွေ့လေတိုင်း ကယ်တင်ခဲ့ရသောလူပေါင်း မနည်းတော့ပေ။

ထိုလူများကိုသာ မှတ်ထားရလျှင် ခေါင်းထဲ၌ မှတ်ဉာဏ် ဆန့်မည်မဟုတ်တော့။

× × ×

'ယား'

'ဟိုင်း'

'ဖုန်း....ဖုန်း'

တုံခကျောင်းပျက် အဆောက်အဦ ကွက်စုရှေ့သို့ အခရောက် မမျှော်လင့်ဘဲ လူနှစ်ယောက်တိုက်ခိုက်နေသံကို ကြားရပြီး သည်။

ထိုအသံကား သူသွားနေသော ခရီးတစ်ခုကို စိတ်ဝင်စား စေလုပင် ဖြစ်သည်။

ချောင်ဖုန်း တိုက်ခိုက်နေသော မြင်ကွင်းဆီသို့ အာရုံပြုလိုက် မိသည်။



သိုင်းသမားကြီးတစ်ဦးနှင့် မိန်းကလေးတစ်ဦး၊ သိုင်းပညာ ချင်း ယှဉ်ပြိုင်တိုက်ခိုက်နေကြခြင်းဖြစ်သည်။

နှစ်ဖက်စလုံး လက်နက်မဲ့ အဆင့်မြင့်သိုင်းကွက်များကို အသုံးပြုရင်း တစ်ပြန်တစ်လှည့်စီ တိုက်ခိုက်နေကြသည်။

★

www.burmeseclassic.com

## အခန်း ( ၇ )

## 'အာရုံ မိန်းကလေး'

ခက်နေသည်မှာ တစ်ဖက်မှတိုက်ခိုက်နေသူက အားနွဲ့
မိန်းကလေးတစ်ဦးဖြစ်ပြီး ပြိုင်ဘက်မှာ အတွေ့အကြုံရင့်ကျ
သော သိုင်းသမားကြီးတစ်ဦး ဖြစ်၏။

ပွဲက သိပ်ကြည့်မကောင်းလှပေ။

မိန်းကလေးအား ခေါင်းထွက်ပြီး တိုက်ကွက်ပျက်သွ
စေရန် တမင်ရည်ရွယ်၍ ဆင်ထားသည့်တိုက်ကွက်ထဲသို့
ရောက်လာစေရန် ခေါင်းဆောင်နေမှန်း သိသာသည်။

လက်နက်မဲ့တိုက်ခိုက်နေခြင်းဖြစ်သော်လည်း ညှာတာမှု
ဘဲ တရကြမ်းတိုက်ခိုက်နေဆဲသည်။

မိန်းကလေး သတိနှင့် ကာကွယ်နေရသည်။



တိုသိုင်းသမားတော်စွမ်းခည်ကို ကြည့်ရှုရင်း မိန်းကလေးကို
စိုးရိမ်မိသည်။

'ဖုန်း'

'အား....'

အဆိပ်လက်ဝါးသိုင်းကွက်ဖြင့် သွေးကြောကို လှမ်းပိတ်
လိုက်သဖြင့် မိန်းကလေး မချိမဆန့် ခံစားလိုက်ရသည်။

'ဝုန်း'

'ဖတ်... ဖတ်'

ချောင်ဖုန်း လက်ပိုက် ကြည့်မနေနိုင်တော့။

တိုက်ခိုက်နေရာသို့ ဝုန်းခနဲခုန်ဝင်လိုက်ရင်း အဆိပ်လက်
ဝါး သိုင်းကွက်ဖြင့် ထင်မိတိုက်ခိုက်ခွင့်မရနိုင်စေအောင် ကာ
ကွယ်လိုက်သည်။

ချောင်ဖုန်းကာရံထားသော လက်များအကြား တစ်ဖက်
သိုင်းသမားမှာ ထိုးဖောက်နိုင်စွမ်းမရှိဘဲ ဖြစ်နေမိလေတော့၏။

ချောင်ဖုန်းအပေါ် အတော်ဝေမလေး ခေါ်သထွက်နေမိ
လေသည်။

'ယား....'

'ပိုင်း....'

နှစ်ယောက်စလုံး လေထဲပြိုင်တူခုန်၍ တိုက်ခိုက်ရန် ပြင်ဆင်
လိုက်ကြသည်။

အဆိပ်လက်ဝါး သိုင်းသမား၏ တိုက်ကွက်ကို မြင်ရုံနှင့်
သိရှိထားသူတစ်ယောက်ဖြစ်၍ မထိခိုက်အောင် ကာကွယ်ရင်း
မြေပြင်သို့ လွှားနေ ပြန်ကျလာသည်။

www.burmeseclassic.com



လတ်စ ဝါးရိုက်ချက် မိသွားသည့် မိန်းကလေးမှာ အားယူထလာသော်လည်း၊ ချောင်ဖုန်းအား ဝင်ခရောက်ကူညီတိုက်ခိုက်ရန် စွမ်းအင်မရှိသလို ဖြစ်နေမိသည်။

ချောင်ဖုန်းက တစ်ချက်လှမ်းကြည့်ရင်း ရန်သူအား ပြင်းထန်စွာ တိုက်ခိုက်ဖို့သာ ပြင်ဆင်မိတော့သည်။

သည်ဘွင် သူ၏ ကျွမ်းကျင်ပိုင်နိုင်ဆုံး သံမဏိသက်ဝါး သိုင်းကွက်အား အသုံးပြု၍ တိုက်ခိုက်ရန် ဆုံးဖြတ်ချက်ချလိုက်လေသည်။

သည်တစ်ကြိမ်တော့ ချောင်ဖုန်းကပင် ပြင်းပြင်းထန်ထန် စတင်တိုက်ခိုက်လေတော့သည်။

တစ်ဖက်ပြိုင်ဘက်သိုင်းသမားက ခံစစ်အနေအထားဖြင့် ခုခံကာကွယ်နေသည်။

'ဝှီး…'

'ဖုန်း…ဖုန်း'

'ဝုန်း…'

ချောင်ဖုန်း၏ သံမဏိသက်ဝါး သိုင်းကွက်အား မျက်စိရှင်ရှင်ကြည့်ရင်း တစ်ချိန်လုံး ခုခံကာကွယ်နေရလေတော့၏။

'ဝှီး….'

'ဖုန်း….'

လက်မောင်းတစ်ဖက်အား သံမဏိလက်ဝါးသိုင်းကွက်ဖြင့် မတော်တဆ ရိုက်ခတ်မိသဖြင့် ဒယိမ်းဒယိုင် ဖြစ်သွားခတော့၏။

ရှုံးနိမ့်သွားတော့မည်ကိုသိသဖြင့် မဟန်နိုင်ဖြစ်လျက်နောက်ဆုတ် ချောင်ပြေးသွားလေတော့သည်။



ချောင်ဖုန်းမှာ မဟန်နိုင်တဲ့ လဲနေသည့် မိန်းကလေးထံသို့ လျှောက်လာပြီး ထူလိုက်မိသည်။

'ဘယ်လိုနေသေးလဲ မိန်းကလေး၊ မင်းနာမည် ဘယ်လိုခေါ်လဲ'

ချောင်ဖုန်းက မေးလိုက်သည်။

'ကျွန်မနာမည် အာကျူပါ၊ အဆိပ်လက်ဝါး ဟုန်ကျင်းအဆက်ဆက်မှ ရန်စတိုက်ခိုက်တာပါ'

နာကျင်သော ဝေဒနာကို ခံစားနေရာမှ ချောင်ဖုန်း၏ အမေးကို ဖြေဆိုလိုက်သည်။

'မင်းမှာ အတွင်းဒဏ်ရာအစ်ခုရထားပြီထင်တယ်၊ ပေါ့ပေါ့ဆဆလုပ်လို့ မဖြစ်ဘူးနော်'

'ကျွန်မ ကြာခင် သေရမယ့်သူပါ အစ်ကိုရယ်၊ ကျွန်မကြောင့် အစ်ကို ဒုက္ခမရောက်စေချင်ပါဘူး၊ ကျွန်မကို ဒီမှာပဲ ထားရစ်ခဲ့ပါ'

'ဟာ… ဘယ်ဟုတ်ပါ့မလဲ၊ မင်းဒဏ်ရာကို ပျောက်ကင်းအောင် ကုသပေးနိုင်ပါတယ်၊ မင်း ငါနဲ့ လိုက်ခဲ့ရမယ်'

ချောင်ဖုန်းက ဖျောင်းဖျပြောဆိုရင်း အတင်းတွဲခေါ်လာခဲ့သည်။

အာကျူမှာ ထိုသို့ တိုက်ခိုက်ခံလိုက်ရသော ဝေဒနာမျိုး တစ်ခါမှ မခံစားဖူးသဖြင့် သွေးပျက်ခြောက်လန့်နေလေ၏။

ချောင်ဖုန်းကိုလည်း အားတုံ့အားနာ အမှုအရာ ဖြစ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်လက်ဝါး ရိုက်ချက်ကြောင့် ရရှိလာသော ဒဏ်ရာမှာ သူမအား ကောင်းစွာ ဒုက္ခပေးနိုင်ကြောင်းကို သိရှိပြီး ဖြစ်သည်။

'ကျွန်မကို ထားခဲ့ပါ အစ်ကိုရယ်၊ ကျွန်မ သေသွားရင် ဇန်တိုခြံမှာ မြှုပ်ပေးရင် ကျေနပ်ပါပြီ'

'ကဲ...စကားများမနေနဲ့ မချော၊ လမ်းမလျှောက်နိုင်ရင်လဲ ကျုပ် မပွေ့ချီပြီး ခေါ်သွားမယ်'

ပြောပြောဆိုဆိုပင် အာကျူ၏ ကိုယ်လုံးကလေးအား ရှေ ခနဲ ပွေ့လိုက်ရင်း ခေါ်လာခဲ့လေတော့သည်။

အာကျူ့အနေနှင့် သူ့ အပေါ် ဂရုစိုက်တတ်သော ချောင်ဖုန်းအား ကျေးဇူးတင်လို့ မဆုံးနိုင်အောင်ပင် ဖြစ်မိလေတော့၏။

ချီတန်ဂိုဏ်း၌ အဆိပ်လက်ဝါးကို ဖျောက်ကင်းအောင် ကုသပေးနိုင်သော သမားတော်ရှိမှန်း ချောင်ဖုန်း သိလိုက်၏။

ခက်နေသည်က ပျံကျဂိုဏ်းသား အချင်းချင်း မသင့်မတင့် ဖြစ်နေသောကြောင့် သူ့အပေါ် ရန်သူအနေနှင့် သတ်မှတ်မှာ ကျိန်းသေသည်။

သို့သော်လည်း မတတ်နိုင်၊ အာကျူဆိုသော မိန်းကလေး အသက်ရှင်ခွင့်ရရှိရန် ချီတန်ဂိုဏ်းသို့ သတ္တိရှိရှိနှင့် ဝင်ရောက်မှပင် ဖြစ်တော့မည်။

'ဟေ့...ဘာလို့ ခြံဝင်းထဲ ဝင်လာရတာလဲ'

ချောင်ဖုန်းကို တွေ့လိုက်ရသဖြင့် ချီတန်ဂိုဏ်းသားများက သူ့ရန်ဘက်တစ်ယောက်လို သဘောထား၍ ဝိုင်းရံထားလိုက်ကြသည်။



'ကျုပ်ကို ဘာကြောင့် မောင်းထုတ်ရတာလဲ'

'ဟား...ဟား...ဟား၊ မင်းဟာ နှစ်ဖက်ချွန် သစ္စာဖောက်တစ်ယောက်ပဲ၊ ငါတို့ ချီတန်ဂိုဏ်းက မင်းကို လက်သင့်ခံရင် လုံးဝ မှားသွားလိမ့်မယ်'

ချီတန်ဂိုဏ်းခေါင်းဆောင်က သူ့အား လှောင်ပြောင် ရယ်မောရင်း ပြောဆိုလိုက်လေသည်။

'ဒီမိန်းကလေးက ဒဏ်ရာရလာတယ်၊ ဒါကြောင့် ချီတန်ဂိုဏ်းမှာ ဆေးကုဖို့ လာခဲ့တာပါ'

လာရင်းကိစ္စကို ရှင်းလင်းစွာ ပြောဆိုလိုက်၏။

ချောင်ဖုန်းအနေနှင့် သူ့အား ရန်သူဟု သတ်မှတ်ထားသော ချီတန်ဂိုဏ်းသားများအပေါ် လုံးဝ ဂရုမစိုက်နိုင်ပေ။

သူ၏ သိုင်းပညာအဆင့်အတန်း မည်မျှရှိကြောင်း ချီတန်ဂိုဏ်းသားများ အသိဆုံးပင်ဖြစ်သည်။

သို့ပေမယ့် ဒဏ်ရာရလာသော အာကျူက ပါနေသဖြင့် ခက်လှ၏။

ခေါင်းဆောင်က သူ့အား သားကောင်အဖြစ် အမဲဖျက်တော့မည့်အလား စူးစိုက်စွာ ကြည့်ရင်း...

'ရှုပ်ရှုပ်ယှက်ယှက် ကိစ္စတွေကို ချီတန်ဂိုဏ်းထဲ ယူမလာနဲ့၊ ဒီမိန်းကလေးကိုလဲ ဆေးကုမပေးနိုင်ဘူး၊ မင်းပြန်တော့'

အာကျူမှာ မောက်မာစွာ ပြောဆိုနေသော ခေါင်းဆောင်အားကြောင့် ချောင်ဖုန်းကို ကြည့်ရင်း...

'ကျွန်မ သေချင်သေပါစေ အစ်ကိုရယ်၊ ဒီလောက် အခက်အခဲ ပြဿနာရှိနေရင်လဲ ဆေးမကုဘဲ ပြန်ကြတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



အာကျူ စိတ်ဓာတ်ကျနေမှန်းကို ချောင်ဖုန်းသိလိုက်သည်။
ချီတာန်ဂိုဏ်းထဲ ခေါ်လာပြီးမှ ပြန်လှည့်သွားမည်ဆိုလည်း သူ့အား တိုက်ခိုက်ကြတော့မည်ကို သိသည်။
ထို့အတွက် အကြောင်းထူးမလာနိုင်တော့ပေ။
'ကျုပ်ကြောင့် ဒီမိန်းကလေး ဒုက္ခရောက်မသွားစေချင်ဘူး ကျုပ် ရှယ်ဆရာကို တွေ့ချင်တယ်၊ သူနဲ့ ဆွေးနွေးမယ်'
ရှယ်ဆရာဟုခေါ်သည့် သမားတော်ကြီး ထွက်လာသော်
သူကိုယ်တိုင်က ချီတာန်ဂိုဏ်း၏အမိန့်သြဇာအောက်၌ ရှိကျွန်စွာ နေထိုင်ရသူဖြစ်၍ ခေါင်းဆောင်အမိန့်ကို ဆန့်ကျင်နိုင်
'ကိုင်း...မင်း ဘာပြောချင်သလဲ'
'ဒီမိန်းကလေး အဆိပ်သင့်တဲ့ဒဏ်ရာက အတော်ပြင်းတယ် ရှယ်ဆရာ၊ သူ့ကို ပျောက်ကင်းအောင် ကုသပေးစေချင်ပါတယ်'
ရှယ်ဆရာကိုယ်တိုင်က သမားတော် ဖြစ်နေသော်လည်း ခေါင်းကို ခါယမ်းလိုက်ရင်း...
'လူနာတိုင်းကို ဆေးကုပေးနိုင်ပေမယ့် မင်းနဲ့ ပတ်သက်နေလို့ ငါ ဆေးကုမပေးနိုင်ဘူး'
ရင်ထဲ နင့်ခနဲ ခံစားလိုက်မိသည်။
သူ့ကြောင့် အာကျူ ခံစားနေရသော ဝေဒနာ ဆိုးရွားမသွားစေချင်။
'သူ့ကို ဒဏ်ရာရလို့ လမ်းမှာ ကယ်လာတာပါ၊ သူနဲ့ ကျုပ်ဟာ လုံးဝ မပတ်သက်ပါဘူး ရှယ်ဆရာ၊ မယုံရင် သူ့ကို မေးကြည့်ပါ'



အာကျူက သူ့အတွက်ကြောင့် ချောင်ဖုန်းစိတ်ကိုလျှော့၍ တောင်းပန် ပြောဆိုနေမှန်း နားလည်မိသည်။
ခေါင်းဆောင်လုပ်သူကမျက်နှာကိုရှုံ့မဲ့မဲ့လုပ်လိုက်ရင်း...
'ငါတို့က မင်းပြောတာကို ဘယ်လိုယုံကြည်ရမှာလဲ'
ချောင်ဖုန်း စားပွဲရှေ့သို့ တိုးလာရင်း အရက်ခွက်ကို ဝေါက်ခနဲ ကောက်ကိုင်လိုက်၏။
'ခင်ဗျားတို့ ယုံကြည်အောင် ကျုပ် သစ္စာဆိုပြမယ်'
အရက်ခွက်ကို မြှောက်လိုက်ရင်း အရက်ခွက်ဖြင့် သစ္စာဆိုရန် ပြင်ဆင်လိုက်၏။

'ကျုပ် ဒီဂိုဏ်းက ထွက်တယ်၊ ဒီဂိုဏ်းနဲ့ လုံးဝမပတ်သက်တော့ပါဘူး၊ အာကျူဆိုတဲ့ မိန်းကလေးကို အဆိပ်ဒဏ်ရာ ပျောက်ကင်းအောင် ဆေးကုသပေးပါ'
ချီတာန်လူမျိုးတစ်ယောက်က ထိုဂိုဏ်းချုပ်အဖြစ်မှ နုတ်ထွက်လိုက်မည်ဟုဆိုသဖြင့် ထိုသစ္စာအရက်ခွက်အပေါ် အားလုံးက အသိအမှတ်ပြု ယုံကြည်သွားလေတော့သည်။
သူကိုယ်တိုင်ပင် လူ့အသက်တစ်ချောင်းနှင့် အခွင့်အရေးတစ်ခုကို လဲလှယ်လိုက်မိသည် မဟုတ်ပါလား။

'ကောင်းပြီလေ၊ ဒါဆို ဒီမိန်းကလေးရဲ့ အဆိပ်ဒဏ်ရာကို ပျောက်ကင်းအောင် ကုသပေးမယ်၊ မင်း ချီတာန်ဂိုဏ်းထဲက အပြီးအပိုင် ထွက်သွားပေတော့'
ချောင်ဖုန်းအနေနှင့် သူအဖြစ်ချင်ဆုံး ဆန္ဒအတွက် အပေးအယူ လုပ်ခဲ့ရသဖြင့် ကျေနပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အာကျူက သူ့အတွက်နှင့် ဂိုဏ်းချုပ်ရာထူးမှပင် နုတ်ထွက်သွားရသော ချောင်ဖုန်းအား မည်သို့နားလည်ရမှန်း မသိအောင်ပင် ဖြစ်နေမိသေးသည်။

'မိန်းကလေးကို အခန်းထဲ ခေါ်သွားကြစမ်း'

ခေါင်းဆောင်၏ အမိန့်အရ ချီဘန်ဂိုဏ်းသား နှစ်ဦးက အာကျူကို ဆေးကုသပေးရန် အခန်းထဲ ခေါ်သွားကြလေ၏။

အာကျူ အတွက် စိတ်အေးသွားပြီမို့ သံယောဇဉ်ဖြတ်လိုက်သည်။

'အာကျူကို စိတ်မပူပါနဲ့၊ အစ်ကို အများနဲ့တစ်ယောက်ဖြစ်နေတယ်၊ သူတို့ကို လုံးဝ ယုံကြည်လို့မရဘူး၊ အာကျူကို စိတ်ချစွာထားပြီး သွားပါ'

အခန်းထဲသို့ ခေါ်မသွားမီ အာကျူပြောခဲ့သော စကားသံအား ကြားယောင်မိသည်။

ခြံဝင်းအတွင်းသို့ ချောင်ဖုန်းထွက်အလာ ချီဘန်ဂိုဏ်းသားများက လက်နက်ကိုယ်စီနှင့် ဝိုင်းရံထားကြလေတော့၏။

'ဘာလုပ်တာလဲ'

'ချီဘန်ဂိုဏ်းကထွက်ရင် အသက်ရှင်လျက် ထွက်ခွင့်မရှိဘူးလေ၊..ဟား ...ဟား'

'ဪ.. ဒီလိုလား'

ချောင်ဖုန်း အခြေအနေကို ကောင်းစွာ သဘောပေါက်သွားမိလေသည်။

'ရှစ်...ဝှစ်'



ကောက်ကျစ်စဉ်းလဲသော ဒုဂိုဏ်းချုပ်ယိုမျိုး၏ အကြံအိုင်ဒီအေးချက် ...အက ပသူပျံ့အောင် ရောက်ရှိသွားလေသည်။

ချောင်ဖုန်း လွှားခနဲ ခုန်ရှောင်လိုက်လေသည်။

ချီဘန်ဂိုဏ်းသားများက ထွက်ပေါက်မရှိအောင်အဲဆင့်ဆင့် ပိတ်ဆို့ တိုက်ခိုက်နေကြသည်။

'ထန်...ထန်'

'ခြိမ်း....'

ချောင်ဖုန်းက ဓားကို ဆွဲထုတ်၍ ခုခံကာကွယ်ရှောင်ထွက်လိုက်လေသည်။

ချီဘန်ဂိုဏ်းသားများက အမဲဖျက်သလို သဲကြီးမဲကြီးပင် တိုက်ခိုက်နေကြသည်။

'မင်းတို့ အုပ်စုလိုက် မတိုက်ခိုက်ဘဲ တစ်ယောက်ချင်း အနိုင်အရှုံး ဆုံးဖြတ်ဖို့ သတ္တိရှိသလား'

ချောင်ဖုန်းက ရဲဝံ့စွာပင် စိန်ခေါ် ပြောဆိုလိုက်လေသည်။

ဂိုဏ်းချုပ်ရာထူးအား ထောက်ခံမှုအပြည့်နှင့် လိုချင်ခနေသူ ယူ့မျိုးက...

'ကောင်းပြီ၊ ဒါဆိုရင် ခင်ဗျားနဲ့ တစ်ယောက်ချင်းယှဉ်မယ်'

ဝိုင်းရံထားသူများ အသာလေး ဘေးဖယ်နေလိုက်ကြ၏။

ယူ့မျိုးမှာ အဆင့်မြင့်သိုင်းကွက် အနည်းအကျဉ်းမျှ တတ်မြောက်ထားသူဖြစ်၍ ...သူ ကြွနေသည်။

နှစ်ဦးသား ယှဉ်ပြိုင်တိုက်ခိုက်ရန် အသင့်ပြင်ဆင်ထားမိကြသည်။

www.burmeseclassic.com



တရားမျှတမှုရှိသော တိုက်ခိုက်မှုဖြစ်သောကြောင့် ချောင်ဖုန်းက ယုံကြည်မှုအပြည့် ရှိနေသည်။

'ယား...'

'ခြွမ်း...'

ယုံမျိုးက စတင်၍ ပြင်းထန်သော ဓားချက်ဖြင့် တရကြမ်း တိုက်ခိုက်လိုက်သည်။

ချောင်ဖုန်းက မီးပွင့်ထွက်သွားသော ဓားချက်ကို ခုခံ ကာကွယ်နေရာမှ နေ့ဇက်သို့ လွှားခနဲ ခုန်ဆုတ်လိုက်၏။

တိုက်စစ်ဆင်နေရာမှ အသာစီးရလိုသော ယုံမျိုးက လုံးဝ အဆက်မပြတ်စေရဘဲ တရကြမ်း တိုက်ခိုက်လိုက်လေသည်။

တိုက်ကွက်များမှာ ပြင်းထန်ရှုပ်ထွေးလှသော်လည်း ချောင်ဖုန်းမှာ နေဖြင့် သတိထား၍ အပိုင်ခုတ်ပိုင်းရန် အခွင့်အလမ်း တစ်ခုကိုသာ စောင့်ဆိုင်းနေမိလေသည်။

တိုက်ပွဲက အပြင်းထန်ဆုံး အခြေအနေအထိ ရောက်ရှိလာသည်။

'ခြွင်...'

'ခွမ်း...'

စွမ်းရည်တူညီသည်ဟု မဆိုသာသော်လည်း ယုံမျိုးမှာ တစ်ချိန်လုံး အသာစီးယူ၍ အရှိန်လုံးဝမလျှော့ဘဲ တိုက်ခိုက်နေခြင်းသာဖြစ်သည်။

အတွင်းအား အပြည့်အဝ အသုံးပြုသော ဓားချက်များကို တစ်ချက်ကလေး မယိမ်းယိုင်သွားအောင် ကာကွယ်နေရလေသည်။



'ထန်း...'

'ခြွမ်း...'

'အား...'

အပိုင်ခုတ်ပိုင်းလိုက်သောအခါ ဓားချက်မှာ ချောင်ဖုန်း၏ ကာကွယ်မှုကြောင့် ယုံမျိုး၏ဓားမှာ ကျိုးပဲ့သွားပြီး လက်မောင်းတစ်ဖက်သို့ စိုက်ဝင်သွားလေသည်။

သိုင်းသမားတစ်ယောက်နှင့် တစ်ယောက် ယှဉ်ပြိုင်ပွဲ၌ ဓားကျိုးသွားသူက ရှုံးနိမ့်သည်ဟု သတ်မှတ်ရစမြဲပင် မဟုတ်ပါလား။

'ယုံမျိုး...မင်းရှုံးပြီ'

ချောင်ဖုန်းက စိုက်ကြည့်ရင်း ဓားကျိုးကို သက်သေပြသလို ပြောဆိုလိုက်လေသည်။

ယုံမျိုး၏ မျက်နှာပေါ်၌ ရှက်ရွံ့ခြင်း၊ နာကြည်းခြင်း၊ ရှုံးနိမ့်ခြင်းအတွက် မခံမရပ်နိုင်ဖြစ်မိခြင်း အရိပ်အယောင်များ ယှက်သမ်းလာသည်။

ဓားကျိုးကို ကိုင်ထားသောလက်မှာ တဆတ်ဆတ် တုန်ခါလေသည်။

'ကဲကွာ...'

'အင့်...'

ယုံမျိုး တွေတွေထူးထူး စဉ်းစားမနေတော့ပေ။ ရှုံးနိမ့်ခြင်းအား အပြစ်ဒဏ်ခတ်သည့်အနေနှင့် ရင်ဘတ်ညွှန်သို့ ဓားကိုစိုက်ချရင်း မိုက်မဲစွာ အဆုံးသတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယူမျိုးကိုကြည့်ရင်း အားလုံးမှာ တုန်လှုပ်ချောက်ချားသွားကြသည်။

'ဟိုင်း...'

'ဝှစ်...ဝှစ်'

ချောင်ဖုန်း ကြောင်အမ်းအမ်းဖြစ်နေခိုက် သူ့အား အလစ်ဝင်၍ တိုက်ခိုက်လိုက်လေသည်။

လွှားခနဲ တစ်ဖက်သို့ ခုန်ရှောင်လိုက်၏။

ချောင်ဖုန်း၏လက်မောင်း မားနှင့် ရှင်မိသွားသဖြင့် သွေးများ ရဲခနဲ ထွက်လာသည်။

ယူမျိုး သေဆုံးရတော့မည့်အတွက် ကျူးနေခဲ့သလိုပင် ချောင်ဖုန်းအား ထွက်ပေါက် လုံးဝမပေးဘဲ ဝိုင်းရံတိုက်ခိုက်လာကြလေတော့သည်။

ညာဘက်လက်မောင်းဒဏ်ရာရထားသည့်ကြားမှအသက်လု ရှောင်တိမ်းနေရလေတော့သည်။

ချီဘန်ဂိုဏ်းမှာ လူများသည့်အပြင် ပိတ်ဆို့တိုက်ခိုက်မှုမှာလည်း သွက်လက်မြန်ဆန်လှသည်။

'ဝှီး...'

'ရှပ်...'

'အား...'

ရှောင်တိမ်းနေရင်းပင် ချောင်ဖုန်း၏ ကျောပြင်သို့ ဓားဖြင့် ခုတ်ပိုင်းမိသွားပြန်သည်။

သူကိုယ်တိုင်ပင် တုံ့ပြန်မှု အချိန်မရလိုက်သည့်အပြင် ချီဘန်ဂိုဏ်း၏ တိုက်ခိုက်မှုကို အလူးအလဲ ခံစားနေရသေတော့သည်။



ဇာတ်တူသားစားလျှင် ဟင်္သာကိုးသောင်း ပျက်စီးသည်ဆိုသော စကားအတိုင်း ခေါင်းဆောင်မှု မရှိနိုင်သော ချီဘန်ဂိုဏ်းမှာလည်း သိုင်းလောကထဲ ကြာရှည်ခံနိုင်မည်မဟုတ်။

ချောင်ဖုန်း အတတ်နိုင်ဆုံး ခုခံကာကွယ်လိုက်ရင်း မဘာ အုပ်ဆီသို့ လွှားခနဲ ခုန်ကျော် ထွက်ပြေးလာခဲ့လေသည်။

ချီတန်ဂိုဏ်းမှ သူဒဏ်ရာရထားသည်ကို သိနေသောကြောင့် လုံးဝ မျက်ခြည်ပြတ်မခံဘဲ တောထဲသို့ ဆက်လိုက်လာသည်။

ဒဏ်ရာများကြောင့် သူ့တစ်ကိုယ်လုံး သွေးများ ရွှဲစိုနေသည်။

အင်အားရှိသမျှ တိုက်ခိုက်ရာ၌ အသုံးပြုခဲ့ရသဖြင့် ခန္ဓာကိုယ်မှာ ဒယီးဒယိုင် ဖြစ်နေမိသည်။

ပြေးလွှားခြင်းကို ရပ်တန့်လိုက်လျှင် ရန်သူ့လက်ချက်ဖြင့် သေဆုံးရမည်ကို သိရသည်။

တစ်ဖက်တောစပ်ဆီသို့ရောက်အောင် ပြေးလွှားလိုက်ရ၌—

သစ်ပင်ကိုမှီ၍ အနားယူခိုက်...

'မောင်...မင်း...မင်းတို့'

'ကျွန်တော် ဂိုဏ်းချုပ်ရဲ့ တပည့်အရင်းတွေပါ၊ ဒီလမ်းကိုဆက်မပြေးနဲ့ အန္တရာယ်ရှိတယ်၊ တစ်ဖက်လမ်းက လွတ်အောင်ပြေးပါ'

တပည့်ဖြစ်ခဲ့ဖူးသူနှစ်ယောက်က ချောင်ဖုန်းအား ဘေးဥ သိဘတ်စွာဖြင့် အန္တရာယ်ကင်းသောလမ်းကို ညွှန်ပြပေးလိုက်လေသည်။

ချီဘန်ဂိုဏ်းသားများမှာ အုပ်စုသုံးစုခွဲလိုက်ကြခြင်း ဖြစ်၏။

www.burmeseclassic.com



အုပ်စုတစ်မှ သူ့အပေါ် လေးစားကြည်ညိုသူများကြောင့် အသက်ချမ်းသာခွင့်ရခဲ့သော်လည်း အုပ်စုနှစ်နှင့် သုံးကို ရှောင်တိမ်းရပေဦးမည်။

တစ်ဖက်လမ်း၌ သူ့အပေါ် အန္တရာယ်ပေးနိုင်သော အုပ်စုရှိကြောင်းကို သိသဖြင့် တပည့်များ ညွှန်ပြသောလမ်းအတိုင်း ခရီးဆက်လာမိသည်။

'ယား...'

'ဝှစ်...ဝှစ်...ဝှစ်'

'အား...'

ချီတန်ဂိုဏ်းမှ အုပ်စုသုံး သိုင်းသမားများက သူ့အား ဝိုင်းရန်းတိုက်ခိုက်လိုက်ကြသည်။

ဓားကို ရွှမ်းခနဲ ဆွဲထုတ်၍ ခုခံကာကွယ်လိုက်ရင်း တိုက်ခိုက်နေသည့်ကြားမှ ထိုးဖောက် ထွက်လိုက်ရလေသည်။

ချီတန်ဂိုဏ်းသားတစ်ယောက် ကျဆုံးကျန်ရစ်ခဲ့သည်။ သူ့အနေနှင့် နာကျင်စွာ ခံစားနေရသည့်ကြားမှ ရန်သူအား မျက်ခြည်ပြတ်ရန် တောထဲ၌ ခြေဦးတည့်ရာသို့ ထွက်ပြေးနေရတော့သည်။

ချီတန်ဂိုဏ်းသားများက ချောင်ဖုန်းအား လုံးဝ မျက်ခြည်ပြတ်သွားလေတော့သည်။

ဒဏ်ရာပြင်းထန်စွာ ရသွားသဖြင့် တောထဲ၌ သေဆုံးသွားမည်ဟု သူ့အကာ လွှည့်လာခဲ့ကြသည်။



တောမ်ယီတစ်ယောက် မြို့ထဲ၌ အန္တရာယ်ကင်းရှင်းစွာ နေထိုင်ရသော်လည်း လွှမ်းဆွတ်မှု ဝေဒနာကား ပျောက်ကင်းမသွားနိုင်သေး။

တောမ်လူမျိုး အမျိုးအနွယ်မိဒေါ်ဖဲ့စုက သူ့အား စောင့်ရှောက်ထားခဲ့ဖူးလသည်။

ဝမ်မင်းသမီးကလေးကို လွှမ်းဆွတ်သတိရလေတိုင်း သူနှင့်တူလွန်းလှသည့် ပန်းချီကားလေးကို ကိုယ်နှင့်မကွာဆောင်ရင်း မကြာခဏ ထုတ်ကြည့်နေမိသည်။

'မမနုတ်မယ် ဘယ်တော့များမှ ပြန်ဆုံကြမှာလဲ မသိဘူးနော်၊ ရေစက်ပါရင် တစ်နေ့ပြန်ဆုံရမယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်'

ပန်းချီကားလေးကို စိုက်ကြည့်ရင်း အရူးတစ်ယောက်လို ပြောဆိုနေမိသည်။

သူ့အား လမ်းပေါ်သွားလာနေသူများက နားမလည်နိုင်သော အကြည့်ဖြင့် ကြည့်ရှုသွားကြလေသည်။

'ပန်းချီကားကလေးက အဖော်ကို လှတယ်နော်၊ ပြန်ရောင်းရင်တော့ ဈေးကောင်းရမှာပဲ'

အလိုက်ကန်းဆိုး မသိသော အဘိုးကြီး တစ်ယောက်က ပန်းချီကားကို ကြည့်ရှုရင်း ပြောလိုက်သည်။

'ဘာဗျ... ဘာပြောတယ်၊ ရောင်းစားရမယ် ဟုတ်လားခင်ဗျား ရန်စကားမပြောနဲ့၊ သွားဗျာ...သွား'

အဘိုးကြီးမှာ အော်ထုတ်လိုက်သဖြင့် ကြောင်အမ်းအမ်းပင် ဖြစ်သွားမိသည်။

www.burmeseclassic.com



ဇာကယ်တော့ အချစ်ဆိုသည့် ရှုးသွင်ခြင်း ဝေဒနာအား တွမ်းယီ ပြင်းထန်စွာ ခံစားနေရမှန်းကို မည်သူမှ နားလည်နိုင်လိမ့်မည် မဟုတ်ပေ။

'ဘယ်တော့မျှားမှ ပြန်ဆုံရမှာလဲ မမနက်မယ်ရယ်'

'ဟင်...'

ထိုအချိန်၌...

လေပွေအစ်ချက် ဝှေ့ယမ်း တိုက်ခတ်လိုက်သဖြင့် ဝမ်မင်းသမီးက လေး မန်းချီကားမှာ လေထဲ ဝေ့ဝဲလွင့်မျောသွားလေတော့သည်။

မင်းသမီးလေးတွမ်ယီက မန်းချီကားနောက်သို့ လိုက်ဖမ်းနေသည်။

လေပွေလှိုင်း တိုက်ခတ်ပုံက တစ်မျိုး ထူးဆန်းနေသော်လည်း စဉ်းစားဖို့ပင် အချိန်မရလိုက်ပေ။

အရေးကြီးဆုံးကား မန်းချီကားကလေး လေထဲ လွင့်ပါမသွားဖို့ပင် ဖြစ်သည်။

ထို့ကြောင့်...

ဝမ်မင်းသမီး မန်းချီကားကလေးကို လိုက်ဖမ်းရင်း သစ်ပင်တစ်ခုပေါ် ကပ်နေသည်။

'ဟင်...ကွမ်...ကျင့်... ရီ'

ထိုမှန်းချီကားကို လှမ်းယူရန် ပြင်ဆင်နေခိုက် သူ့အား အလိုရှိနေသော ကွမ်ကျင့်ရီ၏ ရှေ့မှောက်သို့ ထွက်မပြေးနိုင်အောင် ရောက်ရှိသွားပြီဟု သိလိုက်ရလေတော့သည်။

ချောင်ဖုန်းမှာ ခက်ခဲသက်သာ ပြေးနေပြီ။



ချီတန်ဂိုဏ်းမှ တရားဝင်ကြေညာ ထွက်လာရသဖြင့် စိတ်ထဲ ပေါ့ပါးသွားသလိုပင် ဖြစ်မိသည်။

ဂိုဏ်းချုပ်တာဝန်ယူထားရသော ဖူ့ အတွက် ယခုအခါမှာ ဆိုလျှင် လွတ်လွတ်လပ်လပ်ပင် နေထိုင်ခွင့်ရှိပြီမဟုတ်ပါလား။

ချီတန်ဂိုဏ်းနှင့် ပတ်သက်သမျှ မည်သည့်သတင်းမှ မကြားလိုတော့။

အာကျူဆိုသည့် ကောင်မလေးအား အဆိပ်ဓါတ်ရာကို ပျောက်ကင်းအောင် ကုသပေးရင်း ကောင်းမွန်စွာ ပြန်လည်လိုက်ကြောင်းကို သိရသည်။

ဓါတ်ရာများကို မြင်တိုင်း အာကျူဆိုသော မိန်းကလေးအပေါ် သတိရမိ၏။

'အစ်ကို...အစ်ကို'

'ဘာဖြစ်လာတာလဲ လီယုံ'

'ဟို... ဟို... အစ်ကိုချောင်ဖုန်းကို သတ်ယွားတဲ့ လူတွေ အားလုံး မြို့အပြင်ဘက်မှာ သေနေကြပြီ'

'ဟင်...ဟုတ်လား'

ချောင်ဖုန်း ထိတ်ခနဲ ဖြစ်သွားမိသည်။

လီယုံနှင့်အတူလိုက်၍ မြို့အပြင်ဘက်၌ သေဆုံးနေသူများကို လိုက်လံကြည့်ရှုလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အလောင်းများက ပြန့်ကြဲနေသည်။

ချောင်ဖုန်းက သေဆုံးနေသူအလောင်း၏ ဒဏ်ရာဒဏ်ချက် ကိုကြည့်ရင်း မည်သူ့ လက်ချက်မှန်း ချက်ချင်း သိလိုက်သည်။

'အင်း…ဒီအလောင်းတွေအားလုံးဟာ မုယုံဝါလက်ချက်ပဲ ဖြစ်ရမယ်၊ ဘာသဘောနဲ့ ငါ့ခြံခြေမှာ သတ်ဖြတ်ရတာလဲ၊ သိုင်းလောကသားတွေက ငါ့အပေါ် အလင်အမြင်လွဲသွားအောင် တမင်ဖန်တီးတာပဲ'

'ဒါဆို ဘာဆက်လုပ်မလဲ အစ်ကို'

'နီကီစွကို မုယုံဝါနဲ့ တွေ့ပြီး အပြတ်ရှင်းမှဖြစ်မယ်'

ပြောပြောဆိုဆို ချောင်ဖုန်းက မုယုံဝါထံသို့ ထွက်လာခဲ့လေသည်။

× × ×

ဇာတ်တူအားနော်လျှင်ဟာသီကိုးသောင်းပျက်သည်ဆိုသော စကားကို မယုံကြည်၍ မဖြစ်တော့။

ချီတာနိဂိုဏ်းသားများက သူ့ကို သတ်ဖြတ်လို၍ ခြံဆီသို့ ရောက်လာချိန် အရှင့်ကောင်းကို ချောင်းနေသော မုယုံဝါ၏ လက်ချက်ကြောင့် သေဆုံးသွားရခြင်းသာ ဖြစ်မည်။



မည်သို့ပင်ဖြစ်စေ မုယုံဝါက သူ့ကိုယ်တိုင် တရားခံဖြစ် ကြောင်းကို ဝန်ခံပါမည်လော။

မုယုံဝါမှာ သိုင်းကျမ်းများနှင့်ပတ်သက်၍ ရူးသွပ်နေသူ တစ်ယောက်ပင် ဖြစ်သည်။

ချောင်ဖုန်းအနေနှင့် သူနှင့်မတွေ့ဆုံမီ လေ့ကျင့်မှုကို ပြင်ဆင် ရပေဦးမည်။

ချောင်ဖုန်း သိုင်းကွက်များကို ပြန်လည် လေ့ကျင့်နေမိ၏။

သူ့ အကျွမ်းကျင်ဆုံး သိမ္မဏိလက်ဝါး သိုင်းကွက်များမဟုတ်ပါလော။

လီယို အမောပြေ စားသောက်စရာ သစ်သီးပန်းကန်ကို ယူလာရင်း ချောင်ဖုန်း၊ သိုင်းလေ့ကျင့်ပြီး အနားယူချိန်ကို စောင့်ဆိုင်းနေသည်။

အထက်မြက်ဆုံး သိမ္မဏိလက်ဝါး သိုင်းဆယ်ကွက်အား ပြင်းပြင်းထန်ထန် လေ့ကျင့်လိုက်ရသဖြင့် လန်းဆန်းပေါ့ပါး သလို ဖြစ်သွားမိသည်။

ခြံထောင့်၌ သူ သိုင်းလေ့ကျင့်နေခြင်းကို စောင့်ကြည့်နေသူ တစ်ဦးက သိုင်းဘုရင်ဖြစ်ရန် ရူးသွပ်နေသည့် မုယုံဝါပင် ဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com



မုယ့်ဝါက သံမဏိလက်ဝါး သိုင်းကွက်များကို ကြည့်ရင်း သဘောကျနေမိသည်။

ချောင်ဖုန်းက လှုပ်ရှားမှုမှ ရပ်လိုက်ရင်း လီယုံထံသို့လျှောက်လာရင်း သစ်သီးတစ်လုံးကို လှမ်းယူစားသောက်လိုက်လေ၏။

'အခု သေဆုံးတဲ့လူတွေက သူတို့သိုင်းနဲ့ သူတို့ကို ပြန်သတ်တာပဲ ဖြစ်ရမယ်'

'ဘာလို့လဲ'

လီယုံက နားမလည်နိုင်လေဟန် မေးမြန်းလိုက်၏။

'သူတို့ကို သံမဏိလက်ဝါးသိုင်းအတုနဲ့ တိုက်ခိုက်လိုက်တာ ဖြစ်ရမယ်'

ချောင်ဖုန်းက သူ၏ ထင်မြင်ယူဆချက်ကို ပြောပြလိုက်လေတော့သည်။

ထိုအခိုက်—

သူ့ခြံတွင်းသို့ သိုင်းဘုရင်ရှူး မုယ့်ဝါ ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရသဖြင့် အံ့အားသင့်သွားလေတော့သည်။

သူ့အား တရားခံအစ်ယောက် မဟုတ်သလိုပင် ခပ်တည်တည်နှင့် လျှောက်လာခဲ့သည်။

'ခင်ဗျား ကျုပ်ခြံထဲကို ဘာလာလုပ်တာလဲ'

မုယ့်ဝါက သူ့အား ပြုံး၍ ကြည့်နေလိုက်၏။



'သိုင်းလောကထဲမှာ ညီအစ်ကိုတွေပဲကွာ၊ တစ်ယောက်နဲ့ တစ်ယောက် ခေါ်သူတကြီး မဆက်ဆံစမ်းပါနဲ့၊ မင်း သိုင်းကွက်တွေကို ငါကြည့်ပြီး အရမ်းကို သဘောကျနေပြီ ချောင်ဖုန်း၊ ဒါကြောင့် ငါ့အိမ်ကို နှစ်ညအိပ်လောက် အလည်လာဖို့ ဖိတ်ခေါ်ပါတယ်'

'အို...ဘာလုပ်ဖို့ အလည်လာရမှာလဲ'

'ငါ့မှာ နဂါးနိုင်သိုင်းကျမ်း ရှိတယ်တဲ့၊ မင်းရဲ့ သံမဏိလက်ဝါးသိုင်းကွက်နဲ့ စမ်းသပ်ကြည့်ရအောင်လေ'

ချောင်ဖုန်း တွေဝေသွားမိသည်။

ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ရင်း....

'ဒါဆို အခုပဲ လျှပ်လိုက်ခဲ့မယ်'

မုယ့်ဝါနှင့်အတူသိုင်းပညာချင်းဖလှယ်ရန်အတွက် ယုံကြည်စိတ်ချစွာ လိုက်လာရသည်။

ချောင်ဖုန်း၌ အကြံရှိသည်။

ထိုအကြံအစည်မှာ ခြံဝင်း၌ ချီတန်ဂိုဏ်းသားများအား သတ်ဖြတ်ခဲ့သည်ကိုစွပ်အား အနီးကပ် စုံစမ်းနိုင်ရန်ပင် ဖြစ်သည်။

သိုင်းဘုရင်ဖြစ်ရန် ရှုးသုပ်နေသူ မုယ့်ဝါက ထိုအကြံအစည်ကို မသိပေ။

www.burmeseclassic.com

www.burmeseclassic.com



သမ်မကိုဇက်ဒါးသိုင်းကွက်အား ရရှိရန်အတွက်သာ သူ့အား ဖိတ်ခေါ်ခြင်းပင် ဖြစ်သည်။

ခြံထဲသို့အဝင် မမျှော်လင့်ဘဲ အာကျူကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားမိသည်။

'မင်းဟာ ဒီခြံကလား'

'ဟုတ်ပါတယ် အစ်ကို၊ ကျွန်မကို ကောင်းကောင်း မှတ်မိနေသားပဲ၊ အစ်ကို့ဒဏ်ရာကရော ပျောက်သွားပြီလား၊ အနာတယ်သွားမလို့လဲမောင်'

အာကျူက သူ့အား ကျေးဇူးရှင်တစ်ယောက်လို လှိုက်လှဲစွာ ဆက်ဆံသည်ကို တွေ့လိုက်ရသည်။

'အရေးကြီးတဲ့ လျှို့ဝှက်ကိစ္စတစ်ခုကြောင့် ဒီခြံကိုရောက်လာရတာပါပဲ၊ နောက်မှ ပြောပြမယ်နော်'

မုယုံဝါ မသက်သာဖြစ်မှာစိုး၍ အာကျူအား စကားဖြတ်လိုက်ရလေသည်။

အာကျူကိုယ်တိုင်က အရေးကြီးသော လျှို့ဝှက်ကိစ္စဆိုသောစကားဖြင့် ပဟေဠိဆန်ဆန် ပြောသွားသည့်အတွက် စိတ်လှုပ်လှုပ်ရှားရှားပင် ဖြစ်သွားမိသည်။

မုယုံဝါလို လူတစ်ယောက်အား ချောင်ဖုန်း အဘယ်ကြောင့် မိတ်ဆွေဖွဲ့ရသနည်း...



ထိုခြံထဲသို့ရောက်လာခြင်းမှာ ချောင်ဖုန်းအတွက် အန္တရာယ်တစ်ခုဖြစ်ကြောင်း အာကျူကိုယ်တိုင် သိထားလေသည်။

သူမ၏အသက်ကို ချီတန်ဂိုဏ်းမှ အနစ်နာခံ ကယ်တင်ပေးခဲ့သော ချောင်ဖုန်း၏ ကျေးဇူးတရားကို လုံးဝမမေ့နိုင်သေး။

ထိုခြံထဲသို့ လျှို့ဝှက်ချက် တစ်ခုဖြင့် ရောက်ရှိလာသော ချောင်ဖုန်းအတွက် သူမ တစ်ခုခုအကူအညီပေးရန် တာဝန်ရှိသည် မဟုတ်ပါလား။

ထို့ကြောင့်...

မုယုံဝါ မရှိခိုက် ချောင်ဖုန်းနှင့် ခြံထဲ၌ဆုံရင်း အကျိုးအကြောင်းကို ပွင့်လင်းစွာ မေးလိုက်ရလေတော့သည်။

'အာလျှို့ဝှက်ကိစ္စဆိုတာ အာကျူကို ပြောမပြနိုင်ဘူးလား'

'ဘာကြောင့် အာကျူက သိချင်တာလဲ'

'မုယုံဝါဟာ သိုင်းဘုရင်ဖြစ်ဖို့ ရူးသွပ်နေတဲ့လူဆိုတော့ အစ်ကို့အတွက် အန္တရာယ်ရှိလာရင် ကျေးဇူးဆပ်တဲ့အနေနဲ့ ကူညီမှုအောင်ပါ'

အာကျူဆိုသော မိန်းကလေးနှင့် ပတ်သက်လာလျှင် ယုံကြည်စရာ မရှိနိုင်ပေ။

ထို့ကြောင့်...

'အာကျူ သိချင်ရင် အစ်ကိုပြောပြမယ် နားထောင်'

www.burmeseclassic.com



အာကျူက လျှို့ဝှက်ကိစ္စဆိုသောအရာအား စိတ်ဝင်စားစွာ နားထောင်နေမိသည်။

'မုယုံဝါဟာ သိုင်းပညာချင်း ဖလှယ်ဖို့အတွက် ဒီခြံကို ဖိတ်ခေါ်ဖို့ ရောက်လာတာပဲ၊ ဒါပေမယ့် အစ်ကို့မှာ ရည်ရွယ်ချက်ရှိတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်က ချီတန်လင်မယားနှစ်ယောက်ကို သတ်ဖြတ်သွားတဲ့ တာလီသခင်ဆိုတဲ့ ကွမ်ကျင့်ရီဟာ အခု အောင်ပိုင်းကိုရောက်နေပြီး မုယုံဝါနဲ့ ဆက်သွယ်မှုရှိနေတယ်လို့ အတိအကျ သတင်းရထားတယ်လေ၊ ဒါကြောင့် တာလီသခင် ကွမ်ကျင့်ရီကို လက်စားချေဖို့ ရောက်လာရတာပဲ'

'ဟင်...ဟုတ်လား၊ နေပါဦး၊ ချီတန် လင်မယားကိစ္စနဲ့ ဘယ်လိုများပတ်သက်နေလို့လဲ'

'ချီဟန်လင်မယားဆိုတာတခြားလူမဟုတ်ပါဘူး၊ အစ်ကို့ရဲ့ အဖေနဲ့ အမေပဲ၊ မိဘအတွက် တာလီသခင် ကွမ်ကျင့်ရီကို လက်စားချေရလိမ့်မယ်'

ချောင်ဖုန်းက လျှို့ဝှက်ချက်ကို နာကြည်းစွာဖွင့်ဟပြောဆိုလိုက်လေသည်။

အာကျူက ဆက်ပြင်းကိုချလိုက်မိသည်။

မိမိအတွက် လက်စားချေလိုသော ချောင်ဖုန်း၌ အန္တရာယ်ပေါင်းများစွာ ဝိုင်းရံနေတော့မည်။



တာလီသခင်ကွမ်ကျင့်ရီကို လက်စားချေဖို့ကိစ္စမှာ လွယ်ကူလှသည် မဟုတ်ပေ။

'တာလီသခင် ကွမ်ကျင့်ရီကိုရော အာကျူ မြင်ဖူးသလား'

ချောင်ဖုန်းက သဲလွန်စသတင်း ရလိုရငြား အာကျူကို မေးမြန်းစုံစမ်းလိုက်မိသည်။

'မုယုံဝါဆီကိုတော့ တစ်ခါ တစ်ခါ လာတတ်ပါတယ် အစ်ကို'

အာကျူက လိမ်ညာမနေဘဲ အမှန်အတိုင်း ပြောပြလိုက်သည်။ ချောင်ဖုန်း ကျေနပ်သွားမိလေသည်။

'ဒါဆို အစ်ကိုရထားတဲ့သတင်းက ကျိန်းသေ မှန်နေပြီပေါ့၊ မုယုံဝါဆီ အစ်ကို လာကျေးနပ်ပြီထင်ပါရဲ့'

အာကျူ တွေဝေသွားမိလေသည်။

သည်ကိစ္စကို တခြား ဘယ်သူမှမသိစေနဲ့နော်'

'ဟုတ်ကဲ့၊ စိတ်ချပါ'

အာကျူသည် လျှို့ဝှက်ကိစ္စအား ဆွေးနွေးတိုင်ပင်သော ချောင်ဖုန်းအပေါ် စိတ်ချယုံကြည်အောင် ကတိပေးလိုက်လေတော့သည်။

✕ ✕ ✕

www.burmeseclassic.com

www.burmeseclassic.com



ညတစ်ည—

လမင်းက ထိန်ထိန်သာနေသည်။

ချောင်ဖုန်းတစ်ယောက်တည်း ခြံထဲသို့ လျှောက်လာခဲ့လေသည်။

မုယုံဝါကိုယ်တိုင်က သိုင်းပညာဖလှယ်ရန်ကိစ္စကို မပြောသေးသဖြင့် သူ့အနေနှင့် အေးဆေးသက်သာစွာ နေရလေတော့သည်။

ညဘက် တိုက်ခတ်လေ့ရှိသော လေညှင်းကို ကန်ရေပြင်ပေါ်ရှိ ကြာဖြူပွင့်များကို ယိမ်းနွဲ့လှုပ်သွားစေရန် တိုက်ခတ်ပြီး သူ့ထံသို့ ရောက်ရှိလာသည်။

မုယုံဝါ၏ ခြံကြီးမှာ အလွန်ကျယ်ဝန်းလှသဖြင့် တစ်ယောက်တည်း လရောင်အောက်၌ လျှောက်ရင်း အတွေးကို ရှက်လွှင့်ထားလိုက်သည်။

'အတွေးထဲ၌ အာကျူနှင့် မမျှော်လင့်ဘဲ ပြန်လည်တွေ့ဆုံရသည့်အကြောင်းနှင့် မိဘနှစ်ပါးအတွက် လက်စားချေရန် ထိုခြံသို့ မကြာခဏ ရောက်လာတတ်သည်ဆိုသော တာလီသခင် ကွမ်ကျင့်ရီအကြောင်းတို့ပင် ဖြစ်လေသည်။

'ဝှီး...'

'ဖတ်... ဖတ်'



'ဟင်...'

'ဟာ...'

ထိုအခိုက် သူလျှောက်မည့် လမ်းတည့်တည့်သို့ အနက်ရောင်ဝတ်ရုံ ဆင်မြန်းထားသူတစ်ယောက် လွှားခနဲရောက်လာ၏။

'ခင်ဗျား ဘယ်သူလဲ'

လမ်းကိုပိတ်ဆို့ ရပ်တန့်ထားသဖြင့် သူ့အပေါ် အန္တရာယ်ပေးမည့် သိုင်းသမားဟုထင်၍ မေးမြန်းလိုက်မိသည်။

အနက်ရောင်ဝတ်စုံနှင့် သိုင်းသမားကြီးက သူ့အား စိုက်ကြည့်ရင်း—

'ဟား... ဟား... ဟား၊ မင်းမိဘအတွက် လက်စားချေဖို့ လိုက်ရှာနေတဲ့ တာလီသခင် ကွမ်ကျင့်ရီဆိုတာ ငါပဲ'

ချောင်ဖုန်း ဒေါသစိတ်ကြောင့် အသားများပင် ဆတ်ဆတ်တုန်နေသည်။

စိတ်ကို အစာတ်နိုင်ဆုံး ထိန်းချုပ်ရင်း အခြေအနေကို ဆက်လက်စောင့်ကြည့်နေလိုက်မိလေတော့သည်။

အနက်ရောင်သိုင်းသမားကြီးက ဆက်၍—

'မင်းဟာ သံမဏိလက်ဝါး ချောင်ဖုန်းလို့ ငါသိထားတယ်၊ ဒါကြောင့် မင်း ငါ့ကို လက်ဝါးစောင်းသုံးချက်ချက်ပြီး နိုင်

www.burmeseclassic.com



ခေအာင် တိုက်ရမယ်၊ ဒါမှ မင်းရဲ့လက်စားချေလိုတဲ့ ကိစ္စကို ဆက်ခံမယ်၊ အယ်နှိုယ်ဆဲ'

'သိပ်ဖြစ်တာပေါ့၊ ကျေနပ်တယ်'

ချောင်ဖုန်းကိုယ်တိုင် သူ့ ကျမ်းကျင်တတ်မြောက်ထားသည့် သိမဏိလက်ဝါး သိုင်းကွက်များအပေါ် ယုံကြည်မှု အပြည့်အဝ ရှိထားသဖြင့် လက်ခံလိုက်မိလေတော့သည်။

ကျွားနှင့် ဆင် မြေပြင်မှာတွေ့ကြပြီ'

မိဘနှစ်ပါးကိုသတ်ဖြတ်သွားသည့် တာလီသခင် တွမ်ကျင့်ရှိနှင့် သိမဏိလက်ဝါး ချောင်ဖုန်းတို့နှစ်ဦးယောက် တိုက်ခိုက်ရန် အသင့်ပြင်ဆင်ထားမိကြသည်။

တိတ်ဆိတ်ငြိမ်သက်သော ခြံကျယ်ကြီးအတွင်း ညဘက်၌ ဖြစ်ပွားသည့်တိုက်ပွဲကို သိလိမ့်မည်မထင်ပေ။

'ဟိုင်း...

တာလီသခင် တွမ်ကျင့်ရှိက အရင်ဦးစွာ လွှားခနဲခုန်၍ စင်ရောက်တိုက်ခိုက်လိုက်သည်။

ချောင်ဖုန်းက နောက်ကိုဆုတ်၍ ရှောင်ပေးလိုက်လေ၏။

စည်းကမ်းထားသည့်အတိုင်းပင် သိမဏိလက်ဝါးသုံးချက်ကို အဆေဟသ မဖြစ်စေဘဲ အပိုင်တိုက်ခိုက်ရမည်မဟုတ်လော။



ထို့ကြောင့်...

ချောင်ဖုန်းကိုယ်တိုင် တာလီသခင့် တိုက်စစ်ဆင်လာသမျှကို သတိနှင့် ခုခံကာကွယ်ရင်း သိမဏိလက်ဝါး ရိုက်ချက်အား အသုံးမပြုဘဲ ချိန်ဆနေလိုက်သည်။

'ဝှီး...'

ပြင်းထန်လှသော ပထမ လက်ဝါးရိုက်ချက်အား တာလီသခင်က ပုတ်ကာသိကာလေး ရှောင်သွားသည်။

လက်ဝါးရိုက်ချက် တစ်ချက် ဆုံးရှုံးသွားရသည့်အတွက် ချောင်ဖုန်း မကျေမနပ်ဖြစ်မိသည်။

သူ့ထံ၌ တိုက်ခိုက်ရန် သိမဏိလက်ဝါးရိုက်ချက် နှစ်ချက်သာ ကျန်ရှိတော့သည် မဟုတ်ပါလား။

ပထမ လွဲချော်သွားသည့် အတွေ့အကြုံအရ တာလီသခင်က ပူးတွဲခွာတွဲ တိုက်ခိုက်နေသဖြင့် လက်ဝါးရိုက်ချက်အား အသုံးပြုရန် အခွင့်မသာဘဲ ဖြစ်နေမိသည်။

ချောင်ဖုန်း အားမလိုအားမရ ဖြစ်လာမိသည်။

ကြုံတုန်းကြုံခိုက် ရရှိထားသော အခွင့်အရေးတစ်ခုကို လက်လွှတ် ဆုံးရှုံးမခံနိုင်ပေ။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲကို တိုက်စစ်အသွင်သို့ ပြောင်းလဲပစ်လိုက်ရင်း အပြင်းထန်ဆုံးသော အဆင့်အထိ အရှိန်မြှင့်လိုက်လေသည်။

သွက်လက်လှသော သိုင်းကွက်များကြောင့် တာလီသခင်၏ တိုက်ခိုက်မှုမှာ သိသိသာသာ လျော့ပါးလာသည်။

ရှောင်ရင်း တိမ်းရင်းပင် မျှော်လင့်မထားဘဲ သိုင်းကွက်တစ်ကွက် ယိမ်းယိုင်သွားခဲ့သည်။

'ဝှန်း—'

'အား…'

ချောင်ဖုန်း၏ ဒုတိယမြောက် သံမဏိလက်ဝါးရိုက်ချက်က တာလီသခင် ကွမ်ကျင့်ရီ၏ ရင်ကို မီးပွင့်သွားစေတော့သည်။

တာလီသခင် ကွမ်ကျင့်ရီမှာ ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် အဝေးသို့ လွင့်စဉ်သွားလေသည်။

သေစေနိုင်သည့် သံမဏိလက်ဝါး ရိုက်ချက်ပင် မဟုတ်ပါလား။

တာလီသခင် ကွမ်ကျင့်ရီတစ်ယောက် လုံးဝ ပြန်မထနိုင်ဘဲ မလှုပ်မယှက်ဖြင့် ဆန့်ဆန့်ကြီး ဖြစ်နေသည်။

ချောင်ဖုန်း မိဘအတွက် လက်စားချေလိုက်ရသဖြင့် လွန်စွာ ကျေနပ်သွားမိသည်။



တာလီသခင် ကွမ်ကျင့်ရီအနီးသို့ လျှောက်လာခိုက် စိတ်ထဲ မသင်္ကာသလို ဖြစ်သွားမိသဖြင့် သေဆုံးတော့မည့် အလောင်းနားသို့ ကပ်လာရင်း မျက်နှာပေါ် ဖုံးအုပ်ထားသည့် အဝတ်နက်အား ဖယ်ရှားပစ်လိုက်သည်။

'ဟင်….အာကျူး'

သူ တိုက်ခိုက် အနိုင်ယူလိုက်သူမှာ တာလီသခင်မဟုတ်ဘဲ အာကျူး ဖြစ်နေသောကြောင့် အံ့သြတုန်လှုပ်သွားမိသည်။

နားမလည်နိုင်အောင် ဖြစ်ရလေသည်။

အာကျူးအား ယုယကြင်နာစွာ ပွေ့ထူလိုက်ရင်း—

'ဘာကြောင့် ဒီလိုလုပ်ရတာလဲ အာကျူးရယ်'

ကရုဏာသက်စွာ မေးလိုက်မိသည်။

အာကျူးက ပြင်းထန်လှသော ဝေဒနာကို ကျိတ်မှိတ်ခံစားလိုက်ကာ….

'ညီမကို ခွင့်လွှတ်ပါ အစ်ကို၊ အစ်ကို လက်စားချေလိုတဲ့ ကွမ်ကျင့်ရီဆိုတာ ညီမရဲ့ အဖေပါ၊ အဖေ့ မိုက်ပြစ်ကို ညီမ ခံပါရစေ အစ်ကို….

'ဒါကြောင့် အခုလို ကြံစည်လိုက်မိတာပါ၊ အစ်ကိုရဲ့ ရန်တုံ့ ရန်ငြိုးတွေ ကြေပြီဆိုရင် ညီမ သေပျော်ပါတယ်၊ ညီမကို ကျေနပ်စွာ အပြစ်ပေးပါ အစ်ကိုရယ်'

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ နင့်ခနဲ ခံစားလိုက်မိသည်။

တာလီဆခင် ကွမ်ကျွင့်ရီက အာကျူ၏ဖခင်မှန်း သူ လုံး၀ မသိခဲ့။

သူ့အဖေအပေါ် လက်စားချေမည်စိုးသဖြင့် တန်ဆာခံ ဖြစ်ရသော အာကျူကိုကြည့်ရင်း ကြေကွဲဝမ်းနည်းလို့မဆုံးနိုင်အောင်ပင် ဖြစ်ရလေသည်။

‘အစ်ကို ညီမကို ခွင့်လွှတ်ပါတယ်’

နောက်ဆုံးအနေနဲ့ အာကျူ ကျေနပ်အောင် ဖြေသိမ့် ပြောဆိုလိုက်မိသည်။

‘ညီမ၊ အစ်ကို အတွက် နဂါးအရေကြောပြင်ကျမ်းကို လက်ဆောင် ပေးခဲ့ပါရစေ’

အာကျူက သူ့အား အရေကြောပြင် ကျမ်းစာအုပ်ကို လက်ဆောင်ပေးလိုက်ရင်း သေဆုံးသွားလေသည်။

× × ×

ကွမ်ကျွင့်ရီကိုယ်တိုင်က သိုင်းလောကအား နည်းအမျိုးမျိုးနှင့် လှည့်စားချင်သူပင် ဖြစ်သည်။

မိုးနဂါးကျောင်းမှ ဝရေဇိန်ခြောက်သွယ် သိုင်းကျမ်းမှာ မီးရှို့ဖျက်ဆီးခံလိုက်ရသော်လည်း မည်သည့်နည်းနှင့် ပြန်လည်ရရှိနိုင်မည်ကို သိရှိပြီးသားပင် ဖြစ်သည်။



သိုင်းဘုရင်ဖြစ်လိုသော မုယုံဝါအား အသုံးချ၍ ဝရေဇိန်ခြောက်သွယ်သိုင်းကျမ်းကို ပြန်လည်ယူရန် ကြံရွယ်ထားလေသည်။

ထို့ကြောင့်—

တွမ်မင်းသားလေးကို မုယုံဝါခြံသို့ သူကိုယ်တိုင် ဖမ်းခေါ်လာပြီး အခန်းတစ်ခန်းထဲ၌ လွတ်လပ်စွာ ချုပ်နှောင်ထားခဲ့သည်။

အဘယ်ကြောင့်ဆိုသော် မင်းသားလေး၊ ကိုယ်တိုင် ဝမ်မင်းသမီးကလေးအပေါ် စွဲစွဲလမ်းလမ်း ဖြစ်နေမိသည်ကို သူ သိထားသည် မဟုတ်လော။

မုယုံဝါ၏နောက်ကွယ်၌ ကွမ်ကျွင့်ရီတစ်ယောက် ကြိုးကိုင်ချယ်လှယ်နေကြောင်းကို ဝမ်မင်းသမီးကလေးပင် လုံးဝမသိနိုင်အောင်လည်း ဖုံးကွယ်ထားကြလေသည်။

တစ်ချိန်၌ ဝရေဇိန်ခြောက်သွယ် သိုင်းကျမ်းမှာ ပြန်လည်ထွက်ပေါ်လာလိမ့်မည်ဟု သူ ယုံကြည်ထားလေသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

### 'မှတ်ဉာဏ်ထဲမှ ဝရဇိန်ခြောက်သွယ်'

မုယုံဝါ၏ အခန်းထဲ၌ မင်းသမီးကလေး ရှိနေ၏။ မင်းသားကလေးအား ပြန်လည် ဖမ်းဆီးလာသည့်ကိစ္စနှင့် ပတ်သက်၍ မောင်နှမနှစ်ယောက် မြှင်းထန်စွာ ဆွေးနွေးနေမိကြသည်။

'မီးရှို့လိုက်တဲ့ သိုင်းကျမ်းကို ပြန်ဆွဲပေးဖို့ မင်းသားကို ဖမ်းဆီးလာရတာပဲ ညီမလေး'

'အို...မဖြစ်နိုင်တာပဲ၊ မျိုးရိုးဂုဏ်သိက္ခာကြောင့် တွမ်မင်းသားက ဝရဇိန်ခြောက်သွယ်သိုင်းကျမ်းကို မဆွဲပေးနိုင်ဘူးလို့ စကားကုန် ပြောပြီးသားပဲ'



မင်းသမီးကလေးက အစ်ကိုဖြစ်သူ မုယုံဝါကို လုံးဝ လက်သင့်မခံတဲ့ မင်းသားလေးဘက်မှ ကာကွယ်ပြောဆိုလိုက်လေသည်။

'ဒီတစ်ခါ ငြင်းရင်တော့ သူ့ကို သတ်ရလိမ့်မယ်'

မုယုံဝါက ခြိမ်းခြောက်ပြောဆိုလိုက်သဖြင့် မင်းသမီးလေး မျက်နှာမှာ ကွက်ခနဲ ပျက်သွားရှာလေသည်။

အစ်ဦးနှင့် တစ်ဦး မေတ္တာမျှနေကြောင်းကို ကွမ်ကျင့်ရီ ပြောပြထားသဖြင့် အစ်ကိုဖြစ်သူ မုယုံဝါက သိသည်။

သို့သော်လည်း...

မသိချင်ဟန်ဆောင်နေရသည်။

'သူ့ကို ညီမအနေနဲ့ ချော့မော့ပြောဆိုရင် ရနိုင်လိမ့်မယ်လို့ အစ်ကိုထင်တယ်'

မုယုံဝါက လေသံကိုပျော့၍ ပြောဆိုရင်း အကဲခတ်လိုက်သည်။

မင်းသမီးကလေးက တုံ့ပြန်စကားမဆိုဘဲ သက်ပြင်းကို မသိမသာ ခိုးချနေသည်။

မုယုံဝါက ဆက်၍...

www.burmeseclassic.com

www.burmeseclassic.com



'တွမ်မင်းသားနွတ်က ပြောဆိုသမျှကို မှတ်သားပြီး မြန်မြန်ရေးရင်လဲ ဝရဇိန်ခြောက်သွယ် သိုင်းကျမ်းတစ်စောင် ရနိုင်ပါတယ်'

'ညီမကိုယ်တိုင် နားထောင်ထားလိုက်ပေါ့'

အတ္တဆန်စွာ သူဖြစ်ချင်သော စိတ်ဆန္ဒအတိုင်းကို ပြောဆိုနေသည့် အစ်ကိုဖြစ်သူ မုယုံဝါအပေါ် စောဒကတက်စရာ အကြောင်းမရှိတော့၊

'ကောင်းပြီလေ၊ ဝါဆိုလဲ ညီမ သူ့ကို ချော့ပြီး မေးကြည့်ပါဦးမယ်၊ အစ်ကိုကသာ မင်းသားလေးကို လုံးဝ အကြမ်းမဖက်ပါနဲ့'

'အိုး...စိတ်ချ၊ ဝရဇိန်ခြောက်သွယ်သိုင်းကျမ်းကိုရရင် သူ့ကို အသက်ချမ်းသာခွင့် ပေးမှာပါ'

မင်းသမီးကလေး စိတ်ညစ်နေမိသည်၊

သူကိုယ်တိုင်ပင် အစ်ကိုမုယုံဝါ၏လက်မှလွတ်မြောက်အောင် ကူညီနိုင်ပေမယ့် အရာမရောက်နိုင်ပေ၊

သိုင်းဘုရင်ဖြစ်နေသော အစ်ကိုနှင့် စွဲလမ်းနေရသော တွမ်မင်းသားလေးအကြား၌ ဝင်ရောက်ဖြေရှင်းဖို့ကိစ္စမှာ မလွယ်ကူလှ၊



လောလောဆယ်၌ မင်းသားလေးအပေါ် အသက်ချမ်းသာခွင့်ရဖို့သာ သူ့အနေနှင့် ဆောင်ရွက်ပေးရတော့မည်၊

အစ်ကိုဖြစ်သူ ခိုင်းစေသည့် အမိန့်အတိုင်း မင်းသားလေးအပေါ် နားလည်သဘောပေါက်လာရန် ရှင်းပြလိုက်ရတော့သည်၊

'အခြေအနေအရ သူတို့လက်ခုပ်ထဲက ရေ ဖြစ်နေရတဲ့အခါမှာ မင်းသားအနေနဲ့ အသက်ချမ်းသာခွင့်ရဖို့ကို ဦးစားပေးသင့်ပါတယ်...

ဒီလို ပြောဆိုနေရတာဟာ မမဝမ်အကျိုးအတွက် လုံးဝ မပါဘူးဆိုတာ မင်း သိစေချင်တယ်၊ အစ်ကိုမုယုံရဲ့လုပ်ရပ်တွေကို မမဝမ်ကိုယ်တိုင် မထောက်ခံချင်ဘူး...

'ဒါပေမယ့် သူ့စိတ်က အာပ်မတန်မှ ကြောက်ဖို့ကောင်းတယ်လေ'

တွမ်မင်းသားလေး ပြောဆိုသမျှကို နားထောင်ရင်း ဆုံးဖြတ်ချက်တစ်ခုခုချရန် စဉ်းစားနေမိသည်၊

ဝမ်မင်းသမီးကလေးအပေါ် သူ့အနေနှင့် ယုံကြည်မိပါ၏၊

သူ၏အသက်အား အကြိမ်ကြိမ် ကယ်တင်ခဲ့သူမှ မဟုတ်ပါလား၊

www.burmeseclassic.com

www.burmeseclassic.com



ယခုလို ပြောဆိုနေခြင်းမှာလည်း မယုံဝါဒါ သူ့အပေါ် အထပ်ထပ်မှာစိုး၍ စိုးရိမ်ကြီးစွာ ပြောဆို ရှင်းပြနေကြောင်း နားလည်သဘောပေါက်မိသည်။

ထို့ကြောင့်—

'မမနုတ်မယ်ရဲ့ စေတနာမေတ္တာကို နားလည်ပါတယ်၊ မမရဲ့ ကျေးဇူးတရားကို ထာဝရ ပိုးထားတဲ့အနေနဲ့ ကျွန်တော့်ဘက်က တစ်ခုခု ဆုံးဖြတ်ပေးပါ့မယ်'

ဝမ်မင်းသမီးကလေး မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သွားမိသည်။

'မင်း ဘာကယ်ပြောနေတာလား'

တွမ်မင်းသားလေး အေးဆေးတည်ငြိမ်စွာ ခေါင်းညိတ်သည်။

'ဝရဇိန်ခြောက်သွယ်သိုင်းကျမ်းဟာ ကျွန်တော့်ခေါင်းထဲက လုံးဝ ထွက်မသွားနိုင်ပါဘူး၊ အခုအချိန်အထိ သိုင်းခြောက်ကွက်စလုံးကို ကောင်းကောင်း မှတ်မိနေတုန်းပါပဲလေ…

'ဒါပေမယ့် ကျွန်တော် တစ်ခါက ပြောဖူးခဲ့သလိုပဲ မျိုးရိုးအမွေအနှစ်ထိုခုကို ထိန်းသိမ်း စောင့်ရှောက်သွားချင်ပေမယ့် စစ်တာတော့ အခြေအနေအရ ဝရဇိန်ခြောက်သွယ်သိုင်းကျမ်းကို ပြောရတော့မယ်လေ'



'နှုတ်တစ်ရာ စာတစ်လုံးဆိုတဲ့ စကားအတိုင်း ကျွန်တော့်လက်နဲ့ မှရေးပေးခဲ့ရင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဆုံဇစင်အမည်းစက်တစ်ခု ကျနိုင်စရာ စိုးပါတယ်၊ ဒါကြောင့် ခေါင်းထဲမှာရှိတဲ့ သိုင်းခြောက်ကွက်ကို သေသေချာချာ စဉ်းစားပြီး ကျွန်တော် ပြောပြပါ့မယ်၊ မမနုတ်မယ် လိုက်ရေးပေါ့'

ဝမ်မင်းသမီးလေးက ငြိမ်သက်စွာ ငေးစိုက်ကြည့်လိုက်မိသည်။

ဝရဇိန်ခြောက်သွယ်သိုင်းကျမ်းအား တွမ်မင်းသားလေးက အမှန်တကယ်ပင် ပြောဆိုရတော့မည် မဟုတ်ပါလော။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

တစ်ချိန်တည်း၌ ကွမ်ကျွင့်ရီနှင့် မုယုံဝါက စကားပြောနေမိကြသည်။

ကွမ်ကျွင့်ရီ ကိုယ်တိုင်က မြေခွေးတစ်ကောင်လို ကျင့်ကြံတတ်သူတစ်ယောက်ဖြစ်၍ ဝရဇိန်ခြောက်သွယ်သိုင်းကျမ်းအား အပိုင်ရရှိသွားရန် မုယုံဝါအား ချောင်ဖုန်းနှင့် ရန်တိုက်ပေးလေတော့သည်။

'ချောင်ဖုန်းအပေါ် လျှော့တွက်ထားလို့မဖြစ်ဘူး မုယုံဝါ'

'ဘာကြောင့်လဲ ဦးရီးတော် ကွမ်ကျွင့်ရီ'

ကွမ်ကျွင့်ရီက သူ၏စကားအပေါ် မုယုံဝါ စိတ်ဝင်စားသွားမှန်း သိရှိအကွက်ဝင်လာသဖြင့်—



'ချောင်ဖုန်းဟာ တစ်နေ့ကျရင် သိုင်းလောကတစ်ခုလုံးကို စမွှေနှောက်သွားမယ့် သိုင်းသမားတစ်ယောက်ပဲ'

မုယုံဝါအား မခံချင်စိတ်ပေါ်လာအောင် စိတ်ကို ဆွပေးလိုက်လေသည်။

'အို... မဖြစ်နိုင်တာပဲ၊ သံမဏိလက်ဝါးသိုင်းတွက်ပဲ တတ်တဲ့သူက သိုင်းလောကကို လွှမ်းမိုးနိုင်ပါ့မလား'

'သိပ်ဖြစ်နိုင်တာပေါ့ မုယုံဝါ၊ ချောင်ဖုန်းဟာ ချီတန်ပြည်သား သူလျှိုတစ်ယောက်ပဲ၊ ပြည်မက သိုင်းကျမ်းတွေကို ရှေ့ကြည့်ကျွန်တော်လေ့ကျင့်ပြီးမှ သံမဏိလက်ဝါးသိုင်းတစ်မျိုးတည်း တတ်မျက်ဟန်ဆောင်ပြီး သိုင်းလောကထဲ အခရာဝင် လာခဲ့သူလေ၊ ဒါကြောင့် ချောင်ဖုန်းကို ပြိုင်ဘက်တစ်ယောက်အနေနဲ့ သဘောထားဖို့ ဆင့်တယ်၊ သူ့ကို လျှော့တွက်ထားလို့ မရဘူးလေ'

ကွမ်ကျွင့်ရီ၏ မြှောက်ပင့်ထိုးမှုကြောင့် မုယုံဝါ၏စိတ်ထဲ မတည်မငြိမ် ဖြစ်နေမိသည်။

သူမသည်လျှင် သိုင်းဘုရင်တစ်ဆူဖြစ်ရမည်ဟု စွဲမှတ်ယုံကြည်ထားသောကြောင့် သိုင်းကျမ်းများကို ရှာမှီး လေ့ကျင့်ရင်း ဘဝင်မြင့်နေခဲ့သည်။

www.burmeseclassic.com



'ယခုတော့ ချောင်ဖုန်းမှာ သူ့လိုပင် သိုင်းကျမ်းတော်တော်များများကို လေ့လာပြီး သိုင်းလောကထဲ လွှမ်းမိုးနိုင်ဖို့ ရောက်လာသူပင် မဟုတ်လေ။

ဂူတစ်လုံးထဲ၌ ခြသေ့်နှစ်ကောင်အောင်းရှိ ထုံးစံမရှိ။ မုယုံဝါအနေနှင့် ချောင်ဖုန်းအား သိုင်းလောကထဲမှ လုံးဝပျောက်ကွယ်သွားအောင် ရှင်းပစ်လိုက်ရတော့မည်။

ချောင်ဖုန်းက တစ်ယောက်တည်း စဉ်းစားတွေးတောရင်း ခြံထဲသို့ လျှောက်လာသည်။

တွမ်ကျောင့်ရှီနှင့် မုယုံဝါတို့က သူ့အား တွေ့ရှိသွားသဖြင့်....

'ဟိုမှာ ချောင်ဖုန်း လာနေပြီ၊ ကိုယ့်ပိုင်နက်ထဲ ရောက်နေတုန်း မင်းကိစ္စကို အပြတ်ရှင်းပစ်လိုက်ပေတော့'

ကွမ်ကျောင့်ရှီက သစ်ပင်တစ်ပင်နောက် ကွယ်ရင်း အခြေအနေကို စောင့်ကြည့်နေလိုက်မိသည်။

မုယုံဝါနှင့်ချောင်ဖုန်းတို့ အဆောအကြေ တိုက်ခိုက်ကြတော့မည်။

ထိုပွဲ၌ မည်သူပင် ကျရှုံးသွားစေ သူ့ဘက်က အရှုံးမရှိ။ ရေဇိန်မခြောက်သွယ်သိုင်းကျမ်းအား စိတ်အေးအေးနှင့်ပင် ရယူနိုင်သည် မဟုတ်လော။



ထိုအကြံအစည်ဖြင့် မုယုံဝါအား မြောက်ပင့်ပေးလိုက်ရခြင်းပင် ဖြစ်လေတော့သည်။

'ဝှစ်....'

'ထန်း....'

လေထဲဝဲပျံလာသော လက်နက်ပုန်းတစ်ခုအား ချောင်ဖုန်းက လက်နှင့် ဓားကို ရှမ်းခနဲ ဆွဲထုတ်၍ ဖယ်ရှားလိုက်၏။ မုယုံဝါက ပုန်းကွယ်နေရာမှ ဓားကိုဆွဲထုတ်ရင်း လွှားခနဲ ခုန်ထွက်လာသည်။

'ဒါက ဘာသဘောလဲ မုယုံဝါ၊ ညီသည်တစ်ယောက်ကို အသက်အန္တရာယ်ရှိအောင် ကျီစားလွန်းအားတော့ မကောင်းပါဘူး'

ချောင်ဖုန်းက နားမလည်နိုင်လေဟန် ဒေါ်စိုက်ကြည့်ရင်း ပြောဆိုလိုက်မိလေသည်။

'ဟား...ဟား...ဟား၊ သိုင်းဘုရင်လုပ်မယ့်လူက ဒီလောက်လေး မညာစမ်းလိုက်တာကို ကြောက်လန့်နေရသေးသလားကွာ'

မုယုံဝါက လှောင်ပြောင်ရယ်မောရင်း ပြောဆိုလိုက်သည်။

www.burmeseclassic.com



'ဘယ်လို... သိုင်းတုရင် ဟုတ်လား၊ နောက်မနေစမ်းပါ ဗျား၊ အဲဒါ ခင်ဗျား ဖြစ်ချင်နေတဲ့ စိတ်ကူးတွေပါ'

'အပိုတွေ ပြောမနေနဲ့ ချောင်ဖုန်း၊ မင်းဟာ သိုင်းလောက ကို မွှေနှောက်ဖို့ ရောက်ရှိလာလို့ ချီတန်ဂိုဏ်းက သူလျှိုတစ်ဦး ဆိုတာ အားလုံးသိပြီးပြီ၊ ဒီတော့ မင်းနဲ့ ငါ အခုပဲ ယှဉ်မယ်'

မုယုံဝါက မြှောက်ပင့် ပြောဆိုထားသော စကားအတိုင်း ချောင်ဖုန်းအား စွပ်စွဲပြောဆိုလိုက်လေသည်။

ချောင်ဖုန်းက အဓိပ္ပာယ်ရှိသော အပြုံးကို ပြုံးလိုက်ရင်း...

'ခင်ဗျားနဲ့ ကျုပ် တွေ့တုန်းက လူသတ်ပွဲကျင်းပဖို့ မဟုတ် ဘူးလေ၊ ပညာချင်းဖလှယ်ကြဖို့ ခင်ဗျား ဖိတ်ခေါ်ခဲ့တဲ့အတွက် ဒီကို ရောက်လာခဲ့ရတာပဲ...'

'အခုမှ ဘာကြောင့် ပြောင်းလဲနေရတာလဲ မုယုံဝါ တကယ်လို့ နှစ်ယောက်ချင်း ယှဉ်မယ်ဆိုရင် တရားမျှတမှုရှိ ပြိုင်ပွဲစည်းကမ်းလေးတစ်ခုတော့ အရင်ဆုံး သတ်မှတ်ထားဦး မှပေါ့'

'အိုး...အခုယှဉ်မယ့်ကိစ္စမှာစည်းကမ်းမရှိဘူး၊ တစ်ယောက် တစ်ယောက် သေအောင် သတ်ဖြတ်နိုင်ဖို့ပဲ'

ချောင်ဖုန်း ခေါင်းခါလိုက်သည်။



မုယုံဝါအား စိတ်ပေါက်ပြန်သွားသူ သိုင်းသမားတစ်ဦး ဟု ထင်လိုက်မိသည်။

သူကိုယ်တိုင် ထိုခြံသို့ ရောက်ရှိလာကတည်းက သွေးမြေခဖို့ မရည်ရွယ်ခဲ့ပေ။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

အခုတော့....

သူ့ကြောင့် အပြစ်မရှိသော ဆစကျူတစ်ယောက် သေဆုံးခဲ့ရသည့်အပြင်....

ယခု သူ့အပေါ်၌ ရန်သူကြီးတစ်ယောက်ကဲ့သို့ အသက်တစ်ချောင်းအတွက် မုယုံဝါက စိန်ခေါ်နေသဖြင့် မည်သို့ဆုံးဖြတ်ရမှန်း မသိအောင်ပင် ဖြစ်နေမိလေတော့သည်။

'ကောင်းပြီလေ၊ ဒါဆို ခင်ဗျားစိတ်တိုင်းကျ ကျူပ်ယှဉ်မယ်'

ခေါင်းထဲ၌ မုယုံဝါ နောင်တရအောင် ပညာပေး တိုက်ခိုက်ရန်အတွက်သာ ဆုံးဖြတ်ချက်ချထားလိုက်လေသည်။



မုယုံဝါသာ ဓားကိုထုတ်၍ ယှဉ်ပြိုင်တိုက်ခိုက်ရန် ပြင်ဆင်လိုက်၏။

ကွမ်ကျင့်ရိုက ဆစ်ပင်ကွယ်မှကြည့်ရှုရင်း ထိုတိုက်ပွဲအတွက် စကျူနှင့်ဂုဏ်ယူစွာ ပြုံးလိုက်မိလေတော့သည်။

သူဆင်ထားသည့် အကွက်ထဲ မုယုံဝါ ဝင်ရောက်သွားပြီ မဟုတ်လား။

စကား လုံးဝမပြောဘဲ ငြိမ်သက်နေသော အရိပ်နှစ်ခု၏ လှုပ်ရှားမှုကို စောင့်မျှော်ကြည့်ရှုနေမိသည်။

မျက်ခြည်မပြတ် အကြည့်အားတစ်ခုကိုယူရင်း စသင်တိုက်ခိုက်လေသည်။

ထို့နောက်....

'ထန်း....ထန်း'

'ထန်း....ထန်း'

'ချွှလွင်....ချွလွင်'

'ချွလွင်....ချွလွင်'

ဓားကို ဖျတ်ခနဲ ဆွဲထုတ်၍ အတွင်းအားရုစည်း ရိုက်ခိုက်လိုက်ရင်း နှစ်ယောက်သား လွှားခနဲ ခုန်ထွက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လျှင်မြန်စွာ ခုတ်ပိုင်းလိုက်သော ဓားချက်များ လေထဲ တိမ်းရှောင်သွားသည်မှာ လှပဆေးသပ်လွန်းလှပေစွ။

ချောင်ဖုန်းမှာလည်း ညံ့ဖျင်းသော သိုင်းသမားတစ်ဦး မဟုတ်ကြောင်း သိရှိနားလည်ပြီး ဖြစ်သည်။

လှစ်ခနဲ လှစ်ခနဲ ခုတ်ပိုင်းလိုက်သော ဓားချက်များမှာ ဆာမန် သိုင်းသမားတစ်ယောက်သာ ဆိုလျှင် တွေးဝံ့ရဲမလို တော့ ချောင်ဖုန်းကိုယ်တိုင်က မုယုံဝါ၏ တိုက်ခိုက်မှုကို သတိ ကြီးစွာ ထားကာ ယှဉ်တတ်သူတစ်ဦးပင် ဖြစ်သည်။

'ဝှစ်...ဝှစ်'

'ဝှီး...'

ဓားချက်တိုင်းက တစ်ချက်မှ အဆင် ပြတ်မသွားခဲ့ပေ။

မုယုံဝါက လေးပွဓားရိုင်းသုံးကွက်ကိုအသုံးပြုပြီး တစ်ချက် ဆစ်ချက် သိမ်းစွန့်ဝှက် အတောင်ပံရိုက်သိုင်းကွက်ဖြင့် တိုက် ခိုက်တတ်ကြောင်း နားလည်မိသည်။

'ထန်...'

'ခြွမ်း...'

အတွင်းအားအပြည့် ခုတ်ပိုင်းသော ဓားချက်တိုင်းက မီးကြိုးပစ်ချသကဲ့သို့ ပြင်းထန်လှသည်။



ကိုင်ထားသော ဓားပင် လွတ်ကျသွားမတတ် တုန်ခါသွား လေသည်။

မုယုံဝါက သိုင်းကျွမ်း အမျိုးမျိုးကို တတ်ကျွမ်းထားသူ ဖြစ်၍ နဂါးနိုင်သိုင်းရှစ်ကွက်နှင့် ပြောင်းလဲတိုက်ခိုက်ရန် ပြင် ဆင်နေလေသည်။

ကျွမ်းကျင်ရှိအစ်ယောက် သူ ထင်ထားသလို ဖြစ်မလာဘဲ တစ်ဖက်သတ် အနိုင်ရသွားခြင်း မရှိဘဲ နှစ်ယောက်လုံးမှာ သိုင်းစွမ်းရည်တူနေကြသဖြင့် ကြည့်နေရင်း အားမလိုအားမရ ဖြစ်လာမိသည်။

မုယုံဝါက ဓားကွက်ကောင်းသည်ဟု ထင်ရသော်လည်း ချောင်ဖုန်းနှင့် တွေ့ရသောအခါ၌ တိုးမပေါက်နိုင်အောင်ပင် ဖြစ်မိလေသည်။

တိုက်ပွဲက သည်အတိုင်းဆိုလျှင် ပို၍ အချိန်ကြာမြင့်သွား လေသည်။

သူတို့နှစ်ဦး တိုက်ခိုက်နေခြင်းကို တစ်စုံတစ်ယောက်သာ တွေ့လျှင် အခြေအနေက ပိုမို ရှုပ်ထွေးလာနိုင်သည်။

ကျွမ်းကျင်ရှိကိုယ်တိုင် စောင့်ကြည့်ရှုနေရာမှ ဘွားနှင့်ထွက်၍ ဝင်ကူတိုက်ခိုက်ချင်သောစိတ်များ ဖြစ်ပွားမွှားပေါ်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဖုန်းက လေထဲသို့ လွှားခနဲ ခုန်တက်သွားသည်။

မုယုံဝါက လွှားခနဲ လိုက်ခုန်ရင်း လေထဲ၌ ခြေထောက်ကို ဆန့်ထုတ်၍ ဓားကိုင်ထားသောလက်ကို ပစ်ဆန့်လိုက်လေ၏။

ထိုတိုက်ကွက်မှာ သိမ်းစွန်ငှက် စွန်ကုပ်သိုင်းပင် ဖြစ်ပေ၏။

သားကောင်အပေါ် စွန်ကုပ်လက်သည်းနှင့် လျှပ်အမြန် တိုက်ခိုက်နိုင်သော သိမ်းစွန်ငှက်တစ်ကောင်ပမာ လွန်စွာအရေး ပါလှသော တိုက်ခိုက်မှုဖြစ်သည်။

တစ်ဖက်၌ သိုင်းကွက်တစ်ခုကို အာရုံပြုထားပြီးမှ အလစ် တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်သည်။

'ယား...'

'ဝုန်း...'

ချောင်ဖုန်းက ပါးနပ်လိမ္မာမှုအပြည့်နှင့် လေထဲ၌ပင် ရှောင် တိမ်းလိုက်ရင်း သူ၏သံမဏိသက်ဝါးနှင့် မုယုံဝါ၏ခုံးစွန်းကို ပြင်းထန်စွာ ရိုက်ပုတ်ပစ်လိုက်လေသည်။

ရှောင်တိမ်းချိန် မရလိုက်ပေ။

သံမဏိသက်ဝါးရိုက်ချက်အား ခန္ဓာကိုယ်တစ်ခုလုံး မထိ ခိုက်မိသော်လည်း ဟန်ချက်ယိမ်းယိုင်ပျက်ပြားသွားရသောကြောင့် မုယုံဝါလည်း အရှူးခဏ်၌ ရိုက်ပုတ်မိသွားသည်။



မုယုံဝါ အနေအထားပျက်ပြီး ဝုန်းခနဲပြုတ်ကျသွားလေ၏။ ကွမ်ကျောင့်ရှိ မျက်လုံးအဝိုင်းသား ဖြစ်သွားလေသည်။

မုယုံဝါက မချိမဆန့်ခံလိုက်ရသဖြင့် အယ်ဘက်လက်မောင်း မျက်ခနဲ ဖြစ်နေပုံရသည်။

သိုင်းသမားတစ်ယောက်အတွက် မဖြစ်စလောက် အနာတရ ဖြစ်သွားမှုတစ်ခုမှာ အရေးကြီးသော ယှဉ်ပြိုင် တိုက်ခိုက်မှု အတွက် အလွန်ပင် အရေးပါလှသည်။

မဖြစ်စလောက် ဒဏ်ရာအလေး၏ နာကျင်ကိုက်ခဲမှုကို သတိ ပြုနေတတ်လျှင် ထိုတိုက်ပွဲ၌ ရှုံးနိမ့်ဖို့ ကျိန်းသေနေပြီ။

ထိုတိုက်ပွဲမှာ အနိုင်အရှုံး အဆုံးအဖြတ်အတွက် ပြတ်ပြတ် သားသား စိန်ခေါ် တိုက်ခိုက်နေခြင်းသာ ဖြစ်သည်။

သူကိုယ်တိုင်က အနိုင်မဖြတ်နိုင်လျှင် သူ့အပေါ် ချောင် ဖုန်းက အနိုင်ဖြတ်သွားပေတော့မည်။

မုယုံဝါ၌ အပြင်းထန်ဆုံးသောမာန်မာနတို့ရားက ခွန်အား တစ်ခုလို ရှေ့က ဦးဆောင်နေသည်။

ကွမ်ကျောင့်ရှိကိုယ်တိုင် စိတ်လှုပ်လှုပ်ရှားရှား ဖြစ်မိသည်။

ချောင်ဖုန်း၏ သိုင်းကွက်အားလုံးက သူထင်ထားသည်ထက် ပို၍ သွက်လက်ကောင်းမွန်နေသဖြင့် ထိုတိုက်ပွဲ၌ မုယုံဝါတစ် ယောက် လုံးဝ အနိုင်ရလိမ့်မည် မဟုတ်ဟုပင် ထင်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ခန့်မှန်းလျှင် လွဲခဲ့သည် မဟုတ်ပါလား။

'ရှိုး...'

'ရှမ်း...'

ဒေါသအလျောက် တိုက်ခိုက်နေသော ခါးချက်များက အလဟဿ ဖြစ်နေသည်။

တိုက်ကွက်တိုင်း လွဲချော်မှုရှိနေသဖြင့် ရှုံးနိမ့်ရန် ကျိန်းသေနေပြီ။

'ယား...'

ကွမ်ကျင့်ရီကိုယ်တိုင် ငြိမ်သက်စွာ ကြည့်ရှုနေ၍ မရအော့တဲ့ အရကြမ်း ရေနေရောက် တိုက်ခိုက်လိုက်လေသည်။

ချောင်ဖုန်း အရမ်းကို အံ့ဩတုန်လှုပ်သွားသည်။

ကွမ်ကျင့်ရီအား သူကိုယ်တိုင်ပင် မမြင်ဖူးခဲ့သဖြင့် ထလီသခင်ဟု မထင်ခဲ့မိဘဲ သိုင်းတုန်းကြီးတစ်ပါးဟုပင် ထင်လိုက်မိသည်။

အဘယ်ကြောင့် သူ့အား ထိုသို့စင်ရောက်တိုက်ခိုက်ရသည်ကို စဉ်းစား၍ မရနိုင်လောက်အောင်ပင် ဖြစ်နေမိသည်။



နှစ်ယောက် အဆက်မပြတ် တိုက်ခိုက်မှုအား သတိဖြင့် ရှောင်ရင်း အခဝ်းတစ်နေရာသို့ လွှားခနဲ ခုန်ဆုတ်လိုက်မိလေသည်။

'ခင်ဗျား ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ကို အခုလို ရန်မူ တိုက်နေရတာလဲ'

မလှမ်းမကမ်းမှ အောင်ဘစ်မေးမြန်းလိုက်မိလေတော့သည်။

× × ×

'အစ်ဖကော်ဦး...'

ကွမ်ယီခင်းသားလေးက သူ့ခေါင်းထဲရှိပါလာသည့် အိုင်းခြောက်သွယ်အား မိသချာစွာ ပြောဆိုပြရင်း ဝရဇိန်ခြောက်သွယ်သိုင်းကျမ်းအား ဝမ်မင်းသမီးတလေးအား ကျေးဇူးဆပ်သည့်အနေဖြင့် ပေးအပ်လိုက်လေတော့သည်။

'အဲဒီအတိုင်းပါပဲ မမှတ်မိမယ်၊ ကျွန် တော် ဘက်က ရှာတာ ဝန်ကျေပါပြီ'

'ကျေးဇူးပါပဲကွယ်'

နတ်မိမယ် ဝမ်မင်းသမီးကလေးက အစ်ကိုမှယုံ ဖခင်ကြီးခိုင်းလိုက်သည့်သိုင်းကျမ်းကို ရရှိသွားခဲ့သောကြောင့် ရင်ထဲပေါ့ပါးသွားသလိုပင် ဖြစ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



တွမ်မင်းသားလေးကို ကျေးဇူးတင်ကြောင်း ပြောဆိုလိုက်မိ၏။

ထိုကျမ်းကိုသာ အစ်ကိုမုယုံဝါ လက်ထဲသို့ ထည့်လိုက်လျှင် ကတိပေးထားသည့်အတိုင်း အသက်ချမ်းသာခွင့်ရသွားပေတော့မည်။

သူတို့နှစ်ယောက်အပေါ် အစ်ကိုမုယုံဝါကကျေနပ်နားလည်မှုရှိလျှင် မေတ္တာလမ်းခရီးမှာ အနှောင့်အယှက်မရှိနိုင်ဘဲ ဖြောင့်ဖြောင့်ဖြူး သာယာစေမည်ဟု စိတ်ကူးယဉ်ထားလိုက်မိသည်။

သူ့စိတ်ကူးအတိုင်းသာ ဖြစ်လာခဲ့လျှင် ဘယ်လောက်ဝမ်းသာစရာ ကောင်းမည်နည်း။

တွမ်မင်းသားကလေး၏ မျက်နှာကို ငေးကြည့်နေမိလေ၏။

အပြစ်ကင်းစင်သော ကလေးတစ်ယောက်ဟုမင် ထင်နေရတုန်းပင်။

မင်းသားကလေးကလည်း ပြုံးပြန်၍အကြည့် ဇမ်မင်းသမီးလေး၏အကြည့် သူ့ခိုးကို လှမ်းသွားလေတော့သည်။

'အို....'

ရှက်သွေးဖြန်းသော မျက်နှာလေးနှင့် တစ်ဖက်သို့ လှည့်မော်လိုက်၏။



မင်းသားကလေး ခေါင်းထဲ၌ ဝရဇိန်ခြောက်သွယ်သိုင်းကျမ်းအား ပေးလိုက်ရသဖြင့် စိုးရိမ်မှုများ မရှိတော့၊ ရင်ခုန်ဖတ်မှုသာ ရှိ၏။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

'ကဲကွာ....'

'ရှမ်း...ရှမ်း'

'ရှမ်း...ရှမ်း...ရှမ်း'

ထိုအခိုက်...

အပြင်မှ အောင်တစ်လိုက်သံတစ်ခုကို ကြားလိုက်ရသဖြင့် အပြင်သို့ အခန်းတွင်းမှ လှမ်းအကြည့်...

'ဟင်...အစ်ကိုချောင်ဖုန်းကိုဝိုင်းပြီးတိုက်ခိုက်နေကြပါလား'

မင်းသားလေးမှာ ချောင်ဖုန်းအား ကွမ်ကျင့်ရှိနှင့် မုယုံဝါတို့က နှစ်ယောက် ပူးပေါင်းတိုက်ခိုက်နေသည်ကို ရုတ်တရက် တွေ့မြင်လိုက်ရသဖြင့် စိတ်လှုပ်ရှားသွားမိလေတော့သည်။



ချောင်ဖုန်းမှာ သူ၏အသက်ကိုကယ်တင်ထားသောအသက်သခင် ကျေးဇူးရှင်အစ်ဦးပင် မဟုတ်ပါလား။

'အစ်ကိုချောင်ဖုန်း ရှုံးတော့မှာပဲ၊ ငါအမြန်သွားမှ ဖြစ်တော့မယ်'

မင်းသားလေးမှာ ထိုမြင်ကွင်းကို ကြည့်ရင်း အခန်းထဲမှ လှစ်ခနဲ ပြေးထွက်သွားလေသည်။

'မင်းသား...မင်းသား...ဟင်...ဒုက္ခပါပဲ'

ဇမ်မင်းသမီးကလေးက လှမ်းခေါ်လိုက်သော်လည်း မင်းသားလေးက လှည့်မကြည့်နိုင်တော့၊ အဆောက်အအုံပေါ်မှ လွှားခနဲ ခုန်ချလိုက်ရင်း တိုက်ပွဲဖြစ်ပွားသည့်နေရာသို့ အရောက်ပြေးလာမိတော့သည်။

မင်းသားကလေးသာပါလျှင် အခြေအနေတစ်မျိုး တစ်ဖုံ ပြောင်းလဲသွားဖွယ်ရှိသည် မဟုတ်ပါလား။

'ထန်း...ထန်း'

'ခြိမ်း...'

မားချင်းခုတ်ပိုင်းချက်များ၊ ထိုးသွင်းချက်များကို ချောင်ဖုန်းက အကွက်စေ့စေ့မြင် ကာကွယ်နေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပွဲပေါင်းတိုက်ကွက်များဖြင့် စနစ်တကျ တိုက်ခိုက်နေခြင်း ဖြစ်သောကြောင့် တစ်ကွက်မှားလျှင် အသက်ဆုံးရှုံးသွားနိုင်သည်။

လေထဲ လွင့်နေ ဝဲပျံ့ရှောင်တတ်သည်ကို ကွမ်ကျင့်ရီ သိနေသဖြင့် ထိုသိုင်းကွက်အား မလိုအပ်ဘဲ မသုံးမိအောင် စိတ်ကို ထိန်းချုပ်ထားရသည်။

နှစ်ယောက်စလုံးက အတွင်းအားပြင်းထန် ကောင်းမွန်သူများပင် ဖြစ်ကြသည်။

လျင်မြန်မှုလည်း အမြဲ ရှိနေသူများဖြစ်၍ အနေအထား ယိမ်းယိုင်မသွားစေရန် ကြာရှည် ထိန်းချုပ်ထားရသည်မှာ လွယ်ကူလှပေ။

နှစ်ဦးစလုံးက ချောင်ပုန်းအပေါ် အသေအကြေ တိုက်ခိုက်နေခြင်းသာ ဖြစ်သည်။

အသာစီးရထားသည့်နေရာမှ လုံးဝ အရှိန်လျော့မသွားစေဘဲ အဆက်မပြတ် တိုက်ခိုက်နိုင်အောင် ကြိုးကြာမောင်းနှဲ သိုင်းကွက်ဖြင့် ထိန်းထားနိုင်သည်။

'ဟိုး....'

'ကျား....'



'ယား....'

ကွမ်မင်းသားကလေးမှာသိုင်းမတတ်သော်လည်း နတ်သမီးရုပ်တုအောက်မှလှင့်ပေါ်ခြေကွက်ချွန်သိုင်းကွက်ကိုတစ်မြောက်ထားသူတစ်ယောက် ဖြစ်၏။

တိုက်ပွဲဖြစ်ပွားသည့် နေရာသို့ အသိကင်းမဲ့စွာ လွှားခနဲ ဝင်ရောက်လာခဲ့လေသည်။

'မင်း....သား....လေး'

'ဟင်....'

'ဟာ....'

မင်းသားကလေးကို တွေ့မြင်လိုက်ရသဖြင့် အားလုံးမှာ အံ့သြထွန့်လှုပ်သွားကြသည်။

ကွမ်ကျင့်ရီမျက်နှာမှာ လငပုပ်ဖမ်းသလိုပင် ညိုမည်းသွားလေတော့သည်။

အခြေအနေက ပိုမိုရှုပ်ထွေးသွားမည်ကို သိလိုက်မိလေ၏။

'မင်း ဘာဝင်ရှုပ်တာလဲ မင်းသား'

မယုံဝါက ဒေါသအကြီးနှင့် ခြောက်လှန့်လိုသော လေသံဖြင့် မေးမြန်းလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီပွဲက ကြည့်မကောင်းပါဘူး၊ ချောင်ဖုန်းဆိုတာ ကခြွားသူမဟုတ်ဘူး၊ ကျုပ်ရဲ့အစ်ကိုပဲ၊ ဒါကြောင့် ဆက်လက်တိုက်ခိုက်ခနေမယ်ဆိုရင် ကျုပ်အစ်ကိုဘက်က ပါရလိမ့်မယ် သိရဲ့လား'

မင်းသားကလေးက ပြုံးပြုံးသားသားပင် စိန်ခေါ်လိုက်သည်။

'ဟား... ဟား...ဟား၊ အရှုးချီးပန်းစကားတွေ လျှောက်ပြောမနေစမ်းနဲ့ မင်းသား၊ အသက်တစ်ချောင်းကို နှမြောရင် ကိုယ့်နေရာကိုယ်ပြန်ပါ'

ကွမ်ကျင့်ရီက လှောင်ပြောရယ်ခါမှာရင်း အမိန့်ပေးပြောလိုက်ပြန်သည်။

မင်းသားကလေးက ခေါင်းကို ခါယမ်းပစ်လိုက်ရင်း...

'ခင်ဗျားတို့ ဆက်ပြီး တိုက်ခိုက်နေမယ်ဆိုရင် အစ်ကိုချောင်ဖုန်းဘက်က ကျုပ်ပါရလိမ့်မယ်'

မုယုံဝါ ဒေါသထိန်းချုပ်မထားနိုင်တော့ပေ။

သိုင်းမတတ်သော မင်းသားတစ်ပါးက သူတို့အပေါ် စော်ကားနေသည်ဟု ထင်မိသဖြင့်...

'ကိုင်းကွာ...'



'ဗွစ်...ဗွစ်...ဗွစ်'

ခါးသိုင်းချက်အား မင်းသားလေးက သူ့အလိုလို ရှောင်တိမ်းမိသွားကိသွားဖြစ်နေသဖြင့် မုယုံဝါ တုန်လှုပ်ချောက်ချားမိသည်။

'ဟိုင်း....'

'ကျား....'

'ယား....'

မှင်တက်ငေးကြောင်နေစဉ် ချောင်ဖုန်းက အလွန်လျင်မြန်သော လေပွေခါးသိုင်းကွက်နှင့် နှစ်ယောက်လုံးအား တိုက်ခိုက်လိုက်လေတော့သည်။

လူစော ခါးချက်ပါ လေပွေလှိုင်းထဲ လွင့်ပျောနေသည်ဟု ထင်လိုက်ရသဖြင့် နှစ်ဦးစလုံးမှာ တိုက်ကွက် ပျက်သွားပြီး ကစဉ့်ကလျား ဖြစ်သွားတော့သည်။

ချောင်ဖုန်းကိုယ်တိုင်ကရှေ့ဆက်တိုး၍မရနိုင်လောက်အောင်ပင် တကြိမ်း တိုက်ခိုက်နေခဲ့တော့သည်။

'ဗွစ်... ဗွစ်'

'ဗွစ်...ဗွစ်'

www.burmeseclassic.com

www.burmeseclassic.com



မားချက်လေတိုးသံကား အဆက်မပြတ်ဘဲရှိနေတော့သည်။

တစ်ချိန်လုံး ခံစစ်နေရာမှ ကာကွယ်နေရသော်လည်း မမျှော်လင့်ဘဲ ထိုးဖောက်တိုက်ခိုက်မိသဖြင့် တုန်လှုပ်မိသွားကြသည်။

'ကဲ…မင်းသား ပြေးကြစို့'

အခွင့်အလမ်းရခိုက်…

တွမ်မင်းသား၏ လက်ကိုဆွဲ၍ တစ်ချိုးတည်း လစ်ပြေးလာခဲ့ရလေတော့သည်။

ထိုသို့မလုပ်၍ မဖြစ်တော့။

မင်းသားကလေးအား ငဲ့ညှာ၍ တိုက်ခိုက်နေလျှင် သူ့ဘက်မှ ရှုံးနိမ့်သွားဖို့အား သေချာနေပြီ မဟုတ်ပါလား။

ဝမ်မင်းသမီးကလေး စိုးရိမ်တကြီး ပြေးထွက်လာချိန်၌ တွမ်မင်းသားလေးနှင့်ရှောင်ဖုန်းတို့က လုံးဝပျောက်ကွယ်သွားလေတော့သည်။

'နင် အသုံးကိုမကျဘူး'

မုယုံဝါက ညီမဖြစ်သူအား ဒေါသအရောင်တောက်သော မျက်လုံးဖြင့် စိုက်ကြည့်ရင်း အပြစ်တင်ပြောဆိုလိုက်၏။

ဝမ်မင်းသမီးလေးက…



'ကျွန်မလဲ တားမြစ်တာပဲ၊ သူ ဒီလိုအတင်းထွက်ပြေးလာတာ ကျွန်မအပြစ်မှ မရှိဘဲ'

'ဖြန်း…'

မုယုံဝါက လက်ဖျားနှင့်တောင် တို့ဖို့စိတ်မကူးသော ညီမဝမ်အား ခွန်းတုံ့ပြန် ပြောဆိုရလေမလားဟူ၍ ရိုက်နှက်လိုက်မိသည်။

'နင့်ပါးစပ်ပိတ်ထားစမ်း၊ လူတစ်ယောက်လုံး လွတ်သွားရလောက်အောင် ဖြစ်ရတဲ့ကိစ္စဟာ နင့်ဘက်က အထိန်းအသိမ်းမတတ်လို့ အခုလိုဖြစ်ရတာ သိရဲ့လား'

လက်ညှိုးငေါက်ငေါက်ထိုး၍ စွပ်စွဲပြောဆိုလိုက်လေသည်။

ဝမ်မင်းသမီးကလေးမှာ နာကြည်းမိသည်။

ဝရဇိန်ခြောက်သွယ်သိုင်းကွက်ကို သူ့အား တွမ်မင်းသားလေးက ပေးအပ်ခဲ့ပြီးဖြစ်သော်လည်း အစ်ကိုဖြစ်သူ မုယုံဝါက ကိုယ်ထိလက်ရောက် စော်ကားသဖြင့် ထိုအကြောင်းကို လုံးဝမပြောမိအောင်ပင် ထိန်းချုပ်ထားလိုက်မိသည်။

မျက်ဝန်းအိမ်မှ မျက်ရည်တို့ကို ပါးပြင်ပေါ်သို့ မကျလာရန် ထိန်းရင်း တုန်ယင်နေသော အောက်နှုတ်ခမ်းကို ပြစ်လှမတတ် ကိုက်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်ကျင့်ရီက တွမ်မင်းသားလေး လွတ်မြောက်သွားသော ကြောင့် ဗမာင်နှမနှစ်ယောက်၏ ပင့်ပကွ အခြေအနေကိုကြည့် ရင်း မည်သို့ရွှေ့ဆက်မည်ကို စဉ်းစားနေမိသည်။

'မင်းသားတော့ လွတ်သွားပြီ ဦးရီးတော် ကွမ်ကျင့်ရီ၊ ကျုပ်တို့ ရွှေ့ဆက်ပြီး ဘာဆက်လုပ်ကြမလဲ'

မုယုံဝါက စိုးရိမ်တကြီးပင် မေးမြန်းလိုက်မိသည်။

သူ့ခေါင်းထဲ၌ ဉာဏ်နီဉာဏ်နက်များ မရှိ၊ ကွမ်ကျင့်ရီ၏ ဦးနှောက်ကို အသုံးပြု၍ လုပ်ကိုင် ဆောင်ရွက်နေရခြင်းပင် မဟုတ်ပါလား။

ကွမ်ကျင့်ရီက လက်ကာပြလိုက်ရင်း....

'ကိစ္စမရှိပါဘူးလေ၊ ဓရေဇီနံခြောက်သွယ်သိုင်းကွက်ကို မရ ပေမယ့် သိုင်းဘုရင်ဖြစ်နိုင်တဲ့ တခြားနည်းလမ်းတွေလဲ အများ ကြီး ရှိပါသေးတယ်'

'ဗျာ....ဘာယ်လို'

ကွမ်ကျင့်ရီ၏ပြောဆိုသောစကား၏ အနက်အဓိပ္ပာယ်ကို မုယုံ ဝါ နားလည်နိုင်စွမ်း မရှိသလိုပင် ဖြစ်ရလေတော့သည်။

ဝမ်မင်းသမီးလေးက ကွမ်ကျင့်ရီအပေါ် ယုံကြည်မှုမရှိသော မျက်လုံးများနှင့် အကဲခတ် စေ့စိုက်ကြည့်နေသည်။



အစ်ကိုဖြစ်သူ မုယုံဝါက သိုင်းဘုရင်တစ်ဆူဖြစ်ရန် ရူးသွပ် နေရှာမှန်းသိ၍ အရူးကို အမဲဆားကျွေးသလို သွေးကြွလာစေ ရန် မြှောက်ပင့် ပြောဆို အကြံပေးတတ်သည့် ကွမ်ကျင့်ရီမှာ မိတ်ဆွေကောင်းမဟုတ်ဘဲ မုန်းတီးဖွယ်ဆုပ် ရွံရှာဖွယ်ကောင်း လှသူတစ်ယောက်ပင် ဖြစ်သည်။

သို့ပေမယ့် ကွမ်ကျင့်ရီပြုမူပြောဆိုမှုကို မုယုံဝါက ယုံစား နေဆဲ။

'ရှင်းစမ်းပါဦး ဦးရီးတော် ကွမ်ကျင့်ရီ'

'စီရှဘုရင်က သိုင်းပြိုင်ပွဲ ကျင်းပပြီး သမက်ရွေးပွဲတစ်ခု ရှိတယ်လေ....

'အဲဒီ သိုင်းပြိုင်ပွဲဟာ မင်းအတွက် မျှော်လင့်ချက်တစ်ခု ပဲပေါ့....

'မင်းတတ်ထားတဲ့ သိုင်းကျမ်းပေါင်း များစွာကို ခေါင်း ထဲက ထုတ်သုံးပြီး အဲဒီပြိုင်ပွဲမှာ ယှဉ်ပြိုင်လို့ အနိုင်ရရှိသွား ခဲ့ရင် မင်းဟာ ဘုရင့်သမက်တစ်ယောက် ဖြစ်လာရမှာပေါ့ကွာ၊ ဟဲ... ဟဲ'

ကွမ်ကျင့်ရီ ပြောဆိုသမျှကို စိတ်ဝင်စားစွာ နားထောင် နေရင်း မုယုံဝါက....

'အကယ်၍ ဒီသိုင်းပြိုင်ပွဲမှာ ထင်ထားတဲ့အတိုင်း ကျုပ်က အနိုင်မရဘဲ ရှုံးနိမ့်သွားမယ်ဆိုရင် ဘယ့်နှယ်လုပ်မလဲ'

ဟု မေးလိုက်မိသည်။

ထိုမေးခွန်းက မုယုံဝါအတွက် မေးသင့် မေးထိုက်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



'မင်း ရှုံးနိမ့်မယ့် အခြေအနေ ရောက်လာရင် မင်းဘက်က ငါကိုယ်တိုင် ကူတိုက်ပြီး သိုင်းပြိုင်ပွဲကို ဖျက်ဆီးပစ်လိုက်မယ် မုယ်ုဝါ ဒီအတွက် ဘာမှမပူနဲ့'

ကွမ်ကျင့်ရီက သူ့စကားအတွက် ဖြေစရာတစ်ခုကို ကြိုတင်ပြင်ဆင်ထားသဖြင့် မုယ်ုဝါ တွေဝေသွားမိသည်။

ထိုကိစ္စမှာ သူ့အတွက် အခွင့်အလမ်းတစ်ခုပင် မဟုတ်ပေါလား။

★

## အခန်း ( ၁၂ )

သိုင်းဘုရင်ဖြစ်လိုသူသူ့အတွက် အခွင့်အလမ်းကိုလက်လွှတ်ဆုံးရှုံး၍ မဖြစ်သေး။

စီရှုဘုရင်ဆိုသည်မှာ ထိုနယ်၌ ဩဇာအာဏာရှိလှသော မင်းတစ်ပါးပင် ဖြစ်သည်။

စီရှုဘုရင်၏ သမက်သာဖြစ်မည်ဆိုလျှင် သိုင်းလောကသားများက သူ့အပေါ် ရှိသေလေးစားစွာ ဆက်ဆံရပေတော့မည်။

ကွမ်ကျင့်ရီ၏စကားအပေါ် ယုံစားရျှ်စိတ်ကူးထဲ၌မျက်မျှင်၊ ပင် အကောင်အထည်ဖော်လိုက်မိလေသည်။

ကွမ်ကျင့်ရီက အကြံဖြင့် စမ်မင်းသမီးကလေး ဖာ နီ၊ ရှိ ထျောက်လာရင်း....

www.burmeseclassic.com

www.burmeseclassic.com



'လုံးဝမလွှစ်နဲ့'

လည်မျိုအားခါးနှင့်ထောက်၍ တန်ဆာခံလုပ်၍ခေါ်သွား[illegible]ရန် ကြံရွယ်လိုက်သည်။

'ဟာင်... ညီမလေး'

တခဏ်အတွင်း နားမလည်နိုင်သေး 'အပြုအမူတစ်ခုအား[illegible] မပြောမဆိုဘဲ ကွမ်ကျင့်ရှိ သုံးသွားသည့်အတွက် မုယုံဝါ[illegible] အသိစိတ် ချက်ချင်း ဝင်လာသည်။

ဝမ်မင်းသမီးကလေးအား တန်ဆာခံလုပ် ခေါ်ဆောင်[illegible]သော ကွမ်ကျင့်ရှိမျှမှောက်ဆီ ကိုယ်ဖော့သိုင်းပညာဖြင့် [illegible]ထဲတွင် တစ်ပတ်ကျွမ်းပစ်ကာ လွှားခနဲ ခုန်ချလိုက်ကာ....

'ဒါက အဘယ်သဘောလဲ ကွမ်ကျင့်ရှိ'
'မင်းညီမကို ခဏဖမ်းထားမလို့လေ'
မုယုံဝါက တိုက်ခိုက်ရန် အသင့်ပြင်ဆင်လိုက်လေသည်။
'ခင်ဗျားက သစ္စာဖောက်တဲ့ သဘောလား'
မုယုံဝါက ကပျာကယာ ပြောလိုက်လေသည်။
ထိုအခါ ကွမ်ကျင့်ရှိက....

'မင်းက ငါ့ကို အခုထိ နားမလည်နိုင်သေးဘဲကိုး၊ ဝမ်မင်းသမီးကလေးအပေါ် တွမ်ယီမင်းသားက ဘယ်လောက်စွဲလမ်းတယ်ဆိုတာကို မင်းအသိဆုံးပဲ'



'တွမ်ယီမင်းသားလေး အခုလို ပျောက်ဆုံးသွားတဲ့ကိစ္စမှာ [illegible]မင်းညီမ ဝမ်မင်းသမီးကလေးကို ချုပ်ကိုင်ထားမှဖြစ်မယ်......

'အရူးအမူး စွဲလမ်းနေတဲ့ တွမ်ယီဟာ ဝမ်မင်းသမီးလေး ကြောင့် တစ်နေ့ကျရင် ငါ့ထောင်ချောက်ထဲကို သေချာပေါက် ရောက်လာရမှာပဲလေ'

မုယုံဝါ တွေဝေသွားမိသည်။

'စိတ်ပူမနေနဲ့စမ်းပါနဲ့ကွာ၊ မင်းသာ သိုင်းပြိုင်ပွဲဝင်ဖို့ စိတ်ချ[illegible]ချ လေ့ကျင့်ထားစမ်းပါ၊ မင်းညီမအပေါ် မှဲ့ဘာစ်ပေါက် မှုန်းစေရပါဘူး၊ တွမ်ယီမင်းသားကို ဖမ်းမိတာနဲ့ ချက်ချင်း ပြန်လွှတ်ပေးလိုက်မှာပါ၊ ဟဲ...ဟဲ'

မုယုံဝါတစ်ယောက် ကွမ်ကျင့်ရှိ ပြောဆိုအမျှကို လုံးဝ မငြင်းနိုင်ဘဲ ဖြစ်နေမိသည်။

တန်ဆာခံဖြစ်နေရသော ဝမ်မင်းသမီးကလေးက ညီမအရင်း ခေါက်ခေါက်အတွက်ကာကွယ်ပေးခြင်းမရှိသော အစ်ကိုဖြစ်သူ အပေါ် ရှင်နာလို့ မဆုံးနိုင်ခဲ့။

ကွမ်ကျင့်ရှိအ ဝမ်မင်းသမီးလေးကို ခါးနှင့် ထောက်၍ တန်ဆာခံလုပ်ရင်း တောစပ်သို့ ထွက်ပြေးလာခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဖြစ်သူ မှုယုံ ဝါက သိုင်းဘုရင်ဖြစ်ဖို့ အားထုတ်သော ခေါင်းထဲ စဉ်းစားရင်း ဆွေ့ကက်ဆတ်ရှုမ်းဆော်ရှင်လို ရပ်တန့် ကျန်ရစ်ခဲ့လေသည်။

ဝမ်မင်းသမီးကလေး ကံကြမ္မာကိုကား၊ ရွှေဆက်၍ မည်း ပန်လာဦးမည်ကို လုံးဝ မသိနိုင်သေးပေ။

★

အခန်း ( ၁၃ )

'ပျောက်သောသူ ရှာရင်တွေ့'

တရှုတ်ပြည်မ....

တွမ်မင်းသားနှင့် ချောင်ဖုန်းတို့မှာ မှုယုံဝါလက်တွင်းမှ လွတ်မြောက်အောင် ထွက်ပြေးလာကတည်းက နှစ်ယောက်မခွဲ အတူရှိနေခဲ့ကြသည်။

ဝမ်မင်းသမီးကလေးအတွက် ခံစားနေရသော ဝေဒနာက တွမ်ယီထံ၌ လုံးဝ ပျောက်မသွားနိုင်သေး။

'သောက်လေကွာ...ဘာတွေ စဉ်းစားနေတာလဲ'

ချောင်ဖုန်းက မန်းတစ်ရာအရက်ကို ငှဲ့ပေးလိုက်ရင်း တွမ်မင်းသားလေးကို ပြောဆိုလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'နှုတ်မိမယ့် ဝမ်မင်းသမီးကလေးအကြောင်းကို စဉ်းစားနေမိလို့ပါ အစ်ကိုချောင်ဖုန်းရာ၊ အခုအချိန်ဆိုရင် ကျွန်တော့်ကြောင့် သူ့အစ်ကိုနဲ့ ပြဿနာဖြစ်နေမှာဗျ'

ပွင့်လင်းစွာ ပြောဆိုလိုက်သောကြောင့် ချောင်ဖုန်းက ပြုံးလိုက်လေသည်။

သူကိုယ်တိုင်လည်း နှလုံးသား၌ ခံစားချက် မရှိပါဘူးဟု မကြေညာရဲသေး။

အာကျူဆိုသော မိန်းကလေးအတွက် ကြေကွဲနေရသောကိစ္စမှာ ပူပူနွေးနွေးပင် ရှိနေသေးသည် မဟုတ်ပါလော။

'ဝမ်မင်းသမီးကလေးကို သူ့အစ်ကို မုယိုဝါ ရှိနေသရွေ့မင်းနဲ့ ဘယ်လိုမှ သဘောတူနိုင်မှာ မဟုတ်ဘူး၊ ဖြစ်နိုင်ရင် မေ့ပစ်လိုက်စမ်းပါကွာ'

ပန်းတစ်ရာ အရက်ကို မင်းသားလေးကလည်း လည်ချောင်းထဲ ပူခနဲ ဖြစ်သွားအောင် မျှောချလိုက်သည်။

ပြီးမှ....

'ဒီကိစ္စက မလွယ်ဘူး အစ်ကို၊ ဝမ်မင်းသမီးလေးနဲ့ ကျွန်တော်ဟာ တစ်ယောက်နဲ့တစ်ယောက် ဖွင့်ဟပြောကြပေမယ့် မေတ္တာရှိနေကြတာတော့ အမှန်ပဲ၊ သူဟာ ကျွန်တော့်အသက်ကို အကြိမ်ကြိမ် ကယ်ဆယ်ခဲ့ဖူးတယ်လေ'



ချောင်ဖုန်း သက်ပြင်းချလိုက်လေသည်။

တွမ်မင်းသားလေးက သူ့အက်အသက်ငယ်ရွယ်သူဖြစ်နေ၍ အချစ်ရေးကိစ္စ၌ ရွှေသန်းတင်ရှာပေလိမ့်မည်။

'ဒါဆိုလဲ ဝမ်မင်းသမီးကလေး အကြောင်းကို စုံစမ်းပြီး သူ့အစ်ကို မုယိုဝါ မရှိတုန်း ခိုးပြေးကြအားပေါ့ကွာ၊ ကိုင်း....ညဥ့်နက်လှပြီ အိပ်တော့'

ချောင်ဖုန်းကိုယ်တိုင် စာနာမှုအစ်ခုဖြင့် တွမ်မင်းသားလေးကိစ္စအား ဖြေသိမ့်ပြောဆိုလိုက်လေသည်။

သူတို့ဘဝ လမ်းခရီးက ကြမ်းတမ်းလွန်းလှသည်။

ရှေ့ဆက်၍ မည်သို့သောအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရဦးမည်ကို မသိနိုင်သေး။

နေရောင်က လမ်းပေါ်သို့ စူးရှစွာ ကျရောက်လာလေ၏။

တွမ်မင်းသားလေးနှင့် ချောင်ဖုန်းမှာ ခရီးထွက်လာရင်း ဆိုင်တစ်ဆိုင်ရှေ့အရောက်—

'ဟိုမှာ ကွမ်ကျင့်ရီနဲ့ ဝမ်မင်းသမီးလေး'

မင်းသားက လက်ညှိုးထိုးပြလိုက်၏။

သူတို့နှစ်ယောက်အား မြင်မသွားစေရန် အဆာကွယ်နေလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'တစ်ခုခုတော့ ထူးခြားတာ အမှန်ပဲ'

ချောင်ဖုန်းက လေးနက်စွာ စဉ်းစားရင်း ပြောဆိုလိုက်၏။

'ကျွန်တော် အခြေအနေကို လိုက်ချောင်းကြည့်ပြီး စုံစမ်းရင် ကောင်းမယ်'

မင်းသားလေးက စိတ်လှုပ်လှုပ်ရှားရှားဖြစ်နေမှန်း ချောင်ဖုန်း နားလည်မိသည်။

'အေး...ကောင်းတယ်၊ ဒါပေမယ့် မင်းကို သူတို့ လုံးဝ မြင်မသွားစေနဲ့နော်၊ ကွမ်ကျင့်ရိကြ ညာဏ်များတယ် သိလား'

ချောင်ဖုန်းက စိတ်မရှည်နိုင်သဖြင့် မင်းသားလေးကို မသဲမကွဲ ချော့ချော့ မှာလိုက်မိသည်။

'ကျွန်တော့် အတွက် စိတ်ချပါ အစ်ကို'

မင်းသားလေးက ပြောဆိုရင်း ထမင်းဆိုင်အနားသို့ ကပ်လာလေတော့သည်။

✕ ✕ ✕

ထမင်းဆိုင်ထဲ၌ လူရှင်းနေသည်။

စကျော်စားပွဲဝိုင်း တစ်ခုမှာ၌ ကွမ်ကျင့်ရိနှင့် မင်းသမီးလေးတို့ မျက်နှာချင်းဆိုင် ထိုင်နေကြသည်ကို တွေ့မြင်လိုက်ရသည်။



မင်းသမီးကလေး မျက်နှာမှာ ရွှင်လန်းတက်ကြွမှု မရှိဘဲ ညှိုးငယ်နေကြောင်းကို သတိထားမိသည်။

'စားလေ...ဘာဖြစ်နေတာလဲ'

'ကျွန်မ မစားချင်ဘူး'

ဝမ်မင်းသမီးကလေးက ဆန့်ကျင်ပြောဆိုလိုက်မိလေသည်။

'ဘာလဲ၊ ငါ့ကို အားခဲတဲ့သဘောလား'

ကွမ်ကျင့်ရိက မေးသံခပ်အုပ်အုပ်ဖြင့် မေးမြန်းပြောဆိုလိုက်လေသည်။

ဝမ်မင်းသမီးလေးက တုံ့ပြန်မပြောဘဲ ငြိမ်သက်စွာ ထိုင်နေမိသည်။

မင်းသားလေးက ထိုမြင်ကွင်းကို ချောင်းကြည့်နေရာမှ အားမလိုအားမရဖြစ်ပြီး ရှေ့ဆက်တိုးလာသည်။

သူတို့နှစ်ယောက်စလုံးက မမြင်မိကြပေ။

ကွမ်ကျင့်ရိက ခက်ထန်မာကျောသော မျက်နှာနှင့် ကြည့်ရင်း....

'မင်းသားကို အခုထိ မတွေ့သေးဘူး၊ အကယ်၍များ တွမ်မင်းသားကို မတွေ့နိုင်တော့ဘူးဆိုရင် မင်းကို ငါက မယားငယ်အဖြစ် သိမ်းပိုက်ဖို့ပဲ ကောင်းတော့တယ်'

www.burmeseclassic.com

www.burmeseclassic.com



နွတ်လည်း မခေါ်ဘဲ ရိုင်းစိုင်းစွာ ပေါက်လာသော ကွမ်းကျင့်ရီ၏ စကားကြောင့် မျက်နှာပေါ်၌ ရက်သွေးများ ဖြန်းခနဲ တက်သွားမိလေသည်။

အကြံပက်စက်ယုတ်မာလှသော ကွမ်းကျင့်ရီလက်ထဲ၌ သူ့ဘဝမှာ တမ်မင်းသားလေးတို့သာ မတွေ့ခဲ့လျှင် ရေတိမ်နစ်ရ ချေပအောင်မည်။

မင်းသားကလေးက ပြောဆိုနေသည့် ထိုစကားသံအား ကြားလိုက်မိသဖြင့် တုန်လှုပ်ချောက်ချားသွားမိသည်။

အန္တရာယ်ကြား၌ မင်းသမီးကလေး ရောက်ရှိနေသည်ကို သိရှိသော်လည်း သူကိုယ်တိုင်က သိုင်းမတတ်သဖြင့် အဖော်တင်ဖို့ မလွယ်လှသေး။

အချိန်အခါမသင့်ဘဲ ကယ်တင်လျှင် ပို၍ ဒုက္ခရောက်သွားနိုင်သည်။

ထို့ကြောင့်—

စိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားလိုက်ရလေတော့၏။

'ယူထို့ စီရွှနယ်က သိုင်းပြိုင်ပွဲတို့ သွားရောက်ဖို့ ပြောနေကြတယ် အစ်ကိုချောင်ဖုန်း'

ထမင်းဆိုင်ထဲ နှစ်ယောက် ပြောဆိုနေကြသည့် စကားကို ကြားသောသည့်အတိုင်း ပြောဆိုလိုက်လေသည်။



ကွမ်းကျင့်ရီမှာ သူ့အတွက် ကလဲ့စားချေရန် အဓိကထားသော သိုင်းသမားတစ်ယောက်သာ ဖြစ်သည်။

'ဒီအတိုင်းဆိုရင် ပြဿနာ ရှုပ်ထွေးလာအောင် မင်းသမီးကလေးကို ဓားစာခံ လုပ်ထားတာပဲ မင်းသား'

ချောင်ဖုန်းက တိကျသေချာသော ဆင်ခြင်ချက်တစ်ခုကို ပေးလိုက်လေသည်။

'ဘယ်လိုလုပ်မလဲ အစ်ကိုချောင်ဖုန်း၊ မြေခွေးကြီးလက်ထဲက မင်းသမီးကလေးကို ဘယ်လိုကယ်ကြမလဲ'

'ဒီအတွက် ဘာမှမပူနဲ့ မင်းသား၊ မင်းသမီးလေးကို ကယ်တင်ဖို့အတွက် စီရွှနယ်ကို တို့နှစ်ယောက် လိုက်သွားကြမယ်'

မင်းသားကလေးမှာ ချောင်ဖုန်း၏ စကားကြောင့် စိတ်ကျေနပ်မှုတစ်ခုကို ရရှိသွားလေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၄ )

'စီရှုနယ်မှ သိုင်းပြိုင်ပွဲ'

စီရှုနယ်မြေ…

တိဗက်နယ်နှင့် နယ်နိမိတ်စည်း ပိုင်းခြားမှုရှိသော နယ်မြေ ဖြစ်၏။

စီရှုဘုရင်၏ သိုင်းပြိုင်ပွဲရှိသဖြင့် စိတ်ဝင်စားသော သိုင်းသမားများ အဖွဲ့ဖွဲ့ ရောက်ရှိလာကြသည်။

ခက်နေသည်က…

စီရှုနယ်သို့ မဝင်ရောက်မီ နယ်နိမိတ်စည်း၌ အဟန့်အတား ဖြစ်စေသော လူ့ဘီလူးကြီး ကျင့်ဟို၏ အနှောင့်အယှက် ကြောင့်ပင် ဖြစ်လာတော့သည်။



ကျင့်ဟိုအား ခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့်နှင့် ကတုံးကို ပြောင်အောင်တုံးထားသူ ဖြစ်သည်။

အလွန်သန်မာလှသူဖြစ်ပြီး တော်တန်ရုံသိုင်းသမားက သူ့အား တိုက်ခိုက်၍ မရနိုင်ပေ။

သူ၏ခေါင်းက သံမဏိလို မာကျောလှသည်။ သူနှင့် တိုက်ခိုက်ရသူမှာ လူ့ဘီလူးကြီးတစ်ကောင်နှင့် သတ်ပုတ်တိုက်ခိုက်ရသကဲ့သို့ပင် ဖြစ်နေမိ၏။

သိုင်းပြိုင်ပွဲသို့ သိုင်းသမားများ ရောက်ရှိလာမည်ကိုသိ၍ သူကိုယ်တိုင်က နယ်နိမိတ်စည်း၌ လူ့ဘီလူး တစ်ကောင်လို စောင့်ကြပ် စိန်ခေါ်နေခြင်းပင် ဖြစ်သည်။

'ဟိုက်…ဒါ ဘယ်လဲ'

နယ်နိမိတ်စည်းကိုကျော်လာသော သိုင်းသမားသုံးယောက်အား အခြောက်တိုက် ဟောက်လိုက်သည်။

ပြိုင်ပွဲသို့ရောက်လာသော သိုင်းသမားကလေးများကလည်း သွေးကြွသူလို ဖြစ်နေမိ၍…

'ဘယ်သွားသွား ခင်ဗျားအပူမပါဘူး ကတုံးကြီး'

ရင့်သီးစွာပင် တုံ့ပြန်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'အောင်မာ... မလောက်လေး မလောက်စား ကောင်လေး တွေကများ ငါ့ကို အာခံလို့၊ ဒီနယ်နိမိတ်ကို ကျော်ချင်ရင် မင်းတို့ ငါ့ကို အနိုင်တိုက်ပြီးမှ သွားရလိမ့်မယ်'

သိုင်းသမားသုံးယောက်က မကျေမချမ်း ကြည့်လိုက်ရင်း—

'ခင်ဗျားက ကျုပ်တို့ကို စိန်ခေါ်နေတာပေါ့ ဟုတ်လား'

'အေး... ဟုတ်တယ်'

လူ့ဘီလူးကြီးကျောင်ပိုက ပြတ်ပြတ်သားသားပင် ပြောဆို လိုက်လေတော့သည်။

နိုင်ထက်စီးနင်း ပြောဆိုသော လူ့ဘီလူးကြီးကို သူတို့ သုံးယောက်စလုံးက ယှဉ်ပြိုင်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက် ကြ၏။

ကတုံးကြီးက သိုင်းသမားကလေးများအား လူရာမသွင်း သည့်သဘောနှင့် ဂရုမစိုက်သလို အမူအရာမျိုး ရှိနေလေသည်။

'ကဲ... မင်းတို့ တိုက်ချင်တိုက်တော့၊ ငါ စောင့်နေရတာ အချိန်ကုန်တယ်'

သိုင်းသမားကလေးသုံးယောက်အား အထင်အမြင်သေးစွာ ပြောဆိုရင်းဖြင့် ဒေါသစိတ်ကို ဆွပေးလိုက်လေတော့သည်။

'ယား...'



'ဟိုင်း...'

'ရှမ်း....'

'ဗွတ်... ဗွတ်'

သိုင်းသမားကလေးသုံးယောက်က တစ်ပြိုင်နက် တိုက်ခိုက် လေသည်။

သို့သော်...

ခန္ဓာကိုယ်က လေးလံမည်ဟု ထင်ရသော်လည်း လူ့ဘီလူး ကြီးမှာ အံ့ဩစရာကောင်းလောက်အောင်ပင် သွက်လက်ပေါ့ ပါးစွာဖြင့် ရှောင်တိမ်းပြလိုက်သည်။

x x x

'ဟား... ဟား... ဟား၊ ထိအောင်ခုတ်ကြလေကွာ၊ ဟား... ဟား... ဟား'

တိုက်ခိုက်နေသော သိုင်းသမားလေးများအား ကျောင် ပြောင် မှယ်မော့ပစ်လိုက်၏။

ရှောင်ကွက်များက ပိရိသေသပ်လွန်းလှသည် မဟုတ်ပါ လား။

သိုင်းပြိုင်ပွဲရောက်မီကပင် အစမ်းသပ်ခံနေရသဖြင့် သိုင်း သမားသုံးဦးမှာ လွန်စွာ မောဟိုက် ပင်ပန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်မှုအား အရှိန်မြှင့်လိုက်သော်လည်း ထူးခြားမှု မရှိသလိုပင် ဖြစ်နေမိကြတော့သည်။

'ဟိုင်း...'

'ဝှီး...'

'ဝှစ်...ဝှစ်'

'ဝှီး...'

'ဝှီး...'

သိုင်းကွက်များကို ကျီစယ်ကစားသလိုပင် ကြည့်ရှု ရှောင်တိမ်းလိုက်ရင်း ခံစစ်အနေအထားမှ ကာကွယ်နေသည်။

ထို့နောက် လှုပ်ရှားမှုတစ်ခုကို စောင့်ချိန် ရည်ရွယ်လိုက်ကာ...

'ကဲ...ငါတိုက်ပြီ'

ပြောပြောဆိုဆိုပင်...

လူ့တီလူးကြီးမှာ တရားဝင် ကြေညာလိုက်ရင်း သိုင်းကွက်ကို စတင်လိုက်၏။

'ယား...'

'ဟေ့...'

'ဝှီး...'

'ဝှန်း...'



ယခု သူ ထုတ်သုံးလိုက်သော သိုင်းကွက်မှာ အစွမ်းထက်မြက်လှသော မုန်တိုင်းငှက် သိုင်းကွက်ပင် ဖြစ်လေတော့သည်။

ဖုလွန်ပြင်းထန်သော သိုင်းကွက်ကို အသုံးပြု တိုက်ခိုက်လိုက်သဖြင့် များမကြာ တုန်လှုပ်သွားမိလေတော့သည်။

အစွမ်းထက်သော မုန်တိုင်းငှက် သိုင်းကွက်အား မနည်း ရှောင်တိမ်းခံနေရသေးသည်။

'ဝုန်း...'

'ဗွန်း...'

'အင့်...'

'အား...'

'အိုး...'

တစ်ပြိုင်နက်အညီး တိုက်ခိုက်ရန် ကြံစည်နေကြသော သိုင်းသမားသုံးယောက်စလုံး အဝေးသို့ လွင့်စဉ်သွားလေတော့၏။

ထိုအခါ...

ကြမ်းတမ်းပြင်းထန်လွန်းလှသည့် သိုင်းကွက်ကို မိုက်မိုက်ကန်းကန်း အသုံးပြုလိုက်သဖြင့် အားလုံးမှာ တုန်လှုပ်ချောက်ချားသွားကြလေတော့သည်။

'လာလေကွာ...ရှေ့တိုးခဲ့ကြလေ'

www.burmeseclassic.com

www.burmeseclassic.com



အားလုံးမှာ နယ်နိမိတ်မျဉ်းကြောင်းတစ်ဖက်၌ ရှိနေသော ကတုံးနှင့် လူ့ဘီလူးကြီးအား မျက်နှာကိုပင် စေ့စေ့မကြည့်ရဲဘဲ တစ်ချိုးတည်း လစ်ပြေးသွားကြလေတော့သည်။

'ဟား...ဟား...ဟား၊ သတ္တိခဲတွေပဲ၊ ဒါနဲ့များ စီရှုနိုင်ငံ သိုင်းပြိုင်ပွဲကို ဝင်ပြိုင်ဖို့ ရောက်လာကြတယ်ဆိုတော့ အံ့ပါရဲ့ကွာ'

ထိုသို့—

လူ့ဘီလူးကြီးက သဘောကျစွာ ရယ်မောပြီး နယ်နိမိတ်စည်းတစ်ဖက်၌ ကျန်ရစ်ခဲ့လေသည်။

စီရှုနယ်သို့ ရောက်ရှိလာကြသူတိုင်း လူ့ဘီလူးကြီးအား မကျော်လွန်နိုင်ဘဲ ထိုနယ်ထဲသို့ ဝင်ရောက်ခွင့် မရနိုင်ကြတော့ပါချေ။

လိပ်ကြူးမှာ စီရှုနယ် သိုင်းပြိုင်ပွဲသို့ ရောက်လာခဲ့၏။

ခန္ဓာကိုယ်က သိုင်းသမားတစ်ယောက်လိုပင် တောင့်တင်းခိုင်မာမှုရှိသည်။

ယောကျ်ားပီသသော မျက်နှာဖြင့် ရှုတည်တည်နေတတ်သူတစ်ယောက်ပင်ဖြစ်သည်။

သူကိုယ်တိုင်က မဟုတ်မခံစိတ်ဓာတ် ရှိသည်။



တတ်ကျွမ်းထားသော အဆင့်မြင့်သိုင်းပညာဖြင့် မတရားမှုမှန်သမျှကို လိုက်လံရှင်းလင်းရင်း ဘဝသက်တမ်း သုံးပုံတစ်ပုံကို ကုန်ဆုံးသွားစေခဲ့သည်။

စီရှုနယ်က သိုင်းပြိုင်ပွဲကို သူကိုယ်တိုင် စိတ်ဝင်တစားရှိခဲ့သည်။

စီရှုဘုရင်၏သမက် ဖြစ်ချင်လို့တော့ မဟုတ်ပေ။

သိုင်းပညာရှင်ချင်း ဖလှယ်ရင်း ရရှိလာသော အနိုင်အရှုံးတစ်ခုက သိုင်းသမားတစ်ဦးအတွက် လုံး၀ အန်ဖိုးမဖြတ်နိုင်သော အရာပင်ဖြစ်ကြောင်း လိပ်ကြူး သိရှိထားသည်။

ထို့ကြောင့် သိုင်းပြိုင်ပွဲ၌ မည်သည့်သိုင်းသမားများရောက်လာလေမလဲဟု သူ့အနေနှင့် စိတ်စင်တစားရှိနေခြင်းပင် ဖြစ်လေတော့သည်။

× × ×

နယ်နိမိတ်စည်းပေါ်၌ လူ့ဘီလူးကြီး ကျင်ဟို့က သိုင်းပြိုင်ပွဲသို့ ရောက်ရှိလာသူများကို ပြဿနာရှာပြီး တိုက်ခိုက်လွှတ်နေဆဲဖြစ်သည်။

ထို့ကြောင့် တော်တန်ရုံ သိုင်းသမားများမှာ ကျင်ဟို့ကို မကျော်လွှားနိုင်ဘဲ စီရှုမြို့တွင်းသို့ မဝင်ရဲသောအခါပင် ဖြစ်နေမိကြသည်။

www.burmeseclassic.com



ချောင်ဖုန်းနှင့် တွမ်မင်းသားလေးကတစ်ဖက်၊ လိပ်ကြူးက တစ်ဖက် နယ်နိမိတ်စည်းမေါ်သို့ ရောက်ရှိလာကြလေ၏။

လူ့ဘီလူးကြီးကျင်ဟို့က ဝန်းခနဲ ရောက်ရှိလာသည်။

'မင်းတို့ အယ်လဲ၊ ငါ့ကိုနိုင်အောင် တိုက်ခိုက်ပြီးမှ စီရှုမြို့ထဲကို ဝင်လို့ရမယ်ဆိုတာ နားမလည်ဘူးလား'

ပြောင်နေသော ကတုံးကြီးကို ပွတ်သပ်ရင်း မိုက်တီမိုက်ကန်းပင် စိန်ခေါ်လိုက်၏။

ထိုစကား ကြားလိုက်ရသဖြင့်...

ချောင်ဖုန်းက ဒေါသမထွက်သလိုနှင့်...

'ခြော်... အဲဒီလိုလား၊ နောင်ကြီးကို တိုက်ခိုက်ပြီးမှ သွားရမှာပေါ့နော်'

ဤသို့ ချေမင် ပြောလိုက်လေရာ...

သိုင်းပညာရှင်တစ်ယောက်ဖြစ်၍ ဒေါသရှေ့ထားလျှင် မှားတတ်သည်ကို သဘောပေါက်မိသဖြင့် လူ့ဘီလူးကြီး ကျင်ဟို့အား အေးအေးဆေးဆေးပင် တုံ့ပြန်ခမးလိုက်၏။

'ဟုတ်တယ်၊ မင်းတို့ ငါ့ကို နိုင်အောင်တိုက်ပြီးရင် သွားနိုင်ပြီ'

ကျင်ဟို့က ပွဲတိုင်းကျော် အနိုင်ရရှိထားသူတစ်ယောက်ဖြစ်နေ၍ လေသံကို အထက်စီးမှ မပြောဆိုနိုင်ဆဲပင် ဖြစ်သည်။

လိပ်ကြူးက ကတုံးနှင့်ကျင်ဟို့ကိုကြည့်ရင်း ပြုံးလိုက်မိ၏။ သူ့အပြုံးက လှောင်ပြောင်သော အပြုံးပင် ဖြစ်၏။ လွန်စွာ အဓိပ္ပာယ်ရှိသော အပြုံးပင် ဖြစ်လေသည်။



'နောင်ကြီးကလဲဗျာ — မတော်တဆထိခိုက်မိကုန်ရင် မလွယ်ဘူး၊ ကျွန်တော်တို့က စီရှုဘုရင်ရဲ့ သိုင်းပြိုင်ပွဲဝင်ရမယ့် ဘုရင့်သမက်လောင်းကလေးတွေလေ၊ ဒီတော့ တခြား နည်းလမ်းလေးတစ်ခုလောက် စဉ်းစားပါလားဗျာ'

ချောင်ဖုန်းက ကြောက်လန့် တုန်လှုပ်၍ ရင်မဆိုင်ဝံ့သောလေသံဖြင့် ပြောဆိုလိုက်၏။

'ဟောကောင်... စကားမများနဲ့၊ သတ္တိမရှိရင် ဝါးစင်ပိတ်ပြီး ပြန်သွားလိုက်'

'ကိုင်း... ဒါဖြင့် တစ်ပွဲတစ်လမ်း စမ်းကြည့်ကြတာပေါ့ဗျာ'

ချောင်ဖုန်းက တွမ်မင်းသားလေးအား ပွဲကြည့်ပရိသတ်အနေဖြင့် ထားလိုက်ရင်း လူ့ဘီလူးကြီးကျင်ဟို့အား လှုချင်းယှဉ်ပြိုင်တိုက်ခိုက်ရန် ပြင်ဆင်လိုက်လေတော့သည်။

'ယား...'

ချောင်ဖုန်းက လက်နက်လုံးဝ ထုတ်မသုံးဘဲသံခေါ်လက်ဝါးရိုက်သိုင်းကွက်အား အကွက်စိတ်စိတ်ထသုံး၍ စတင်တိုက်ခိုက်လိုက်လေတော့သည်။

ကျင်ဟို့က ဝဝပြဲပြဲခန္ဓာကိုယ်ကြီးပေါ်သို့ သံမဏိလက်ဝါး သက်ရောက်မှု မရှိစေရန် သေသပ်စွာ ကာကွယ်နေရသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း...'

ကြောက်မက်ဖွယ်ကောင်းသော လက်ဝါးရိုက်သံကြီးနှင့်အတူ ကမ္ဘာမိုးပြိုသိုင်းကွက်အား စတင်သုံးရန် ပြင်ဆင်လိုက်လေတော့သည်။

ဆင်ကြီးတစ်ကောင်မုန်ယိုသကဲ့သို့ပင် ကမ္ဘာမိုးပြိုလက်ဝါးသိုင်းကွက်ကို အသုံးပြု၍ ကြမ်းတမ်းစွာ တိုက်ခိုက်လိုက်လေသည်။

လိပ်ကြူး ကြည့်နေရင်း သတ္တိရှိရှိ တိုက်ခိုက်နေသော ချောင်ဖုန်း ခံလိုက်ရမှုကို စိုးရိမ်မိသဖြင့် စိတ်လှုပ်လှုပ်ရှားရှားဖြစ်လာမိသည်။

'ဟော့...သတိထား၊ မြေကြီးပေါ် လှိမ့်ချလိုက် လှိမ့်ချလိုက်'

'ဝုန်း...'

လိပ်ကြူးက အော်ဟစ် သတိပေးလိုက်သဖြင့် ချောင်ဖုန်း မြေကြီးပေါ်သို့ လှိမ့်အချ မသင်မှတ်ထားသော ကမ္ဘာမိုးပြိုလက်ဝါးကြီးက ဝုန်းခနဲ ဖြတ်သန်းသွားလေသည်။

ပွတ်ကာသီကာလေးပင် လွတ်မြောက်သွားလေတော့၏။

ကျင်ဟို၏ မျက်လုံးကြီးမှာ မီးတောက်မီးခဲပမာ နီရဲလာသည်။

အော်ဟစ် ပြောဆိုလိုက်သော လိပ်ကြူးထံသို့ ရက်စက်ကြမ်းကြုတ်စွာ ကြည့်ရှုလိုက်ရင်း—



'ဘေးက အော်မနေနဲ့၊ စည်းဝိုင်းထဲကို သတ္တိရှိရင် မင်းပါ ဝင်လာခဲ့'

'သိပ်ကြိုက်သွားပြီဗျို့'

လိပ်ကြူးအနေနှင့် မည်သည့် ကြမ်းတမ်း ရက်စက်သောသိုင်းသမားကိုဖြစ်စေ ယှဉ်ပြိုင်ဖို့ ဝန်မလေးတတ်ပေ။

ထို့ကြောင့်...

ဘေးကကြည့်ရှုနေလို့ အားမရဘဲ ကိုယ်တိုင်တိုက်ခိုက်ရန် ဝင်ရောက်လာခဲ့သည်။

လိပ်ကြူးနှင့် ချောင်ဖုန်းက တစ်ဖက်၊

ကျင်ဟိုက တစ်ဖက်၊

တွမ်မင်းသားလေးနှင့် ကြည့်ရှုနေသူတချို့က ပွဲကြည့်ပရိသတ်ပင် ဖြစ်နေကြသည်။

သန့်မာဖျတ်လတ်မှုနှင့် သိုင်းပညာမှာ အဆင့်မြင့်မားလှသော လူဘီလူးကြီးတစ်ကောင်နှင့် ယှဉ်ပြိုင် တိုက်ခိုက်ရလိမ့်မည်ဟု အိပ်မက်မျှပင် မမက်ဖူးခဲ့သဖြင့် သူတို့အတွက် ရင်ခုန်စရာ စွန့်စားခန်းတစ်ခုပင် ဖြစ်လေသည်။

ချောင်ဖုန်းနှင့် လိပ်ကြူးကား အတွေ့အကြုံ နည်းသောလူငယ်သိုင်းသမားကလေးများပင် ဖြစ်ကြသည်။

မာန်မာနတရား ရှိထားသူများဖြစ်ကြ၍ ကျင်ဟို အပေါ် ရင်ဆိုင်တိုက်ခိုက်ရန် ပြင်ဆင်လိုက်မိသော်လည်း သူတို့နှစ်ဦးပေါင်းစည်းညီညွတ်မှု အနိုင်ရရှိမည်ကို နားလည်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းဆရာဟူသည် ရင်ဆိုင်ရမည့်ကိစ္စအား ရှောင်လွှဲသွားစရာ အကြောင်းမရှိ၊ သူတို့နှစ်ဦး ပွဲမပေါင်း တိုက်ခိုက်မှု၌ အပေးအယူမျှတမှု ရှိမှသာလျှင် အနိုင်ရမည် မဟုတ်ပါလား။

အားလုံးက စိန်ခေါ်ပွဲသို့ ငြိမ်သက်စွာ စောင့်ကြည့်နေမိကြလေသည်။

★

## အခန်း (၁၅)

'ယား....'

'ခြိမ်း...ခြိမ်း'

'ထန်း...ထန်'

လက်ဝါးရိုက်သံကား ထူးထူးခြားခြားပင် အသံကွဲ၍ ထွက်လာလေသည်။

သူတို့နှစ်ဦးအားတပ်လှန့်လိုက်ခြင်းပင်ဖြစ်ကြောင်းနားလည်လိုက်မိသည်။

နှစ်ဦးစလုံးက ကမ္ဘာမိုးပြိုလက်ဝါးရိုက် သိုင်းကွက်ဖြင့် တိုက်ခိုက်သည့်အခါတိုင်း ပျံလွှားငှက်ကလေးများသို့ လွှားခနဲ တစ်ယောက်တစ်နေရာစီ ခွဲထွက်လိုက်ကြပြီး...

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် နှစ်ယောက်သား ပြန်လှည့် ဆုံမိလိုက်ကြလေသည်။

သူတို့နှစ်ယောက်အား ကျွင်ဟို့ကကြည့်ရင်း မျက်စိမနောက်လာသလိုပင် ဖြစ်မိသည်။

ချောင်ဖုန်းနှင့် လိပ်ကြူးမှာ တစ်ယောက်နှင့် တစ်ယောက် ပြောဆိုတိုင်ပင်ချိန်မရဘဲ အတွေ့အကြုံအရပူးပေါင်းတိုက်ခိုက်မှု တစ်ခုကို အဲပေးအယူ လုပ်သွားလေသည်။

အလွန် ကြောက်မက်ဖွယ်ကောင်းလှသည့် တိုက်ကွက်ပင် ဖြစ်သည်။

တစ်ယောက်ပခုံးပေါ် တစ်ယောက်အတက်၍ ကျွင်ဟို့အား ရင်ဆိုင်တိုက်ခိုက်ရန် ရှေ့သို့ တိုးလာခဲ့သည်။

'ဟိုင်း....'

ပခုံးပေါ်တက်နေသော ချောင်ဖုန်းမှာ မြေပြင်သို့ ခုန်ချ၍ လှိမ့်ကာ တိုက်ခိုက်ပြီး လိပ်ကြူးက လွှားခနဲခုန်၍ ဝဲပျံတိုက်ခိုက်လိုက်သည်။

'ဖြောင်း....'

'အင့်....'

ပြင်းထန်လွန်းလှသော ကန်ချက်ကြောင့် ကျွင်ဟို့၏ ခန္ဓာကိုယ်ကြီးမှာ အဝေးသို့ လွင့်စဉ်သွားလေသည်။

ဒေါသပိုထွက်လာသဖြင့် ကျွင်ဟို့က ပရမ်းပတာ တိုက်ခိုက်လာလေသည်။

'ယား....'



'ဗုန်း....'

'အား....'

'အင့်....'

ကတိုးပြောင်ပြောင်အား ချောင်ဖုန်းက သံမဏိလက်ဝါးရိုက်ချက်နှင့် တိုက်ခိုက်လိုက်သဖြင့် ကျွင်ဟို့ မူးဝေသွားတော့သည်။

အနေအထား လုံးဝမမှန်တော့ဘဲ ယိမ်းယိုင်ဖြစ်စပြုလာသည်။

လိပ်ကြူးက အခွင့်အလမ်းတစ်ခု ရတုန်းရခိုက် ရင်ဝသို့ လွှားခနဲ ခုန်ကန်၍ တိုက်ခိုက်ပစ်လိုက်သေတော့သည်။

ကျွင်ဟို့ လုံးဝမထနိုင်တော့။

ထိုပွဲ၌ သူတို့နှစ်ယောက် ပူးပေါင်း၍ သိုင်းစွမ်းရည်ပြတိုက်ခိုက်မှုကြောင့် နယ်နိမိတ်မျဉ်းကြောင်းပေါ် ပိုလ်ကျနေသော ကျွင်ဟို့မှာ နလံမထူနိုင်ဘဲ ဖြစ်နေသည်။

လိပ်ကြူးနှင့် ချောင်ဖုန်း တစ်ဦးကိုတစ်ဦး ခင်မင်ရင်းနှီးသော သိုင်းညီအစ်ကိုများအဖြစ် အသိအမှတ်ပြုလိုက်ကြသည်။

'အခုဆို ကျုပ်တို့ ဒီနယ်ထဲကိုလွတ်လွတ်လပ်လပ် ဖြတ်သန်းနိုင်ပြီပေါ့၊ ဒါနဲ့ ခင်ဗျားကကော စီရှနယ်ကို သိုင်းပြိုင်ပွဲဝင်ဖို့ရောက်လာတာလား'

လိပ်ကြူးက ရိုးသားပွင့်လင်းစွာ မေးမြန်းလိုက်သည်။

'သိုင်းပြိုင်ပွဲကျင်းပနေတဲ့အချိန်မှ ရောက်လာတယ်ဆိုတော့ ဒီလိုပဲ ထင်ကြမှာပေါ့ဗျာ၊ ဒါပေမယ့် ကျုပ်မှာ တခြားအရေးကြီးတဲ့ ကိစ္စလေးတွေ ရှိပါသေးတယ်....

www.burmeseclassic.com



'စီရှုဘုရင်ရဲ့ သိုင်းပြိုင်ပွဲကို စိတ်ဝင်စားလွန်းလို့ ရောက်လာတာပါ။ အသာတော့ မဟုတ်ပါဘူး'

ပွင့်လင်းမှုနှင့် မိတ်ဆွေဖွဲ့ရင်း စီရှုမြို့တွင်းသို့ ဝင်လာခဲ့ကြလေတော့သည်။

★

အခန်း ( ၁၆ )

'စီရှုဘုရင်၏ သိုင်းပြိုင်ပွဲ'

ဖိတ်ကြားထားသော သိုင်းလောကသားများ စုံညီစွာ ရောက်ရှိနေသည်။

ဘုရင့်သမက်လောင်းရွေးပွဲဖြစ်၍ အထူးပင် စိတ်ဝင်စားကြသည့်အပြင် သိုင်းပညာဖလှယ်ရန်အတွက် သိုင်းလောကသားများ စုဝေးရာ နေရာတစ်ခု ဖြစ်နေပြန်သည်။

ထိုပွဲ၌ ကွမ်ကျင့်ရှိနှင့် ဝမ်မင်းသမီးကခလေး ရောက်ရှိနေလေသည်။

မုယုံဝါတစ်ယောက်မှာ ကွမ်ကျင့်ရှိ၏ မြှောက်ပင့်ပေးမှုကြောင့် ဘုရင့်သမက်လောင်း ဖြစ်လာရေးအတွက် ခဲ့ဘိုင်းဘျော် အနိုင်ရနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုယုံဝါကား သိုင်းကျမ်းအားလုံးကို ကြေညက်သူဖြစ်၍ သူ့အား ယှဉ်ပြိုင်တိုက်ခိုက် အနိုင်ယူမည့်လူ မပေါ်ပေါက်ဘဲ ရှိနေပေမယ့် သိုင်းလောကသားအားလုံးက ထိုပွဲ၌ မုယုံဝါသာ ဘုရင့်သမက် ဖြစ်သွားလိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်ထားကြ၏။

မုယုံဝါက သူ့အပေါ် စီရှဘုရင်ကိုယ်တိုင် အားကိုးတကြီး ရှိနေသည်ကို စိတ်ထဲ၌ ကျေနပ်နေမိလေသည်။

သူ့လိုသိုင်းသမားမျိုး စီရှမြို့၌ ပေါ်ပေါက်လာနိုင်လိမ့်မည် မဟုတ်ပေဟု ဘဝင်မြင့် ရှူးသွပ်နေမိသည်။

ဆုပ်လည်းစူး၊ စားလည်းရှူး ဖြစ်ရသူကား ဝမ်မင်းသမီးလေးပင် ဖြစ်သည်။

အကယ်၍သာ...

မုယုံဝါသာ ဘုရင့်သမက် ဖြစ်သွားလျှင် သိုင်းလောကအတွက် ကောင်းသော အလားအလာတစ်ခု ဖြစ်မလာနိုင်ဘဲ ဆိုးကျိုးများသာ ဆက်တိုက်ပေါ်ပေါက်လာတော့မည်ကို သိရှိထားသဖြင့် ပို၍ စိုးရိမ်နေရသည်။

ယခုလောလောဆယ် အခြေအနေအရ ပွဲကြည့်ပရိသတ်ထဲ၌ သူမကိုယ်တိုင်ပင် ကွမ်ကျင့်ရှီ၏ တန်ဆာခံတစ်ယောက်အဖြစ် ရောက်ရှိနေသည် မဟုတ်ပါလော။

ညီမတစ်ယောက်လုံး တန်ဆာခံ ဖြစ်နေရသောကိစ္စအား ဥပေက္ခာပြုရင်း ပြိုင်ပွဲ၌ ယှဉ်ပြိုင် အနိုင်ရဖို့အတွက်သာ အတွေးအကြံများဆုံး လှုပ်ရှားနေသူ အစ်ကိုမုယုံဝါကို ကြည့်ရင်း စိတ်ထဲ၌ နာကြည်းစွာ ခံစားရသည်။



ကွမ်ကျင့်ရှီကား...

မင်းသမီးကလေးအား သိုင်းပြိုင်ပွဲ၌ လူများ ရှုပ်ထွေးစွာ ရှိတတ်သောနေရာသို့ ခေါ်လာသော်လည်း တစ်စက်ကလေးမှ မျက်ခြည်ပြတ်မခံ အလွတ်မပေးဘဲ ထိန်းချုပ်ထားသဖြင့် အရုပ်ကလေးတစ်ရုပ်ပမာ ဖြစ်နေမိလေတော့သည်။

'ဒီပွဲမှာ မုယုံဝါ အနိုင်ရခဲ့ရင်တော့ မင်း ဝဋ်လည်ပြီလို့ မှတ်လိုက်စပေတော့၊ မင်းအစ်ကို ရှုံးသွားရင် မင်းကိုပါ သိမ်းရလိမ့်မယ်'

ကွမ်ကျင့်ရှီကား သူ့ဘက်က လုံးဝအရှုံးမရှိအောင် ကာကွယ်ထားနိုင်သူတစ်ယောက်ပင် ဖြစ်သည်။

တွမ်မင်းသားလေးထံမှ ဝရေဇိန်ခြောက်သွယ်သိုင်းကျမ်းကို သူ အလိုရှိနေသည်။

မင်းသားလေးက သူမအပေါ်စွဲလမ်းနေသူဖြစ်၍ ကွမ်ကျင့်ရှီလက်တွင်း သက်ဆင်းရောက်ရှိနေမှန်းသိလျှင် တစ်နည်းနည်းနှင့် အရောက်လာပေတော့မည်။

ထိုအချိန်အခါကျမှသာ ကွမ်ကျင့်ရှီ မျှော်လင့်နေမိသည်။ သူ လိုချင်သော ဝရေဇိန်နက်နက်ခြောက်သွယ် သိုင်းကျမ်းကိုသာ ရရှိခဲ့လျှင် မုယုံဝါကိုပင် သစ္စာဖောက်၍ တိုက်ခိုက်အနိုင်ယူရန် အထိ စဉ်းစားထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့်....

ပြိုင်ပွဲက အနိုင်အရှုံး အဆုံးအဖြတ်ပေး၍ မရနိုင်သေးပါချေ။

အကယ်၍သာ....

မုယုံဝါ အနိုင်ရရှိသွားခဲ့လျှင် ကွမ်ကျင့်ရိကာ သူ့အစါတော်ပေး၍ ဘုရင့်သမက်ဖြစ်ရသည်ဟုဆိုရင်း ချဉ်းကပ်ဖို့တို့ စဉ်းစားထားသည်။

သူ့အတွက်တော့ မုယုံဝါနှင့် ဝမ်မင်းသမီးကလေးအပေါ် အရှုံးမရှိအောင် ကောင်းစွာ လှည့်စား အသုံးချလေတော့၏။

ပြိုင်ပွဲသို့ ချောင်ဖုန်း၊ လိပ်ကြူးနှင့် တွမ်မင်းသားလေးတို့ အချိန်မီ ရောက်ရှိလာခဲ့လေသည်။

× × ×

များပြားလှသည့် လူများထဲ၌ ဝမ်မင်းသမီးကလေးကို ရှာဖွေ တွေ့ရှိသွားလေသည်။

'ဟောဟိုမှာ မမှနတ်မီမယ်'

'တွမ်မင်းသားလေး...အသာလေး မျက်ခြည်မပြတ် ကြည့်နေမှ၊ ကွမ်ကျင့်ရိကာ ညာဏ်များတာယ်၊ ကောက်ကျစ်စဉ်းလဲတဲ့သူပဲ...

'ဒါကြောင့် တွမ်မင်းသားလေးကို အချိန်မတန်ဘဲ သူတွေ့သွားရင် အစခြေအခနေကူ တစ်မျိုးတစ်ပုံပြောင်းလဲသွားနိုင်တယ်'



ချောင်ဖုန်းက နားလည်သဘောပေါက်အောင် အစတ်နိုင်ဆုံး ရှင်းပြလိုက်မိအသည်။

ကွမ်ကျင့်ရိကာ သူတို့ကို လုံးဝ မတွေ့သေး။

စီရှုဘုရင်၏ သိုင်းပြိုင်ပွဲသို့ ရောက်လာလိမ့်မည်ဟု လုံးဝထင်ထားပုံမရပေ။

နောက်ပွဲမှာ မုယုံဝါနှင့် ငွေလုံပျံကျင်ဖေးတို့၏ ပြိုင်ပွဲဖြစ်၍ အထူးစိတ်ဝင်စားနေမိသည်။

'ကျွန်တော်တို့ ဝမ်မင်းသမီးကလေးကို ဘယ်လိုကယ်ထုတ်မလဲ'

'အဲဒီအတွက် ကျုပ်တူညီပါမယ်'

အကြောင်းစုံ ပြောပြထားသဖြင့် နားလည်သဘောပေါက်ထားသည့် ရှောင်လင်သိုင်းသမား လိပ်ကြူးက ကတိပေးရင်း အစီအစဉ်ကို ပြောပြလေတော့သည်။

ချောင်ဖုန်းနှင့် တွမ်မင်းသားကလေးက ရှောင်လင်သိုင်းသမား လိပ်ကြူး ပြောပြသည့် အစီအစဉ်ကို သဘောတူထောက်ခံလိုက်ကြ၏။

'ကောင်းတယ်၊ အဲဒီ အစီအစဉ်အတိုင်းသာ အံဝင်ခွင်ကျလုပ်ဆောင်နိုင်မယ်ဆိုရင် ကျုပ်တို့အားလုံး အဆင်ပြေသွားမှာပဲ'

သုံးယောက်စလုံးက ဆွေးနွေးတိုင်ပင်ထားသည့် အစီအစဉ်အတိုင်း လုပ်ဆောင်ရန် အခွင့်အခါကို စောင့်နေမိကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖြောင်း….ဖြောင်း…ဖြောင်း'

'ဖြောင်း…ဖြောင်း'

လက်ခုပ်သံများ ဆူညံစွာ ပေါ်ထွက်လာသော၊ နေရာသို့ လှမ်းအကြည့် အောင်မြင်မှုပီတိ ဖုံးလွှမ်းလာသော မုယုံဝါကို တွေ့လိုက်ရသည်၊

★

## အခန်း ( ၁၇ )

### 'ဝရင်နီခြောက်သွယ် သိုင်းပင်လယ်'

မကြာမီ မုယုံဝါနှင့် ယှဉ်ပြိုင်မည့် ငွေလှံပျံကျင်ဖေး စင်မြင့်ပေါ်သို့ တက်လာလေသည်၊

နှစ်ဦးစလုံးမှာ ပြိုင်ပွဲတိုင်း ရှုံးပွဲမရှိ အနိုင်ရရှိထားသော သိုင်းသမားများပင် ဖြစ်ကြသည်၊

ပရိသတ်မှာ အထူးကြည့်ကောင်းမည့်ပြိုင်ပွဲဖြစ်သောကြောင့် ငြိမ်သက်စွာ ကြည့်ရှုအားပေးနေကြသည်၊

ငွေလှံပျံသိုင်းသမား ကျင်ဖေး၏အသွင်ကား တည်ငြိမ်၏၊ ကျစ်ဆံမြီးအရှည်ကို ပါးစပ်ဖြင့်ကိုက်ထားပြီး ထိုကျစ်ဆံမြီးထိပ်ဖျား၌ ချွန်မြသော လက်နက်ပုန်းအစ်ခု ရှိနေကြောင်းကို သတိပြုလိုက်မိလေသည်၊

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲစည်းကမ်းအရဆိုလျှင် ကြိုက်နှစ်သက်ရာ လက်နက်ကို ကိုင်၍ လွတ်လပ်စွာ ယှဉ်ပြိုင်တိုက်ခိုက်ခွင့်ကို ပေးထားသော ကြောင့် အသက်တစ်ချောင်းအတွက် စိုးရိမ်တုန်လှုပ်စွာ သတိနှင့် တိုက်ခိုက်ရပေသည်။

စင်မြင့်ပေါ်၌ရှိသော သိုင်းသမား နှစ်ဦးစလုံးက အချက်ပေးမောင်းသံကို နားစွင့်၍ တိုက်ခိုက်ရန် အသင့်ပြင်ဆင်ထားကြလေသည်။

'ဒူ...'

အချက်ပေးမောင်းသံပေါ်ထွက်လာသည်နှင့် တောက်ဆလ်ရှစ်လို ငြိမ်သက်စွာရှိနေရာမှ လှုပ်လှုပ်ရှားရှား ဖြစ်လာမိကြ၏။

'ဟား...'

'ဝှစ်...ဝှစ်'

'ဝှီး...'

'ဖတ်...ဖတ်'

ကျွင်ဖေးက ခုဆင်၍ တိုက်ခိုက်သည်။

ငွေရောင်ပြောင်လက်နေသော လှံရှည်ကို ဝှေ့ယမ်းကာ တိုက်ခိုက်လိုက်သည့်အပြင် ခန္ဓာကိုယ်နောက်ကျောဘက်ကိုလည်း မှရှိအောင် ဆံပင်ကြိုး၌ ရစ်ပတ်ထားသော လက်နက်ပုန်းဖြင့် ဝှေ့ယမ်း တိုက်ခိုက်သွားလေသည်။

မုယုံဝါအနေနှင့် ကျွင်ဖေး၏ တိုက်ခိုက်မှုအပေါ် လုံးဝ တုံ့ပြန်ဆေးဘဲ လှုပ်ရှားသည့် တိုက်ကွက် အနေအထားကို လေ့လာအကဲခတ်ရင်း လွတ်အောင် ရှောင်တိမ်းနေမိလေ၏။



မုယုံဝါဘက်မှ ခံစစ်အသွင် ရှောင်တိမ်းနေသဖြင့် ပြိုင်ပွဲကြည့်ရှုရသည့်မှာ အေးတိအေးစက် နိုင်ငံလိုပင် ဖြစ်နေသည်။

'ထန်း...'

'ထန်း...'

'ခြိမ်း...'

'ခြိမ်း...'

'ချွင်...'

ငွေလှံနှင့် ဓား ထိခတ်မီးပွင့်သံ စတင်ပေါ်ထွက်လာလေသည်။

မုယုံဝါ၏ ဆင်လှန်လိုက်ခြင်းဆိုကလည်း မမှားပေ။

ကွမ်ကာင်ရီက တိုက်ခိုက်နေသောအနေအထားကို အကဲခတ်ကြည့်ရှုရင်း ထိုပွဲ၌ မုယုံဝါပင် အနိုင်ရရှိမည်ဟု ကျိန်းသေပေါက် တွက်ထားလိုက်သည်။

ငွေလှံပျံ ကျွင်ဖေးကိုသာ အနိုင်တိုက်ခိုက်နိုင်လျှင် သိုင်းလောကတွင် မုယုံဝါအား ယှဉ်ပြိုင်တိုက်ခိုက်ဝံ့သူ ရှိနိုင်လိမ့်မည်မဟုတ်တော့ပေ။

'ထန်း...ထန်း'

'ခြိမ်း...'

'ခြိမ်း...'

ငွေလှံပျံကျွင်ဖေး အသာစီးရနေသော တိုက်ကွက်အား ချေဖျက်မစ်လိုက်ရင်း ပြင်းထန်သော ဓားချက်ကို အသုံးပြု၍ အကျက်စိတ်စိတ် တိုက်စစ်ဆင်လာသည်။

ထိုသို့—



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်သော ဓားချက်တိုင်း၌ အတွင်းအား ပြင်းထန်စွာရှိနေသဖြင့် ငွေလုံဖျံဓားသွားကို ထိခတ်မိးပွင့်ထွက်လာခလေ၏။

ကျင်ဖေးမှာ…

အားမာန်အပြည့်ရှိလှသော တိုက်ခိုက်မှုအား ခုခံကာကွယ်လိုက်ရင်း ဓားရိပ်အောက်မှ လှုပ်စွာ ရှောင်ထွက်လိုက်လေတော့၏။

ကျစ်ဆံမြီးဆံပင် ထပ်ထားသော လက်နက်ပုန်းကို ဝှေ့ယမ်းလိုက်သည်။

'ဝှီး…'

'ဝှစ်…'

'ဝှီး…'

'ဝှီး…'

မုယုံဝါ သတိထားပြီး ထိုလက်နက်ပုန်းနှင့် တိုက်ခိုက်မှုကို ရှောင်လိုက်ရလေတော့သည်။

ထိုအခါ…

မျက်စိထဲ၌ ကျစ်ဆံမြီးဆံပင်ကို ရှုပ်ထွေးစွာ မြင်မိခလေ၏။

သူ့လေ့ကျင့်ထားသောသိုင်းကွက်များကို ခေါင်းထဲစဉ်းစားရင်း တိုက်ခိုက်ခနသော်လည်း ကျစ်ဆံမြီးဆံပင်၌ တပ်ဆင်ထားသော လက်နက်ပုန်းကြောင့် ထင်သလောက် အနီးကပ်ခွင့်မရဘဲ ဖြစ်နေမိသည့်အတွက် ဒေါသထွက်နေမိသည်။

ထို့ကြောင့်…



မုယုံဝါက ဟန်ချက်ညီစွာဆုတ်ခွာလာရင်း စိတ်ထဲ၌ မျက်စိရှုပ်အောင် လုပ်နေသော ကျစ်ဆံမြီးဆံပင်ကြီးကို ဖြတ်တောက်မိရန် စိတ်ကူးမိသည်။

ထိုဆံပင်ကိုသာ ဖြတ်တောက်လိုက်မိလျှင် သူ့အား မေါ်နစ်ဆင့် တုံ့ပြန်တိုက်ခိုက်၍ ရနိုင်လိမ့်မည် မဟုတ်ပေ။

တစ်ဦးနှင့်တစ်ဦး မလှမ်းမကမ်းမှ အခြေအနေကို ပြန်လည်စောင့်ကြည့်နေမိကြသည့်ပရိသတ်က သိုင်းသမားနှစ်ဦး အတွင်းအားဖြည့်ရင်း တိုက်ပွဲကို အချိန်မြင့်အောင့်မည်ဟု သိထားကြသည်။

× × ×

ကျင်ဖေး၏ ခေါင်းထဲ၌ တိုက်ကွက်အသစ်ဆင်ဖို့ စိတ်ကလှုမ်းမိုးစပြုနေရှာလေပြီ။

နှစ်ယောက်စလုံး တစ်ပြိုင်နက် လှုပ်ရှားလာကြလေတော့သည်။

သူတို့တိုက်ပွဲအား စတင်ခဲ့လေပြီ။

'ဟိုင်း…'

'ကျား…'

'ယား…'

'ဝှစ်…'

မာန်တင်းသံပေးကာ…

www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်ထားသော စိတ်တို့ကို လွှတ်လိုက်ရင်း ဓလထဲ၌ ပြိုင်တူ လွှားခနဲ ခုန်တက်၍ အားကုန် ခုတ်ပိုင်းလိုက်မိကြလေသည်။

လျှပ်တစ်ပြက်အတွင်း မထင်မှတ်သော တိုက်ကွက်ကိုသုံး၍ ပြင်းပြင်းထန်ထန် အားကုန်မာန်တင်း တိုက်ခိုက်လိုက်ကြခြင်းပင် ဖြစ်သည်။

သို့ရာတွင် သူတို့နှစ်ယောက်စလုံးပင်...

စင်မြင့်ပေါ်သို့ကြောင်နှစ်ကောင်လိုတစ်ယောက်တစ်ခနရဲ့ ပြန်ဘာရှ...

× × ×

ထိုအချိန်တွင်...

'ဟင်...'

'ဟာ...'

'ဟား...ဟား၊ မင်းအတွက် ရှုံးနိမ့်မယ်ဆိုတဲ့ အတိတ်နိမိတ်ပဲလေ'

အသံကျယ်ကျယ်လောင်လောင် တစ်ခုကို ပြုလုပ်သံ ထွက်ပေါ်လာသည်။

မုယိုးဝါ၏ ဘယ်ဘက်လက်၌ ငွေလုံပျံကျင်ဖေး၏ လက်နက်ပုန်း တစ်ဆင့်ထားသော ကျစ်ဆံမြီး ဆံပင်ရှည်တစ်ချောင်းအား အသင့်ကိုင်စွဲယူမိလျက်သား ဖြစ်နေလေတော့သည်။



ထို့နောက်...

မခံချင်စိတ်၊ ဒေါသစိတ် ဖြစ်သောအောင် ဆံပင်ရှည်တစ်ချောင်းကို ထောင်ပြရင်း ရိုသဲ့သဲ့လုပ်ကာ ပြောဆိုလိုက်လေသည်။

'ကိုင်း...စိတ်ကိုလျှော့ပြီး အရှုံးပေးလိုက်စမ်းပါကွာ၊ ကျုပ်ခပ်ဗျားကို မသတ်ချင်ဘူး'

ထိုအခါ...

'ဒီမှာ မုယိုးဝါ၊ ကျုပ်က ဆုဇဝင်မှာ အရှုံးဆိုတာ ရှိဝမရှိနိုင်ဘူး'

ငွေလုံပျံ ကျင်ဖေးကလည်း ဒေါင်းမာမာနှင့် ဆက်လက်ပြောဆိုလိုက်လေသည်။

တိုက်ပွဲက မပြီးဆုံးနိုင်သေး။

သိုင်းသမားတစ်ယောက်အဖို့ အမြတ်တနိုးထားသော ကျစ်ဆံမြီး ဆံပင်တစ်ချောင်းအား လုပုံနေလယ်၌ အဖြတ်ခံလိုက်ရခြင်းမှာ အလွန်ရှက်ဖွယ်ကောင်းလှသည့် ကိစ္စတစ်ခုပင် မဟုတ်ပါလား။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

မခံချင်စိတ်နှင့် ပြောဆိုလိုက်ရသော်လည်း ငွေလှံပျံကျင်ပေး၏မျက်နှာ နီမြန်းနေသည်။

နှစ်ဦးစလုံး၏ သိုင်းစွမ်းရည်များမှာ သိပ်ကွာလှခြင်းမရှိတဲ့ အဆင့်ချင်း၊ တူညီသလို ပရိယာယ်ကြွယ်ဝပုံချင်း သိပ်မကွာလှပေ။

ထို့ကြောင့်—

တစ်ယောက်နှင့်တစ်ယောက် လျှော့တွက်ထား၍မရနိုင်မှန်း နားလည်မိသည်။



သိုင်းဘုရင်တစ်ဆူဖြစ်လိုသည့် မုယုံဝါကိုယ်တိုင်ပင် တကယ်တမ်း လက်တွေ့ရင်ဆိုင်ရသည့်အခါ သိုင်းပါရဂူတစ်ယောက်လို လေ့ကျင့်ထားသော သိုင်းကျမ်းများစွာက သိုင်းပညာများနှင့် အံဝင်ခွင်ကျ ဖြစ်မလာနိုင်မှန်း သတိထားမိသည်။

သို့ရာတွင်—

အရှုံးမပေးလိုသော စိတ်ဓာတ်က တင်းခံထား၍ နှစ်ဦးစလုံးမှာ အနေအထားမပျက် နေသော်လည်း တိုက်ကွက်အသစ်များ စဉ်းစားရင်း ခေါင်းထဲနောက်ကျိ ရှုပ်ထွေးနေမိကြသည်။

'ဟိုင်း...'

'ယား...'

'ဝှီး...'

ငွေလှံပျံကျင်ပေးက ကြာရှည်စွာ ထိန်းချုပ်မထားနိုင်ဘဲ ခန္ဓာကိုယ်အား ဝဲကတော့လိုလှည့်ရင်း စတင် တိုက်ခိုက်လေတော့သည်။

ငွေလှံပျံခေးအသွားမှာ မုယုံဝါ၏ ခန္ဓာကိုယ်အား ပိုင်းဖြတ်နိုင်တော့မည့်အလား။

အသည်းထိတ်စရာ ကောင်းလောက်အောင်ပင် ပွတ်ကာသီကာလေး ဖြတ်သန်းလေသည်။

ပထမတိုက်ကွက်နှင့် ဒုတိယ တိုက်ကွက်အား ဆက်တိုက် အနေအထားနှင့် မနားတမ်း တိုက်ခိုက်နေသည်။

ပြိုင်ပွဲ၌ အပြင်းထန်ဆုံး အခြေအနေတစ်ခုပင် ဖြစ်သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ဖရိုသတ်မှာ လုံး၀ ငြိမ်သက်နေသည်။

ထူးခြားမှုတစ်ခုကို မကြာခင် အဖြေပေါ်လာလိမ့်မည်ဟု မျှော်လင့် စောင့်စားနေကြလေသည်။

မှယ်ုံဝါကိုယ်တိုင်က အကွက်စေ့စေ့နှင့် ပီရိသေသပ်စွာ ရှောင်ရင်း ခေါင်းထဲ ဖျတ်ခနဲ တိုက်ကွက်တစ်ခု ပေါ်လာခဲ့သည်။

'ဂွစ်...ဂွစ်'

'အား...'

နေဇကြာစေး သုံးချက်မြင့်တိုက်ကွက်ကိုဖျက်ထုတ်ကာကွယ်ရင်း ကျွင်ဖေး၏ ညာဘက်လက်ကို ဖြတ်အောက်ပင့်လိုက်လေသည်။

ကျွင်ဖေး လုံး၀ ရှုံးနိမ့်သွားပြီမဟုတ်လော။ ပြတ်တောက်သွားသောလက်အား တုန်လှုပ်ချောက်ချားစွာ ကောက်ယူရင်း မုယ်ုံဝါအား လုံး၀ အရှုံးပေးလိုက်ရလေတော့သည်။

'မှယ်ုံဝါကို ယှဉ်ပြိုင်ဝံ့တဲ့ သိုင်းသမားများ ရှိပါသေးလား'

စစ်ရှုဘုရင်ကြီး၏ ပြိုင်ပွဲကြီးကြော်ငြာကျင်းပပေးသူထံမှ ဖိတ်ခေါ်သံတစ်ခုက ပြတ်ပြတ်သားသား ကျယ်ကျယ် လောင်လောင် ပေါ်ထွက်လာလေသည်။

ထိုအခါတွင် လူအုပ်ကြီးမှာ ငြိမ်သက်တိတ်ဆိတ်နေကြလေသည်။

အပ်ကျသံပင် ကြားရမလောက်။ တစ်ယောက် ဆနေလှုပ်လှုပ်ရှားရှား မရှိ။

ထိုစဉ်အခိုက်တွင်...



အောင်မြင်ခန့်ညားသော အသံတစ်သံက တိတ်ဆိတ်လှသော အနေအထားကို ဖြိုခွင်းလိုက်လေသည်။

'ရှိပါတယ်...ရှိပါတယ်'

လူအုပ်ကြားမှ အော်ဟစ်လိုက်သော အသံတစ်သံ၊ ထိုးထွက်လာသူက ရှောင်လင်သိုင်းသမား လိပ်ကြူးပင် ဖြစ်လေသည်။

ကုမ်ကျင့်ရီကိုယ်တိုင် ရှောင်လင်ကျောင်းထွက်ဖြစ်၍ ရှောင်လင်သိုင်းသမား လိပ်ကြူးကို ကောင်းစွာသိရှိပြီး ဖြစ်နေသည်။

'ကျုပ်က ခင်ဗျားနဲ့ လက်နက်မဲ့ သိုင်းပညာချင်း ယှဉ်ပြိုင်မယ်'

ထိုသို့...

စင်မြင့်ပေါ်ရောက်နေသည့် မှယ်ုံဝါအား ကြည့်ရှုရင်း လိပ်ကြူးက စိန်ခေါ်ပြောဆိုလိုက်သည်။

မှယ်ုံဝါက လက်နက်မဲ့သိုင်းပညာနှင့် ပတ်သက်၍ မိမိကျွမ်းကျင် ပိုင်နိုင်သူတစ်ယောက်ဖြစ်၍ စိန်ခေါ်မှုကို ပြုံးကာ လက်ခံလိုက်လေသည်။

'ကောင်းပြီလေ၊ ခင်ဗျား စိတ်တိုင်းကျ ပြိုင်နိုင်ပါတယ်'

ပြိုင်ပွဲစည်းကမ်းချက်အတိုင်း လိပ်ကြူးအား ယှဉ်ပြိုင်ဖို့ ဂရုလုံးဝမစိုက်ဘဲ ပြောဆိုလိုက်သည်။

ကုမ်ကျင့်ရီမျက်နှာ ကွက်ခနဲ ပျက်သွားမိသည်။

ရှောင်လင်ကျောင်း၌ လိပ်ကြူးအား လက်နက်မဲ့သိုင်းပညာ၌ အတော်ဆုံး သိုင်းသမားတစ်ယောက်ပင် မဟုတ်ပါလား။

www.burmeseclassic.com



ထိုပြိုင်ပွဲကို မြစ်နိုင်လျှင် သူ့အနေနှင့် တားမြစ်လိုက်ချင်လှတော့သည်။

ခက်သည်ကား သူနှင့် မုယံဝါ၏ ဇာစီအစဉ်အား အထိခံ၍ မဖြစ်သေး။

★

## အခန်း ( ၁၉ )

ပြိုင်ပွဲက စလေပြီ။

တိုက်ပွဲစလျှင်စချင်း ဆိုသလိုပင်....

လိပ်ကြူးက ရှောင်လင်ကျောင်းထွက် ပီသစွာပင် ရှောင်လင်ဂိုဏ်း၏ အဆင့်မြင့် သိုင်းကွက်ဖြစ်သော ကြိုးကြာသိုင်းချစ်ကွက်တို့ အသုံးပြုကာ မုယံဝါအား စတင်တိုက်ခိုက်လိုက်သည်။

လိပ်ကြူး၏ သိုင်းကွက်များကား....

တိုက်ကွက်တို့ အနေနှင့်အမြန် နှစ်မျိုးစလုံး ရောယှက်နှောပေါင်းစပ်ကာ တိုက်ခိုက်နေသဖြင့် ခန့်မှန်းရ အလွန်ခက်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင်…

ရှောင်ဖုန်းနှင့် တွမ့်မင်းသားလေးမှာဘော့ သူတို့ ကြိုတင်စီစဉ်ထားသည့်အတိုင်းပင် ကြည့်ရှုနေကြသော ပရိသတ်များကြားထဲတွင် တစ်ယောက်တစ်နေရာစီ လူစုခွဲထားလိုက်ကြလေသည်။

ထိုအချိန်အတန့်တွင် လိပ်ကြူးက သူ၏ လက်ဝါးနှစ်ဖက်တွင် အတွင်းအား စုစည်းလျက် မုယုံဝါ၏နားထင်သို့ အားယူမှန်သွင်းကာ အပိုင်တွက်ဆ၍ ဖြတ်ရိုက်ချလိုက်လေတော့၏။

'ဖြန်း…ဖြန်း'

'ဝိုး…ဝိုး'

ထိုအခါ၌…

မုယုံဝါတာလည်း ခေသူမဟုတ်ပေ။ ခါရှင့်သိုင်းပညာရှင် တစ်ယောက် ပီသစွာဖြင့်…

ရုတ်ခြည်းပင်…

လိပ်ကြူး၏ အားပါသော ကြိုးကြာသိုင်းကွက် လက်ဝါးရိုက်ချက်အား နောက်တစ်လှမ်းဆုတ်၍ ကိုယ်ကိုယိမ်းနွဲ့ ရှောင်တိမ်းလိုက်ရင်းမှ သူ၏လေးခမွလှိုင်း အတွင်းအားဖြင့် လက်ဝါးနှစ်ဖက်ကို ဆန့်ထုတ်၍ တွန်းကန်ပစ်လိုက်လေသည်။

'ဝုန်း…'

'အုန်း…'

ပြင်းထန်သော အတွင်းအားပိုင်ရှင်နှစ်ဦး၏ လက်ဝါးနှစ်စုံ ထိခတ်မှုကြောင့် ပြင်းထန်သော မြည်ဟည်းသံကြီးမှာ မိုးချုန်းသံအလား ထင်မှတ်ရပေသည်။



ပရိသတ်များမှာ အထိတ်တလန့်ဖြစ်ကာ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြရသည်။

ထိုထိခိုက်မိမှုကြောင့်…

ရှောင်လင်သိုင်းသမားကြီး လိပ်ကြူးမှာလည်း ကျွင်းဆက်ဖြင့် အတိုခံလိုက်ရဘိသကဲ့သို့ သူ၏ခန္ဓာကိုယ်မှာ မထိန်းနိုင်တော့ဘဲ အနောက်ဘက်သို့ ခြေသုံးလေးလှမ်းစာ ဆုတ်မိသွား၏။

ထိုအဖြစ်အပျက်ကို တွေ့မြင်လိုက်ရသဖြင့်…

ပရိသတ်အားလုံးက မုယုံဝါ၏ အတွင်းအား ကောင်းမွန်ပြင်းထန်မှုအား ချီးကျူးတုန်လှုပ်မိသွားကြလေသည်။

မုယုံဝါ၏ အတွင်းအား ကျွမ်းကျင်ပြင်းထန်သည်ကို လိပ်ကြူး ယခင်က မသိခဲ့ပေ။

လိပ်ကြူးကိုယ်တိုင်လည်း အတွင်းအား ဤမျှပြင်းထန်ခြင်း မရှိ။

အမှန်စင်စစ်…

သိုင်းဘုရင်ဖြစ်လိုသူ အရူးကြီး မုယုံဝါက မည်မျှလေ့ကျင့်ထားသည်ဆိုသည်ကိုမူ လိပ်ကြူး အမှန်တကယ် မသိနိုင်ခဲ့ပါ။

အတွင်းအားပေါင်းစုံက သူ့ထံ၌ တိုက်ခိုက်ရန် အသင့်ရှိနေလေပြီ။

ယခုတော့…

ရှောင်လင်သိုင်းသမားကြီးဖြစ်သူ လိပ်ကြူးတစ်ယောက်မှာ မုယုံဝါ၏ ရှုပ်ခဲသွားပြီး ဝက်ပါခါဆန့်လှသော သိုင်းကွက်များကို အသုံးပြုလာနေတတ်ကြောင်း သတိထားလိုက်မိလေတော့၏။

ထိုအခိုက်တွင်…

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဆင်သိုင်းသမားကြီး လိပ်ကြူးမှာ တွေဝေငေးစား နေရာမှ အတိပြန်ဝင်လာကာ ရုတ်တရက်ဆိုသလိုပင် လျှပ်ပြက် လိုက်သကဲ့သို့ လှုပ်ရှားလိုက်သည်။

'ဖိုက်....'

'ယား....'

'ဖြောင်း....'

'ဖြောင်း....ဝုန်း'

လိပ်ကြူးက အလစ်အငိုက် ဓားချက် တိုက်ခိုက်လိုက်သဖြင့် ဆည်းကောင်း၊ ကန်ချက်မှာလည်း ပြင်းထန်လှသောကြောင့် မုယုံဝါမှာ အရှိန်နှင့် လိမ့်ထွက်သွားလိုက်လေတော့သည်။

★

## အခန်း (၂၀)

ကြောက်လန့် တုန်လှုပ်ဖွယ်ရာကောင်းလှသော လှုပ်ရှားမှုကြောင့်....

သိုင်းပြိုင်ပွဲလာ ပွဲကြည့်ပရိသတ်ကြီးထံမှ အံ့ဩတုန်လှုပ်သော စကားသံများ၊ စုတ်တသပ်သပ် အသံများက ရုတ်ခြည်း ထွက်ပေါ်လာသည်။

တကယ်တမ်း ဝေဖန်သုံးသပ်ရလျှင်....

ရှောင်ဆင်သိုင်းသမားကြီး လိပ်ကြူးထက်စာလျှင် မုယုံဝါ အား ပွဲတိုင်းကျော် သိုင်းသမားကောင်း တစ်ယောက်အဖြစ် သိုင်းလောကသား အများစုက အသိအမှတ်ပြုထားကြသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သည့်အကြောင်းကို ရှောင်လင်သိုင်းသမားကြီး လိပ်ကြူး ကိုယ်တိုင်ကလည်း လက်ခံသဘောတူပြီးသားမင်း။

ထို့ကြောင့်ပင် သူသည် မယုံဝါအား အထူးသတိထား ယှဉ်ပြိုင်နေခြင်းဖြစ်သလို...

အထူးလက်ဦးမှု ရရှိရန်ကိုလည်း တွေးတော စဉ်းစားရသလို....

လက်ခတွေ့ ရင်ဆိုင်ကြုံရာတွင်လည်း လက်ဦးမှုရယူကာ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သို့သော်....

သူ့တိုက်ကွက်ကား အရာမရောက် ဖြစ်ခဲ့ရလေသည်ကို သူ နောက်သို့ လွင့်စဉ်သွားရခြင်းက သက်သေပြနေချေပြီ မဟုတ်ပါလော။

သူကဲ့သို့ပင် အစ်ဖက်ယှဉ်ပြိုင်သူ မယုံဝါမှာလည်း လိပ်ကြူး ရိုက်ချက်ကို တန်ပြန်လက်ဝါးနှင့် အတွင်းအားများ စုစည်း၍ တန်ပြန်ခံဆောင် တွန်းလှန်ခဲ့နိုင်သော်လည်း နောက်သို့ဖင်ထိုင် လဲကျသွားရလေသည်။

ရုတ်တရက် ထိုမြင်ကွင်းကြောင့်....

× ×

အလှန်တစ်ရာ ဉာဏ်များ ကောက်ကျစ်လှသော ကွမ်ကျုံ့ရှီပင် စိတ်မထိန်းနိုင်ဘဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားမိလေတော့သည်။



ကမူးရှူးထိုးဖြစ်ကာ သတိလက်လွတ်ဖြင့် အနီးရှိ ဝမ်မင်းသမီးလေးဘက်သို့ မျက်ရိပ်ခြက် လှည့်ကြည့်လိုက်မိသည်။

ဝမ်မင်းသမီးကလေးမှာ ပြိုင်ပွဲအား စိတ်ဝင်စားမှုမရှိလှသဖြင့် ငေးငိုင်တွေဝေနေဆဲ။

ကွမ်ကျုံ့ရှီက အကြည့်ကို ဝမ်မင်းသမီးလေးထံမှ ချက်ချင်း ရုပ်သိမ်းကာ ရှောင်လင်သိုင်းသမားကြီးလိပ်ကြူးကိုတစ်လှည့်၊ မယုံဝါ၏ အခြေအနေကို တစ်လှည့် စိုးရိမ်မှုအပြည့်ဖြင့် စိုက်ကြည့်လိုက်သည်။

ကွမ်ကျုံ့ရှီ၏ မျက်လုံးများက မီး ဝင်း ဝင်း တောက်မျှ ရှူးလက် တောက်ပနေလေသည်။

သူက ဂနာမငြိမ် ဖြစ်နေရသည်။

ထိုအခိုက်ဝယ်....

မယုံဝါမှာ ဘာမှမဖြစ်သလိုပင် ဟန်မပျက် ဖင်ထိုင်လဲကျနေရာမှ ပြန်ထလာ၏။

အမှန်တော့....

မယုံဝါမှာ သူကိုယ်တိုင်ပင် ရှောင်လင် သိုင်းသမားကြီး လိပ်ကြူးအား အလင်သေးစွာ ယှဉ်ပြိုင်ရန် မဖြစ်နိုင်မှန်း သဘောပေါက်သွားမိသည်။

ထို့နောက်တွင်....

မယုံဝါမှာ အတွင်းအားနှင့်ပြန်လည်တိုက်ခိုက်တတ်ကြောင်း လိပ်ကြူးက သိထားသဖြင့် မလိုအပ်ဘဲ အတွင်းအားကို မသုံးဘဲ ခွန်အားကို ချွေ၍သာ အသုံးပြု တိုက်ခိုက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုယုံဝါကလည်း သူကဲ့သို့ပင် တစ်ဖက်လူ၏ အခြေအနေ အကဲခတ်နေပေသည်။

ထိုကဲ့သို့ မုယုံဝါ၏ အေးအေးစက်စက် ရင်ဆိုင်နေမှုကို ကြည့်၍ အားမလိုအားမရဖြစ်နေသူကား ကွမ်ကျွင့်ရှီဝင်ဖြစ်၏။

သူကား အကြံအစည်ကြီးသူပင်။

တို့ အတူမဲ...

လိပ်ကြူးကိုယ်တိုင် သိုင်းလောကဧည့်မှာနတောင်လွှားနေကာ သိုင်းဘုရင် ဖြစ်ချင်လွန်းနေသော သိုင်းလူဆိုးကြီး မုယုံဝါအား မညာပေးလိုက်နိုင်လျှင် ကျေနပ်ပြီဟု ဆုံးဖြတ်ထားမိလေသည်။

အခြား သူ့ခေါင်းထဲ၌ ဘာမျှမရှိ။

ရင်းအပြင်...

ရှောင်လင်သိုင်းသမားကြီး လိပ်ကြူး၏ စိတ်ထဲတွင် စီရှုဘုရင်မင်းမြတ်က နှင်းအပ်ပေးသနားမည့် ကြင်ယာဇကော်ကိစ္စသည်လည်း သူ့ခေါင်းထဲသို့ ထိုးဖောက်နေရာယူနိုင်ခြင်းမရှိပေ။

အာလျှဉ်း မစဉ်းစားခဲ့ပေ

သူ သိထားသည်မှာကား သိုင်းလောကသားများအား ကျွမ်းရည်ထက်မြက်မှု ရွေးချယ်သောပြိုင်ပွဲ၌ ပညာရည် ထက်မြက်သည့် သိုင်းသမားကောင်းတစ်ယောက်အဖြစ် ပြသနိုင်ရန် အတွက်ပင်။

ထို့အပြင်...

သူ့အမျည်အချင်းကို ခင်ရောက် အစစ်အဆေးခံ လိုခြင်းသည်ကတစ်ကြောင်း၊ ချောင်ဖုန်းနှင့်တွမ်မင်းသားလေးအတွက် ခမ်းမင်းသမီးကလေးအား ကွမ်ကျွင့်ရှီလက်ထဲမှ ကယ်ဆယ်နိုင်



ရန် အခွင့်အလမ်းတစ်ခုကို ရှာဖွေပေးလိုက်ချင်သည်က တစ်ကြောင်း။

ထိုအကြောင်းအချက်များကြောင့် ယှဉ်ပြိုင် တိုက်ခိုက်ရန် စင်မြင့်ပေါ်သို့ တက်ရောက်လာခြင်းပင် ဖြစ်သည်။

မုယုံဝါကိုယ်တိုင်က သူ့အား ပြိုင်ဘက်လိုသဘောမထားဘဲ ရန်သူတစ်ယောက်လို သဘောထား၍ တိုက်ခိုက်နေသည်။

× × ×

'ဟိုင်း...'

'ဟိတ်...'

'ယား...'

မုယုံဝါက ရှတ်တရက် ညာသံပေးရင်း ပြင်းထန်လှသော လက်ဝါးရိုက်ချက်ကို အသုံးပြု၍ ဖြန်းခနဲမြည်အောင် ရိုက်ချ လိုက်သည်။

'ဖြန်း...'

'ဝုန်း...'

လိပ်ကြူးကလည်း ရှောင်လင်သိုင်းသမား ပီသလွန်းလှ၏။

ပါးသည်။

လျှင်သည်။

သတိရှိလှသည်။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



လိပ်ကြူးက ပုတ်ကာသီကာဆာလေး ရှောင်တိမ်းပေးလိုက်သဖြင့် အရှိန်လွန်၍ ကျွံဝင်လာသော မုယို၀ါ၏ ခန္ဓာကိုယ်အား အတွင်းအားဖြင့် ပစ်တွန်းခဲ့လိုက်လေသည်။

မုယို၀ါတစ်ယောက် အရှိန်နှင့် အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

မုယို၀ါ အရေးနိမ့်မည့် အခြေအနေကို မြင်မိသောအခါ ကွမ်ကျင့်ရီမှာ ရှတ်တရက် ထရပ်လိုက်၏။

'ဟော့...ရှောင်လင် သစ္စာဖောက်'

ပရိသတ်အကြားမှ ကွမ်ကျင့်ရီ၏ ကျယ်လောင်စွာ အော်ဟစ် ပြောဆိုလိုက်သောအသံက ဖောက်ထွင်း ပေါ်ထွက်လာသည်။

မုယို၀ါက သူ့ကိုယ်သူပင် အထင်ကြီးပင် ကြီးသော်ငြားလည်း ရှောင်လင်သိုင်းသမား လိပ်ကြူး၏ အပူလှိုင်း အတွင်းအားနှင့် တိုက်ခိုက်ခံလိုက်ရသဖြင့် အခြေအနေ လုံး၀ မဟန်နိုင်ဘဲ ကျိတ်မှိတ်ကာ ခံစားရင်း ဟန်မပျက်နေရလေသည်။

ရှောင်လင်သိုင်းသမား လိပ်ကြူးကလည်း အနားမပေးဘဲ တရကြမ်း တိုက်ခိုက်လိုက်သည်။

ထို့ကြောင့်လည်း...

ကွမ်ကျင့်ရီမှာ ကတိအတိုင်း စင်မြင့်ပေါ်တက်ရပေတော့မည်။



သူ ပြိုင်ပွဲစင်မြင့်ပေါ် မတက်လျှင်လည်း မဖြစ်သည့် အခြေအနေသို့ ဆိုက်ရောက်နေပေပြီ။

အကယ်၍ကြောင့်တူမှူ—

'ခင်ဗျား အရှုံးတစ်ယောက်လို စင်အောက်က အော်ဟစ်မနေပါနဲ့၊ တကယ်သာ သတ္တိရှိရင် စင်မြင့်ပေါ်ကို တက်လာခဲ့'

အမန်တော့...

စီဇော်တားသည့်အကွက်ထဲ ဝင်လာသဖြင့် ရှောင်လင်သိုင်းသမားလိပ်ကြူးကိုယ်တိုင် ကွမ်ကျင့်ရီကို လူပုံအလယ် ရဲဝံ့စွာ စိန်ခေါ်လိုက်လေတော့သည်။

ကွမ်ကျင့်ရီ ငြင်းဆိုခွင့် မရတော့။

ဤကဲ့သို့ စိန်ခေါ်မှုမျိုးကို ပရိသတ် လူပုံအလယ်၌ သူ့မည်ကဲ့သို့သော အခြေအနေတွင်မှ ငြင်းဆိုသင့်မည် မဟုတ်ဟု ဆင်ခြင်မိလိုက်သည်။

သူသည် မျက်နှာကြီး နီရဲတွတ်သွားကာ သူ ဖမ်းချုပ်ထားသည့် ဗမ်ခင်းသမီးကလေးကိုပင် သတိမရနိုင်ပါ။

ရုတ်ခြည်းဆိုသလိုပင်...

လိပ်ကြူးအား တိုက်ခိုက်ရန် စင်မြင့်ပေါ်သို့ လွှားခနဲ ခုန်တက်လာခဲ့သည်။

'ဝါးဟားပြီဟေ့...'

'ယား....'

ရှောင်လင် သိုင်းသမား လိပ်ကြူးကလည်း စင်မြင့်ပေါ် ရောက်လာသည့်ကွမ်ကျင့်ရီအားလုံး၀အနားမပေးဘဲတရကြမ်း တိုက်ခိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့အတွက်ကြောင့်....

ကွမ်ကျင့်ရီကလည်း လိပ်ကြူး တိုက်ကွက်မှန်သမျှကို သွက်သက်ပေါ့ပါးစွာဖြင့် ရှောင်တိမ်းထွက်နေရလေတော့၏။

★

အခန်း ( ၂၁ )

ထိုအချိန်၌—

အခွင့်အခါကောင်းကို ရောက်ရှိနေပြီမို့ လက်လွတ်မခံလိုသော တွမ်မင်းသားကလေးမှာ ဝမ်မင်းသမီးကလေး ထံသို့ အရောက်သွားလိုက်၏။

ထို့နောက်....

ဝမ်မင်းသမီးကလေးနှင့် လူချင်းထိလုမျှ ထိုးကပ်လိုက်ပြီးလျှင်....

တိုးလျသော အသံလေးဖြင့်—

'မမနတ်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ရှုတ်တရက် ကြားလိုက်ရသော အသံဖြစ်သော်လည်း ဝမ်မင်းသမီး ချက်ချင်း မှတ်မိလိုက်သဖြင့် အံ့အံ့သြသြ ခံစားလိုက်ရသဖြင့်....

'ဟင်...'

ဟု အသံထွက်ကာ အသံလာရာဘက်သို့ စောင်းငဲ့ကြည့်လိုက်မိရာ....

မျှော်လင့်မထားဘဲ မင်းသားလေးကို တွေ့မြင်လိုက်ရသဖြင့် ဝမ်မင်းသမီးကလေးမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိ၏။

တမ်မင်းသားကလေးက ဝမ်မင်းသမီးကလေးအား အားရှိစေရန် ဆက်လက်ပြောလိုက်သည်။

'မြေခွေးအိုကြီးရန်က မမကို လာကယ်တာလေ'

အစ်ဖက်တွင်လည်း...

ကွမ်ကျုံ့ရီကို ဝမ်မင်းသမီးလေးနံဘေးဆီသို့ အရောက်မသွားစေရန် လိပ်ကြူးက တာဝန်ယူ တိုက်ခိုက်နေသည်။

ချောင်ဖုန်းမှာ သူ့ကိုယ်စား လက်စားချေရန်အတွက် လိပ်ကြူးက တာဝန်ယူခဲ့သည်ဟု ထင်မှတ်လိုက်၏။

အကယ်၍ တိုက်ခိုက်ရန် လိုအပ်လျှင် ဝင်ရောက်ကူညီနိုင်ရန် အတွက် အသင့်ပြင်ဆင်ထားလိုက်၏။

မင်းသားကလေးက သူ့အလိုကျအတိုင်း ဝမ်မင်းသမီးလေးကို ကွမ်ကျုံ့ရီလက်ထဲမှ လွတ်မြောက်အောင် ကယ်ဆယ်လိုက်လေတော့သည်။



သိုင်းဘုရင်တစ်ဆူဖြစ်သော မူယုံဝ ၏တစ်ယောက် လိပ်ကြူးအား ရှုံးနိမ့်သွားခဲ့သဖြင့် သူ့ကိုယ်သူ မကျေမချမ်း ဖြစ်နေမိသည်။

အဖူလိုင်း အတွင်းအား မရှိသလို ဖြစ်နေမိသည်။

စင်မြင့်ပေါ်၌ တိုက်ပွဲက အပြင်းထန်ဆုံး ဆင်နွှဲနေဆဲ၊ ကွမ်ကျုံ့ရီကိုယ်တိုင် ဒေါသတကြီး စင်မြင့်ပေါ်သို့ ရောက်ရှိလာခဲ့သော်လည်း သူ့ဆက် အသက်ငယ်ရွယ်သူ လိပ်ကြူးအား မယှဉ်နိုင်ဘဲ ဖြစ်နေမိသည်။

ရှေးလင်သိုင်းဆရာကြီး လိပ်ကြူးက ရှပ်ထွေးလှသော ချောင်လင်ကြီးကြာသိုင်းကွက်ကို အသုံးပြုပြီး ခန္ဓာကိုယ်အား ရှပ်ဖော်ပမာ ဆာမ်ပင်းလှည့်လိုက်ရင်း....

'ကျွား...

'ဝုန်း...'

ပြင်းထန်သော အမှုလက်ဝါးသိုင်းဖြင့် ကွမ်ကျုံ့ရီ၏ ခန္ဓာကိုယ်ဆီသို့ ရိုက်ခတ်လိုက်သည်။

သို့သော်...

'ဖက်...ဖက်'

ကွမ်ကျုံ့ရီကိုယ်တိုင်က လိပ်ကြူး၏ လက်ဝါးကို သူ့လက်နှင့်ညှပ်၍ အတွင်းအားကို တုံ့ပြန်လွှတ်ရန် ပြင်ဆင်လိုက်မိ၏။

ဤသည်ကား...

ကွမ်ကျုံ့ရီအတွက် ပြင်ဆင်ခွင့် မရသော အမှားကြီးပင် ဖြစ်လေတော့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လင်သိုင်းသမားကြီးလိပ်ကြူး၏ ခန္ဓာကိုယ်အတွင်းမှ မမြင်နိုင်စွမ်းသော အပူလှိုင်း အတွင်းအားများ လျှပ်စီးဆင်း နေသလို စဉ်ဆက်မပြတ် ထွက်နေလေတော့သည်။

အမှန်စင်စစ်...

အပူလှိုင်းအတွင်းအားသည် မီးကဲ့သို့ပူပြင်းလှသောစွမ်းအင် ရှိ၏။

သို့ကြောင့်...

တော်ရုံသိုင်းသမားဆိုလျှင်မူ ထိုအပူလှိုင်း အတွင်းအားကို ကြာရှည်စွာ ကြံ့ကြံ့ခံနိုင်ဖို့ကား လွယ်ကူလှမည်တော့မဟုတ်ပေ။

သို့သော်...

ကွမ်ကျင့်ရိုက မိုက်မိုက်မဲမဲပင် ကြံ့ကြံ့ခံရင်း လိပ်ကြူး၏ အပူလှိုင်း အတွင်းအား ပူလောင်ခြင်းဝေဒနာကို ကျိတ်မှိတ် ခံစားနေသည်။

သို့သော်လည်း...

ရှောင်လင်သိုင်းသမား လိပ်ကြူးကိုယ်တိုင်ကလည်း အပူ လှိုင်းထုတ်လွှင့်မှု အတွင်းအားကို လုံးဝ လျှော့ချပစ်လိုက်ဖို့ကို စိတ်မကူးပေ။

စဉ်ဆက်မပြတ်ပင် ထုတ်လွှတ်နေပေသည်။

ကွမ်ကျင့်ရိုနှင့် လိပ်ကြူးတို့ နှစ်ယောက်စလုံး၏ အတွင်း အား ပြိုင်ဆိုင်မှုမှာ အချိန်အဟုန် အပြင်းထန်ဆုံး ဖြစ်လာ၏။

သူတို့၏ အတွင်းအားများကလည်း အဆင့်မြင့်လွန်းလှပေ သည်။

ထို့ကြောင့်...



နှစ်ယောက်စလုံးမှာ ချွေးချေးများပြန်လာပြီး ဖြိုင်ဖြိုင်ကျ ဆင်းလာကြကာ ထက်ဝါးချင်း ပူးကပ်ထားသောနေရာ၌ ပူ လောင်လွန်းလှသဖြင့် အငွေ့များပင် ထွက်နေလေသည်။

ယင်းသို့သော အခြေအနေကြောင့်...

ကြည့်ရှုနေကြသောပရိသတ်ကြီးမှာ အသက်ရှူသံမကြားရ ရလောက်အောင် တိတ်ဆိတ်နေပေသည်။

စိုးရိမ်ထိတ်လန့်မှု အပြည့်ဖြင့်သာ...

ထို့နည်းတူပင်...

လူအုပ်အတွင်း၌ ရှိနေသော တာမ်မင်းသားလေးနှင့် ဝမ် မင်းသမီးလေးတို့မှာလည်း စိုးထိတ်စွာဖြင့်...

ထိုအချိန်တွင်...

ကွမ်ကျင့်ရို ခန္ဓာကိုယ်မှ ထွက်လာသော အတွင်းအားများ ကို လိပ်ကြူး၏ အပူလှိုင်းအတွင်းအားက စုပ်ယူဖျက်ဆီးလိုက် သည်။

ထိုအခါတွင်တော့...

ကွမ်ကျင့်ရိုမှာ ရှောင်လင်သိုင်းသမား လိပ်ကြူး၏ အပူ လှိုင်းအတွင်းအားမှထုတ်လွှတ်သော အပူလှိုင်းဒဏ်၏ ပူလောင် ခြင်းဝေဒနာကို ကွမ်ကျင့်ရို ကျိတ်မှိတ် ခံစားနေရဆဲ။

× × ×

သူ၏မျက်နှာပြင် တစ်ခုလုံးကလည်း တဖြည်းဖြည်း ရှုံ့မဲ့ လာသည်။

တကယ်တော့...

www.burmeseclassic.com



ကွမ်ကျုင့်ရီမှာ သူ၏ ခန္ဓာကိုယ်အတွင်းမှ ခြစ်ခြစ်တောက် ပူလောင်လွန်းနေသည့်ဒဏ်ကို ကြာရှည်စွာ ခံစားနိုင်ခြင်း မရှိတော့။

'အား...'

'ဗွီး...ဟူး...ဟူး'

'ဝုန်း...'

'အင့်...'

လူအုပ်ကြီးမှာ မီးကို ရေနှင့် ဖျန်းထားသည့်အလား တိစ်ဆိတ်လွန်းမက တိတ်ဆိတ်နေသည်။

★

## အခန်း ( ၂၂ )

နောက်ဆုံး...

အရှင်းအားကို လျှော့ချလိုက်သဖြင့် ကွမ်ကျုင့်ရီ၏ ခန္ဓာကိုယ်မှာ တစ်လံအကွာသို့ လွင့်စဉ်သွားလေတော့သည်။

လိဂ်ကြူးပင် အနည်းငယ် ယိမ်းယိုင်သွားသလို ဖြစ်သွားမိသည်။

ကွမ်ကျုင့်ရီ လုံးဝ ရှုံးနိမ့်သွားပြီ မဟုတ်ပါလား။

အားယွရန်ပင် ခွန်အားမရှိဘဲ လွန်စွာ မောဟိုက်ပင်ပန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခန္ဓာကိုယ်ထဲ ရှိသမျှ အတွင်းအားများ ခန်းခြောက်သွားပြီ မဟုတ်ပါလား။

ကွမ်ကျင့်ရီကိုယ်တိုင်ပင် ခေါင်းမဖော်နိုင် လောက် အောင် နောင်တကြီးစွာ ရမိသည်။

'ငါမှားပြီ၊ ငါ့ကို ဘုရားက ဒဏ်ခတ်လိုက်တာပဲ၊ ဘုရားအလုပ်ကိုမလုပ်ဘဲ ဝရဇိန်ခြောက်သွယ်သိုင်းကျမ်းကိုရဖို့အတွက် လောဘတက်ပြီး လူတွေအားလုံးကို လှည့်စားမိခဲ့တယ်…

အခုတော့ ဒါတွေအားလုံးဟာ ငါ့အတွက် ဘာတစ်ခုမှ အကျိုးမခံစားရလောက်အောင် အမှားကြီး မှားယွင်းခဲ့ပြီပဲ'

လိပ်ကြူးကိုယ်တိုင် ကွမ်ကျင့်ရီကိုကြည့်ရင်း သံဝေဂတရား ရမိလေတော့သည်။

အသက်အရွယ်ကြီးရင့်ပြီး သိုင်းပညာတတ်ကျွမ်းသော ကွမ်ကျင့်ရီအား ရှောင်လင်ကျောင်းမှ လုံးဝ လက်ခံတော့မည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော်…

သူက မိုးနဂါးကျောင်းကို မီးရှို့ပြီး ဝရဇိန်ခြောက်သွယ်သိုင်းကျမ်းကိုရယူရန် ကြိုးစားကြံစည်ခဲ့သည့်ကွမ်ကျင့်ရီအတွက် ရှောင်လင်ကျောင်းတော်ကြီးမှ မည်သည့်နည်းနှင့်မျှ ခွင့်လွှတ်နိုင်စရာအကြောင်း ရှိနိုင်တော့မည်မဟုတ်ပေ။



ယခုတော့…

သူကိုယ်တိုင်ပင် သူပြုလုပ်ကျူးလွန်ခဲ့သည့်အကုသိုလ်အလုပ်ကို လုမ်ကိုင်မိသူ ရှောင်လင် ဘုန်းကြီးတစ်ပါး အားမှန ရှင့် ဆောပတ်ဖြေရန်သာ ရှိတော့သည်။

ထို့အပြင်…

အမွှမ်းတက်မြက်သည့် ဝရဇိန်ခြောက်သွယ် သိုင်းကျမ်းကိုသည်။ ကွမ်ကျင့်ရီအနေနှင့် ဘယ်တော့မှ ရနိုင်လိမ့်မည် မဟုတ်တော့။

အမှန်စင်စစ်…

သူကျူးလွန်ခဲ့သည့် အမှားကား ခွင့်လွှတ်နိုင်သော အမှား မဟုတ်ပေ။

ရှောင်လင်သိုင်းသမား လိပ်ကြူးတာ စင်မြင့်ပေါ်တွင် ကွမ်ကျင့်ရီကို ထားခဲ့ရင်း စင်မြင့်အောက်သို့ တစ်လှမ်းချင်း တစ်လှမ်းချင်း အေးဆေးတည်ငြိမ်စွာ ဆင်းသက်လာခဲ့လေတော့သည်။

လောဘတက်၍ ပျက်စီးရသည်။

www.burmeseclassic.com

www.burmeseclassic.com



လောဘဖက်၍ ပျက်စီးရသည်၊

ဒေါသဖက်၍ ပျက်စီးရသည်၊

မာန်မာနတက်၍ ရှုံးနိမ့်ရသည်၊

မကောင်းကြံ၍ ရှုံးနိမ့်ရသည်၊

မထီရေးလောဘဇောတိုက်၍ မကောင်းကြံစည်လေ့ရှိသူ၏ စိတ်ယုတ်က သူ့အား ဒဏ်ခတ်လိုက်ပေပြီ၊

မောဟအစရှားကြောင့် လူလုံးမလှ အာဝေဝစ်ခုသို့ ရောက်ရှိရသည်၊

ဒေါသစိတ်ကြောင့်ပင် ပြင်ဆင်မရသော အမှားများ မှားခဲ့ရသည်၊

လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနထရားတို့ကား သိုင်းသမားကောင်းတစ်ယောက်ဖြစ်လာဖို့ မမြင်နိုင်သော ပျက်စီးခြင်း အကြောင်းတရားများပင် မဟုတ်ပါလော၊

× × ×



နှစ်ပေါင်းများစွာ တစ်ပေလျှောက်လုံး သိုင်းဘုရင် တစ်ဆူ ဖြစ်လာနိုင်ရေးအတွက် ကြံစည်ကြိုးစား လုပ်ဆောင်ခဲ့ရသော သိုင်းဘုရင်ရှူး မုယုံဝါတစ်ယောက်မှာ အောင်မြင်မှုအတွက် လက်ထက်ကမ်းအလိုမျှဉ်ပင် သူမျှော်မှန်းထားသော အရာတစ်ခု နှင့် အဝေးသို့ လွဲချော်သွားခဲ့ရလေပြီ၊

ယခုတော့...

စီရှုဘုရင်ကြီးတယ်တိုင်က ရွှေခင်လင်သိုင်းသမားကြီး လိပ်ကြူးအား သူ့နှင့် ထိုက်တန်သည့် ဆုလာဘ်ရတနာနှင့် ရာထူးကို စမ်းမြောက်ဝမ်းသာ ဆပ်နှင်း ပေးအပ်လိုက်လေတော့သည်၊

ထိုအချိန်တွင် ပရိသတ်ကြီး အားပေးသည့် ဩဘာလက်ခုပ်သံများက တဖြောင်းဖြောင်းနှင့် သောသောညံညံ ဆူပွက်သွားလေသည်၊

'ဖြောင်း....ဖြောင်း... ဖြောင်း'

'ဖြောင်း.... ဖြောင်း.....ဖြောင်း'

'လိပ်ကြူးကွ...'

'ရွှောင်လင်သိုင်းသမားကွ....'

www.burmeseclassic.com



မုယုံဝါကိုယ်တိုင်ပင် ထိုမြင်ကွင်းအား ကြည့်ရှုရင်း ရင်ထဲတွင် နစ်မွန်းကျပ်လာသည်။

သူ၏ရင်ထဲ၌ကား မနာလိုဝန်တိုမှုများ၊ မရှုဆိတ်မှုများက အစိုင်အခဲများ အလိုလိုပင် ပြည့်ကျပ်လာခဲ့လေတော့၏။

★

အခန်း ( ၂၃ )

'ဟား...ဟား...ဟား'

'သိုင်းဘုရင်က ဘယ်မှာလဲ'

'သိုင်းဘုရင်က ဘယ်မှာလဲကွ'

ရုတ်တရက် အသံနက်ကြီးဖြင့် ထအော်လိုက်သည်။

သူ၏ အော်သံကြီးကြောင့် ပရိသတ်များမှာ တုန်လှုပ်ချောက်ချားစွာ ကြည့်နေမိကြသည်။

ထိုအချိန်၌...

www.burmeseclassic.com

www.burmeseclassic.com



'ဟား...ဟား...ဟား'

'ဟီး...ဟီး...ဟီး'

'သိုင်းဘုရင်က ငါကွ'

'သိုင်းဘုရင်က ငါကွ၊ ဟား...ဟား...ဟား'

ထို့နောက်...

ရုတ်တရက် ခြောက်ကပ်ကပ် ရယ်မောရင်း မျက်ထောက်နီကြီးနှင့် စယီးဒယိုင် လျှောက်လာနေသော သိုင်းဘုရင်ရှူးမုယ်ပေါ်အား မည်သို့မျှ နားမလည်နိုင်စွာ ဖြစ်နေကြရသေးတော့သည်။

လူများက ဝေးကြောင်ကြည့်နေကြစဉ်...

'ဘာကြည့်နေကြတာလဲ၊ သိုင်းဘုရင်ကို မမြင်ဖူးကြဘူးလား၊ ငါဟာ သိုင်းဘုရင်လေ၊ ဒီမှာလေကွာ သိုင်းဘုရင်၊ ဟဲ...ဟဲ'

အမှန်စင်စစ်အားဖြင့်...

မုယ်ပေါ်က ရှီးနိမ့်ခြင်းဆိုသော လေဒဏ်တရား၏ ရိုက်နှက်မှုဒဏ်ကိုမခံမရပ်နိုင်ဖြစ်မိသောကြောင့် စိတ်မထိန်းနိုင်ဖြစ်ကာ ဖောက်ပြန်စပြုနေသည်။



ထိုဖြစ်ရပ်ကို လှမ်းမြင်ရသဖြင့်...

'မမှန်တော့ဘူး၊ ဟို...ဟို ဝမ်မင်းသမီးလေး...ဟိုမှာ မမရဲ့ အစ်ကို မုယ်ပေါ်တစ်ယောက် ဘာဖြစ်သွားသလဲ မသိဘူး၊ ကြည့်ပါဦး'

ကွမ်မင်းသားလေးက အထိတ်တလန့်ဖြင့် လက်ညှိုးထိုးပြကာ ပြောလိုက်သဖြင့် စိတ်ဖောက်ပြန်ကာ ဒေါသဖြစ်နေသည့် အစ်ကိုဖြစ်သူမုယ်ပေါ်အတွက် ဝမ်မင်းသမီးလေး ထိတ်ခနဲဖြစ်သွားမိသည်။

ရုတ်တရက်ဆိုသလိုပင်...

ဝမ်မင်းသမီးလေးက ကွမ်မင်းသားလေးကို ခေါ်၍ လူအုပ်ကြားမှ အစ်ကိုမုယ်ပေါ်ထံသို့ ကပျာကယာ ပြတ်သန်းလာခဲ့လေသည်။

လူအုပ်ကြီးကလည်း သူတို့နှစ်ယောက်အတွက် လမ်းဖယ်ပေးကြလေသည်။

ဝမ်မင်းသမီးကလေးမှာလည်း အစ်ကိုဖြစ်သူအတွက် စိုးရိမ်မှုကြီးလာ အတင်းတိုးဝှေ့နေသဖြင့်...

နောက်မှ တန်းလန်းကြီး လိုက်နေရသော ကွမ်မင်းသားလေးက...

www.burmeseclassic.com

www.burmeseclassic.com



'မမနတ်မယ်၊ အတီထားပါ'

ထိုအချိန်တွင်....

'ငါဘုရင်ဖြစ်ပြီ၊ လာကြစမ်း—လာကြစမ်း'

မုယ်ုံဝါ တစ်ယောက်မှာတော့....

ပရိသတ်ထဲသို့ဝင်ရောက်ရင်း စိတ်ဖောက်ပြန်သောင်းကျန်းနေလေတော့သည်။

'အမယ်လေး—လုပ်ကြပါဦး၊ သိုင်းဘုရင်ရူးကြီး ဝင်လာနေပြီဗျ'

ပရိသတ်များအားလုံး ရှုတ်ရှက်ခတ်သဲ ဖြစ်ကုန်ကြလေ၏။

ကောင်မလေးများက ကြောက်လန့်တကြား အော်ဟစ်ရင်း ပြေးလွှားကုန်ကြအလို၊ ကလေးသူငယ်များမှာလည်း အော်ဟစ်ငိုယိုကုန်ကြလေသည်။

'လာစမ်း၊ ငါလိုသိုင်းဘုရင်ကို အားခ်ချင်တဲ့ ကောင်မတွေ'

ထိုသို့ အော်ဟစ်ရင်း—

မုယ်ုံဝါက နီးစပ်ရာ ကောင်မလေးနှစ်ယောက်အား လည်ပင်းမှ ကိုင်ညှစ်၍ လိမ်ချိုးသတ်ဖြတ်ရန် ပြင်ဆင်လိုက်၏။



'ဟေ့—ဟေ့ မလုပ်နဲ့'

အနီးရှိ လူကြီးတစ်ယောက် အကျောင်းကြုံးအော်အာ ထ...

တားလိုက်သည်၊

ကျန်လူများကလည်း ဝိုင်းအုံးအော်ဟစ်ဟန့်တားသည်။

'အရူးကို ဝိုင်းဆွဲထားစမ်း'

'မုယ်ုံဝါကို ဆွဲထားလိုက်ကြပါ'

'ကောင်မလေးတွေတော့ ဒုက္ခရောက်တော့မှာပဲ'

တစ်ယောက်တစ်ပေါက် ဝိုင်းအုံးအော်ဟစ်သံများကား ဝေ...

မွှက်သည့်အလား ဆူညံနေပေသည်၊

ထိုစဉ်တွင်—

လူသန်ကြီးသုံးယောက်က လူအုပ်ကြားမှ အတင်းတိုးထွက်

လာကာ....

မုယ်ုံဝါအား အနီးရှိလူများက ဝိုင်းဆွဲ၍ အတင်းဖယ်ချုပ်

လိုက်လေတော့သည်၊

မုယ်ုံဝါကလည်း အတင်းရုန်းကန် ဖယ်ရှားနေပြီး ပါးစ...

ကလည်း ပရမ်းပတာ အော်ဟစ်နေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါက သိုင်းဘုရင်ကွ၊ မင်းတို့ မဓော်ကားနဲ့'

မုယုံ့ဝါကတော့ ရှုန်းရင်းကန်ရင်း အော်ရင်းဟစ်ရင်း ရှိနေဆဲပင်။

'စီရှုဘုရင်မင်းမြတ်ကတောင် ငါ့ကို သိုင်းဘုရင်ဘွဲ့ထူး အပ်နှင်းထားတာကွ၊ မင်းတို့က ငါ့ကို ဘာမှတ်လို့ ဖမ်းချုပ်နေကြရတာလဲ'

မုယုံ့ဝါကိုယ်တိုင် မူလစိတ်ကို ပြန်လည်မရောက်ရှိနိုင်သဖြင့် အော်ဟစ် ရုန်းကန်နေသည်။

ထိုအခိုက်…

လူအုပ်ကြီးအား အတင်းတိုးဝှေ့ ရှောင်တိမ်းကာ မောကြီးပန်းကြီးဖြင့် ရောက်ရှိလာသော စမ်မင်းသမီးကလေးမှာ အစ်ကိုဖြစ်သူ မုယုံ့ဝါ၏ အဖြစ်အပျက်ကို မြင်တွေ့လိုက်ရရာ မျက်ရည် ဖြိုင်ဖြိုင် ကျဆင်းလာရသည်။

နောက်မှ အားတင်းကာ အစ်ကိုဖြစ်သူအား လှမ်းအော် သတိပေးလိုက်သည်။

★

## အခန်း ( ၂၄ )

'အစ်ကို—အစ်ကို'

သူ့ထံသို့ ပြေးလာသော စမ်မင်းသမီးကလေးကို တွေ့မြင်လိုက်ရသဖြင့် ချက်ချင်းပင် အသိစိတ်က ပြန်လည်လာကာ သူ့အား ဖမ်းချုပ်ထားသော လူများကိုတစ်လှည့်၊ ညီမဖြစ်သူကိုတစ်လှည့် ကြောင်အမ်းအမ်းဖြင့် ကြည့်ခနေမိလေသည်။

သည်တော့…

သိုင်းဘုရင်ဖြစ်လိုမှုကြောင့် ရူးသွပ်သွားသည့် မုယုံ့ဝါကို ကြည့်ရင်း စမ်မင်းသမီးကလေးမှာ မျက်ရည်မျှား ပါးပြင်ပေါ်သို့ စီးကျလာသည်။

www.burmeseclassic.com



တွမ်မင်းသားကလေးမှာတော့ ဝမ်မင်းသမီးကလေးကို ကရုဏာသက်စွာ ကြည့်နေမိသည်။

'ဘယ်လိုဖြစ်ရတာလဲ အစ်ကိုရယ်၊ စိတ်ကို ထိန်းထားဦးမှပေါ့၊ လူဆိုတာ ကိုယ်ဖြစ်ချင်တဲ့ အရာရာတိုင်း နတ်ဒေဝါတွေ ဖန်ဆင်းသလို ဘယ်ဖြစ်လာနိုင်ပါ့မလဲ...

'ဖြစ်မလာနိုင်တဲ့ အရာတွေကို ဒေါသဖြစ်ပြီး တွေးမနေပါနဲ့ အစ်ကိုရယ်'

ဝမ်မင်းသမီးကလေးက တရားသဘောဖြင့် အတတ်နိုင်ဆုံး မြှေသိမ့်ဖျောင်းဖျနေမိသည်။

'ဒါဆိုရင် ရုံအိမ်တော်ရောက်တာနဲ့ သိုင်းကျမ်းတွေအကုန်လုံး မီးရှို့ပစ်လိုက်မယ်'

မုယုံဝါက သူ့ကိုယ်သူ ရှက်မိသဖြင့် ညီမဖြစ်သူ ဝမ်မင်းသမီးကလေးအား နာကြည်းစွာဖြင့် ပြောပြလိုက်လေသည်။

ထိုအခါ ဝမ်မင်းသမီးကလေးကလည်း သူ့အစ်ကို စိတ်မကောင်းဖြစ်နေသဖြင့် အစ်ကိုဖြစ်သူအား ပြန်လည်နှစ်သိမ့်ပေးလိုက်မိသည်။

'အို... မဟုတ်တာပဲ၊ သိုင်းကျမ်းဆိုတာ လူမျိုးနွယ် တွေအတွက်အမြတ်ထားတဲ့အရာပဲ၊ အစ်ကိုဟာ သိုင်းဘုရင် တစ်နေ့ ဖြစ်လာနိုင်ပါတယ်...



'ကိုယ့်တိုင်းပြည်နဲ့ လူမျိုးတွေအပေါ်မှာ အစွမ်းရှိသမျှ ကောင်းကျိုးဆောင်တဲ့ သိုင်းသမားကောင်းတစ်ယောက် ဖြစ်လာဖို့ ကြိုးစားပါ အစ်ကိုရယ်...

'လွဲမှားမှဲ့စိတ်နဲ့ ဖြတ်လမ်းနည်းတွေကိုသုံးပြီး သိုင်းဘုရင် ဖြစ်ဖို့ ကြိုးစားရင်တော့ ဒုက္ခလှလှကြီး တွေ့တတ်တာပဲလေ'

ထိုသို့ ညီမဖြစ်သူက ဖျောင်းဖျောင်းဖျဖျ ပြောဆိုလိုက်မှပင်...

မုယုံဝါက စိတ်ကို အတည်ငြိမ်ဆုံးဖြစ်စေရန် ထိန်းချုပ်လိုက်သည်။

သူ့ အနေနှင့် အခုလို ဖြစ်ပျက်ရသည့် ကိစ္စများမှာ ဝရဇိန်ခြောက်သွယ်သိုင်းကျမ်းကိုရလိုမှုနှင့်ကျွမ်းကျင့်ရိဆိုသော မတရားသောအတောတက်သည့် သိုင်းသမားကြီးအား မေါင်းမိသော ကြောင့်ပင်ဖြစ်မှန်း နှလုံးသွင်း ဆင်ခြင်တွေးတောလိုက်မိသည်။

ယခုတော့လည်း ညီမဖြစ်သူ ဝမ်မင်းသမီးလေးက သူ့ထက် အတွေးအခေါ် ပိုမို မြင့်မားလာသဖြင့် လေးစားရသည်။

'အစ်ကို နားလည်ပါပြီ ညီမလေးရယ်၊ အစ်ကို အမှားလုပ်ရပ်ကြောင့် ညီမလေးပါ ဘေးကျစ်ပြူးလဲတော်တဲ့ ကျွမ်းကျင့်ရိလက်ထဲမှာ ကံကောင်းလို့ ရေထိမ်မခံနှစ်ခဲ့ရတာပါ...

www.burmeseclassic.com

www.burmeseclassic.com



'တကယ်တော့ သိုင်းလောကကြီးထဲမှာ ရှိသမျှ ပညာရပ်တွေအားလုံးဟာ လေ့လာလိုက်စားလို့ မကုန်နိုင်တဲ့ ပင်လယ်ပြင်ကျယ်ကြီးတစ်ခုလို ကျယ်ဝန်းလှတယ်ဆိုတာ နားလည်ပါပြီလေ'

မုယိုဝါက စကားကို ရှည်လျားစွာ ပြောဆိုနေရာမှ ခေတ္တစကားကို ရပ်နားလိုက်သည်။

နောက်မှ စကားကို ဆက်လိုက်သည်။

'သိုင်းကျမ်းဟောင်း မြောက်မြားစွာကို မဆိုထားနဲ့ ဝရဇိန်ခြောက်သွယ်ဆိုတဲ့ သိုင်းခြောက်ကွက်ကိုတောင် ကိုယ်နဲ့မတိုက်ရင် မရနိုင်ပါဘူး၊ အစ်ကို စိတ်လျှော့လိုက်ပါပြီ ညီမလေးဝမ်ရယ်'

တွမ်မင်းသားကလေးကား မည်သည့်စကားမျှ ဝင်ရောက်ပြောဆိုခြင်း မရှိချေ။

ဝမ်မင်းသမီးကလေးကိုသာ ကြင်နာသနားစွာ ငေးကြည့်နေသည်။

တဖားရှုပင်—

လူအားလုံးသည်လည်း ဆုတ္တိမောင်နှမနှစ်ယောက်၏အဖြစ်ကို ကြည့်ရင်းမှ စိတ်မကောင်းခြင်းဖြစ်စွာ ကရုဏာမျက်လုံးများဖြင့် ကြည့်နေမိကြသည်။



မုယိုဝါကိုယ်တိုင် သိုင်းပညာရပ်တစ်ခု၏ နက်ရှိုင်းကျယ်ဝန်းမှု အတိုင်းအတာကို သိရှိသွားခဲ့ပြီ မဟုတ်ပါလော။

တကယ်တော့ ဝရဇိန်ခြောက်သွယ် သိုင်းကျမ်းမှာလည်း ပင်လယ်ပြင်ကြီးတစ်ခုလို ကျယ်ဝန်းလှသဖြင့် ဝရဇိန်ခြောက်သွယ် သိုင်းပင်လယ်ဟု အမည်နာမတစ်ခုအဖြစ် အသိအမှတ်ပြုရမလိုပင် ဖြစ်နေမိကြလေသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၃ )

ယခုအချိန်တွင်မူ—

ပရိသတ်အားလုံးမှာ ကိစ္စများ ရှင်းလင်းသွားခဲ့ရပြီမို့ ကိုယ့်အရပ် ကိုယ့်ဒေသအသီးသီးသို့ ပြန်ရန် ဆုံးဖြတ်လိုက်ကြသည်။

သို့ဖြင့် ချောင်ဖုန်း၊ တွမ်မင်းသားလေးနှင့် ရှောင်လင်သိုင်းအမား လိပ်ကြူးတို့ သုံးယောက်သား ခရီးထွက်လာကြရင်း—

ချောင်ဖုန်းက ရုတ်တရက် ကောက်ကာငင်ကာ စကားဆိုလာသည်မှာ—



'ဒါဆို ချိတန်ပြည်ကို ပြန်မယ်'

သူ့ရင်အစ်ကို သူ ပုတ်ပြကာ ပြောဆိုလိုက်ပြီး နောက်မှ ရှောင်လင်သိုင်းသမားကြီး၏ ပခုံးကိုဖက်ကာ ဆက်လက်ပြော လိုက်သည်။

'လိပ်ကြူးက ရှောင်လင်ကျောင်းတော်ကို ပြန်တော့မယ် မဟုတ်လား'

သူက စကားကိုဆုံးအောင် မပြောသေးဘဲ တွမ်မင်းသား လေး၏ ပခုံးကိုပါ ဖက်ကာ—

'မင်းက တာလိပြည်ကိုပြန်ပြီး ဘုရင်လုပ်မယ်'

လမ်းမခွဲမီ တစ်ယောက်တစ်နေရာစီ သွားကြရန် ပြောဆို လိုက်သည်။

ထိုအခါ တွမ်မင်းသားလေးကလည်း ချောင်ဖုန်း၏ ပေါ်းကို သိုင်းဖက်ကာ ပြန်ပြောလိုက်သည်။

'အစ်ကိုချောင်ဖုန်းရဲ့ ချိတန်ပြည်ကို ခဏလိုက်လည်ချင်သေး တယ်ဗျာ၊ တာလိပြည်ကို ချက်ချင်းပြန်ရမှာ ပျင်းစရာကြီး'

ထိုနည်းတူစွာ လိပ်ကြူးကလည်း သဘောတူညီသောလေသံ ဖြင့်—

www.burmeseclassic.com

www.burmeseclassic.com



'တုတ်တုတ်၊ ကျွန်တော်လဲ ရှောင်လင်ကျောင်းကို ချက်ချင်းမပြန်သေးဘူး၊ အစ်ကိုချောင်ပုန်းနဲ့အတူ လိုက်ခဲ့ဦးမယ်'

မမြှော်လင့်ဘဲ ဆမ်းခွဲရမည်ဆိုသောကြောင့် သံယောဇဉ်အမျှင်တန်းတလေ့ကား သူတို့ သုံးယောက်အကြား ရစ်ပတ်ယှက်နွယ်လျက်ပင် ရှိနေသေးသည်။

လိပ်ကြူးနှင့် တမ်မင်းသားက ချီတန်မြို့ လိုက်လည်ဖို့ ပြောဆိုလိုက်သည်။

သူတို့၏ ဆန္ဒကို မလွန်ဆန်လိုသော ချောင်ပုန်းကလည်း ဆဆိုက်ဆင့် သဘောတူလိုက်သည်။

'ဒါဆိုလဲ လိုက်ခဲ့တော'

တိုင်းနိုင်ငံချင်းက နယ်နိမိတ်မျဉ်းဖြင့် ပိုင်းခြား သတ်မှတ်ထားသော်ငြားလည်း တစ်နေရာနှင့်တစ်နေရာသိပ်မဝေးလှပေ။

အမှန်တော့…

ချီတန်မြို့မှာ သူတို့ မရောက်ဖူးသည့် နေရာပင် မဟုတ်ပါလား။

ထို့ကြောင့်…



ချောင်ပုန်း ကိုယ်တိုင်ကလည်း လိုလိုလားလားပင် သူတို့နှစ်ယောက်အား အလည်အပတ်လိုက်ရန် ဖိတ်ခေါ်လာခဲ့ခြင်းဖြစ်သည်။

ထိုသို့ဖြင့် သူငယ်သုံးယောက်သားလျှောက်လာကြရာ ချီတန်မြို့အဝင်သို့ ရောက်လာကြသည်။

★

www.burmeseclassic.com

## အခန်း ( ၂၆ )

မြို့ဇင်တံခါးပေါက်ဝတွင်တော့—

'ဟော့ကောင် သစ္စာဖောက် ချောင်ပုန်း၊ မင်း မြို့ထဲကို လုံးဝ
ာင်နဲ့'

'မင်း ဒီက ပြန်လှည့်သွားပါ'

ရုတ်တရက် ထိုအသံကြောင့်—

'ဗျာ—'

ချောင်ပုန်း၏နှုတ်မှ 'ဗျာ' ဟူသော အသံနှင့်အတူ....
သုံးယောက်လုံး ခြေလှမ်းများ တန့်ခနဲ ဖြစ်သွားမိလေ၏။
နောက်မှ ချောင်ပုန်းက အေးဆေးသောအသံဖြင့် ရှင်းပြ
သည်။



'အစ်ကိုတို့ အထင်မှားနေပြီ၊ ကျွန်တော်ဟာ ချီဘန်ပြည်သားပါ၊ သစ္စာဖောက်မဟုတ်ပါဘူး၊ ကျွန်တော့် မှာ ဘယ်လိုမှ အပြစ်မရှိနိုင်ဘူး'

လက်နက်များနှင့် သူ့ အားထားဆီးထားသူအား ရှင်းလင်းပြောဆိုလိုက်၏။

'အို—မင်း ဘာမှ လာပြီးရှင်းပြမနေနဲ့၊ သစ္စာဖောက်ကို ဖမ်းကြစမ်း'

အကြီးအကဲဟု ထင်ရသော အစောင့်လူကြီးက အမိန့်ခမ်းလိုက်သည်။

အခြေအနေက သူတို့ ထင်ထားသလိုမဟုတ်ဘဲ ဆိုးဆိုးရွားရွား ဖောက်ပြန်ပြောင်းလဲလာသည်။

'အားလုံး လွတ်အောင် ပြေးကြ'

ချောင်ပုန်းက အော်ဟစ် သတိပေးလိုက်ရသည်။

လက်နက်ကိုယ်စီဖြင့် ချီတန်ပြည်မှ ဘုရင်၏ တပ်မှူးကြီး အရကြမ်း ထွက်လိုက်လာကြသဖြင့် သုံးယောက်သားမှာ လွတ်ရာလွတ်ကြောင်း ခြေကုန်သုတ် ထွက်ပြေးရလေတော့၏။

သူတို့နောက်သို့ လိုက်လာသော ချီဘန်တပ်သားများလည်း သူတို့၏ နယ်နိမိတ်ကို ကျော်လွန်၍ အခြားနယ်နိမိတ်တစ်ခုထဲသို့ ဝင်မလိုက်လာတော့။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌မှပင်....

သူတို့သုံးယောက်သည် ယမင်းဆောင်၌ ခမာပန်းအမျိုးကို အနားယူရင်း....

'စိတ်ဓာတ်မကျပါနဲ့ အစ်ကိုချောင်ဖုန်းရာ၊ ချီဘန်ဘုရင်က အထင်အမြင် လွဲမှားပြီး လက်မခံရှာတော့ ဘာဖြစ်သေးသလဲ၊ တာလီပြည်ကို လိုက်ခဲ့ပေါ့'

ထိုနေရာကျမှ စိတ်ဓာတ်ကျနေသော ချောင်ဖုန်းအား....

တာ့မ်မင်းသားလေးက အကျိုးအကြောင်းကို သေချာစွာ ပြောဆိုရှင်းပြလျက် တာလီပြည်သို့လိုက်ရန် ဖိတ်ခေါ်လိုက်၏။

'ဟုတ်သားပဲ အစ်ကိုချောင်ဖုန်းရာ၊ ဘုရင်ကြီး စိတ်မပြေခင်မှာ တာလီပြည်မှာ ခဏလောက် သွားခိုလှုံနေလိုက်ရင်လဲ ပြီးတာပဲ'

တကယ်တော့ ချောင်ဖုန်းအတွက် ဆုံးဖြတ်ရခက်လှပါ၏။

ကျီးယောင်ဆောင်သော ဒေါင်းတစ်ကောင်လို ဖြစ်နေမည့် သူ့ဘဝအား ဘယ်လိုမှ ရှင်းပြလို့ နားလည်နိုင်မည် မဟုတ်ပေ။

တာ့မ်မင်းသားလေးက ချောင်ဖုန်းအား ထပ်မံ ပြောဆိုလိုက်သည်။



'ယမင်းဓာတောင်ကြားကို ကျော်လိုက်ရင် တာလီပြည် ကိုရောက်ပြီပဲ၊ မဝေးတော့ပါဘူး အစ်ကိုရာ၊ ခဏပဲဖြစ်ဖြစ် လိုက်ခဲ့ပါ'

နောက်ဆုံး—

သူတို့ ပြောဆိုသည့်အတိုင်း ချီဘန်ပြည်က အထင်အမြင် လွဲမှား၍ လက်သင့်မခံ ဖြစ်နေသဖြင့် တာလီပြည်သို့လိုက်ရန် ဆုံးဖြတ်လိုက်လေသည်။

★

www.burmeseclassic.com

www.burmeseclassic.com



ပြည့်က လက်မခံဘူးဆိုတာ အင်မတန် ရိုင်းပျစော်ကားတဲ့ အပြုအမူသာ ဖြစ်တယ်၊ သူ့ကို ဘာကြောင့် လက်မခံတာလဲ'

စက်ချေပြီး

တွမ်မင်းသားတလေးနှင့် ပါလာသည့်တိုင်အောင် ဓာလီ ဆခင်က ချောင်ပုန်းအပေါ် လက်မခံနိုင်ဟု ငြင်းဆိုနေမေ သည်။

'ချီစာန်ပြည်သား သူလျှိုတွေကို တိုင်းရေးပြည်ရေး အခြေ အနေ မငြိမ်သက်မှုကြောင့် လက်မခံရဘူးလို ဘုရင်ကြီးကိုယ် တိုင် အမိန့်ထုတ်ထားလို့ပါပဲ၊ ဘုရင့်အမိန့်ကို ဆန့်ကျင်ခွင့်မရှိ ပါဘူး အဆင်မင်းသား'

တွမ်မင်းသားလေး ဘယ်လိုမှ မတတ်နိုင်တော့။

ချောင်ပုန်းဘာဏ်က ရပ်တည်ချင်သော်လည်း ဘုရင့်အာဏာ ကို ဆန့်ကျင်ဖီဆန်ရာကျမှာ စိုးသဖြင့် တာလီပြည် ထပ်မှူး အမိန့်အတိုင်း နောက်ဆုတ်လိုက်ရတော့သည်။

× × ×

အခန်း ( ၂၇ )

တာလီမြို့သို့အဝင်....

'အဆင်မင်းသားနဲ့ ပါလာတဲ့ ချီစာန်ပြည်သားကို လုံးဝ လက်မခံပါဘူး'

'ဘယ်လို....လက်မခံဘူး ဟုတ်လား၊ သူဟာ ကျွန်တော် သူငယ်ချင်းပဲ၊ ညီအစ်ကိုလိုနေလာတဲ့ လူအစ်ယောက်ကို တာလီ

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်စလုံးမှာ လမ်းခုလတ်၌ရှိသော ယမင်းတောင်ခြေသို့ စိတ်မောတ်ကျစွာ ပြန်လည် ထွက်ခွာလာခဲ့ကြလေတော့သည်။

ချီတန်ဘုရင်ကလည်း စစ်ဆင်မခံ။

တာလီပြည်ကလည်း အဝင်မခံသောကြောင့် ချောင်ဖုန်းဘဝမှာ လမ်း၌ နေထိုင်ရမည့်လိုပင် ဖြစ်နေမိသည်။

လိပ်ကြူးနှင့် မင်းသားဘဝမှာ အေးဆေးတည်ငြိမ်စွာ ဖြစ်နေသော်လည်း ညီအစ်ကိုရင်းပမာ သံယောဇဉ်တွယ်ခဲ့မိသူ ချောင်ဖုန်းအတွက် ကြေကွဲစွာ ခံစားနေရသည်။

'မင်းတို့မှာ အချိန်ကုန်ရင် ပြန်စရာနေရာ ရှိပါသေးတယ်ကွာ၊ ငါ့မှာတော့ တာလီပြည်မကလဲ လက်မခံ၊ ချီတန်ဘုရင်လဲ သစ္စာဖောက်လို့ စွပ်စွဲနေတော့ ငါ့ဘဝဟာ လမ်းပေါ်မှာပဲ ရှေ့ဆက်နေရတော့မှာလား'

အားလုံးက စိတ်မကောင်း ဖြစ်မိကြသည်။

သူများဘဝအား ပြဿနာအားလုံး ပြေလည်အောင် ဖြေရှင်းပေးနိုင်သော်လည်း ကိုယ့်ဘဝအတွက် ဖြေရှင်း၍ပင် မဖြစ်နိုင်တော့။



အကယ်၍သာ တွမ်မင်းသားကလေးက ထိုပြဿနာကို ချောင်ဖုန်းအား ကျေးဇူးသိတတ်သောအားဖြင့် ဖြေရှင်းပေးလျှင် တာလီပြည်၌ ကွန်းခိုရမည် မဟုတ်ပါလော။

ခုတော့လည်း ယမင်းတောင်ကြား၌ သုံးယောက်သား လျှောက်နေကြလေတော့သည်။

ပြီးပါပြီ။

ရဲဝင်းအောင်

www.burmeseclassic.com